http://www.dhammadownload.com

နမော တဿ ဗုဒ္ဓ ဝိရုဋ္ဌ၊

ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်

# ဝေါဟာရနှင့်ဓမ္မအမြင်

[လေခရာသိကထာ]



နတ်တလူသာသနာပြုအသင်းမှစီစဉ်ထုတ်ဝေသည်

ကျေးဇူးရှင်မဟာဗောဓိမြိုင်ဆရာတော် ● ဝေါဟာရနှင့်ဓမ္မအမြင် (လေခရာသိကထာ)

ကျေးဇူးတော်ရှင်

မဟာဗောဓိမြိုင်ဆရာတော်

သောင်းပြောင်းထွေလာ ရေးစရာ လူ့ရွာသူ့စကား
စကားတစ်ခွန်း သူ့အညွှန်း ရည်ညွှန်းအမှုထား
စကားနောက်မှာ တရားပါ လားရာသုတများ

ဝေါဟာရနှင့်ဓမ္မအမြင်

[လေခရာသိကထာ]



နေ့စဉ်သုံး စကားလုံးပေါင်းများစွာကို ဓမ္မရှုထောင့်မှဖွင့်ဆိုရှင်းပြထားသည်

2005 Graphic Designed By Aike Moon

http://www.dhammadownload.com

# နတ်တလူသာသနာပြုအသင်း

## နတ်တလူစာစဉ် - ၂၀

ရန်ကုန်ဖြန့်ချိရေး

သုဝဏ္ဏသျှမ်
သာသနာပြုစာစဉ်
၇၄၊ သာယာအေးလမ်း။
၃-ရပ်ကွက်၊ မရမ်းကုန်း။ ရန်ကုန်
ဖုန်း - ၆၆၀၆၇၀

http://www.dhammadownload.com

ပထမအကြိမ်

၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့် (မွေးစကြာနေ့)

၂၀၀၅ ခုနှစ်၊ ဇူလိုင်

| | | |
|---:|:---:|:---|
| စာမူခွင့်ပြုချက်အမှတ် | - | ၂၃၁/၂၀၀၄ (၄) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၂၀ ၃၃၁ ဝ၅ဝ၆ |
| အုပ်ရေ | - | ၁၀၀၀ |
| မျက်နှာဖုံး | - | အိုက်မွန်း |
| တစ် | - | 'ဝံ' ကွန်ပျူတာ၊ ၁၂၈၊ ၃၄လမ်း။ |
| အတွင်းဖလင် | - | AZ |
| စာအုပ်ချုပ် | - | ကိုတင်အေး (လှိုင်စာအုပ်ချုပ်) |
| အဖွင့်ဓာတ်ပုံ | - | ခင်မောင်သန်း (နတ်တလူ) |

---

ထုတ်ဝေသူ

ဦးခင်မောင်သန်း၊ (မြ-ဝ၃၇၃၉) နတ်တလူစာပေ၊

ရန်ကြီးအောင်ရပ်၊ ဒီးကုန်းမြို့။ ထန်းတပင်စာတိုက်၊ စစ်ကိုင်းတိုင်း။

---

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဦးဇော်မြင့်ဝင်း၊ ကာလာဇုံအော့ပ်ဆက်

အမှတ်-၁၈၄(ဘီ)၊ ၃၁-လမ်း၊ ရန်ကုန်မြို့။

---

အကျိုးဆောင်

အောင်ကျော်စံ

တန်ဖိုး 1000

[illegible]

http://www.dhammadownload.com

နမော တဿ ဗုဒ္ဓ ဝိရညု

ကျေးဇူးတော်ရှင်

မဟာဗောဓိမြိုင်ဆရာတော်

# ဝေါဟာရနှင့်ဓမ္မအမြင်

(လေခရာသိကထာ)

နတ်တလှူသာသနာပြုအသင်းမှ

စီ စဉ် ထုတ် ဝေ သည်။

http://www.dhammadownload.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

ဥပဒေဘောင်တွင်း နေထိုင်ခြင်း
အေးရန်ကင်းကွာ ပြည်သာယာ။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်



http://www.dhammadownload.com

http://www.dhammadownload.com

## ကျေးဇူးတော်ရှင် မဟာစောဓိမြိုင်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ထုတ်ပြန်တော်မူသော ဝါဆိုတော်မူရာ ဒေသ အညွှန်း

| စဉ် | ခုနှစ် | ဌာန | ဝါဆိုနေရာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၃၄၁ | ရန်ကုန် | သာသနာ့ဗိမာန် | ရဟန်းဖြစ်စနှစ် |
| ၂ | ၁၃၄၂ | သာစည် | ရွှေကျောင်းကုန်းတောင် | တောထွက်စနှစ် |
| ၃ | ၁၃၄၃ | ဝင်းကျိုက် | ဝင်းကျိုက်တောင် | |
| ၄ | ၁၃၄၄ | ဝင်းကျိုက် | မင်းတစ်ရွာတစ်ပါးတောင် | သုံးဝါ |
| ၅ | ၁၃၄၅ | ဝင်းကျိုက် | ကျောက်စမောက်ရှ | |
| ၆ | ၁၃၄၆ | ဖူးကြီး | သံသုမာရတောင် | နှစ်ဝါ |
| ၇ | ၁၃၄၇ | ဖူးကြီး | သံသုမာရတောင် | |
| ၈ | ၁၃၄၈ | စစ်ကိုင်း | အရှေ့ပရဏ္ဍမချောင် | နှစ်ဝါ |
| ၉ | ၁၃၄၉ | စစ်ကိုင်း | အရှေ့ပရဏ္ဍမချောင် | |
| ၁၀ | ၁၃၅၀ | သာစည် | ရွှေကျောင်းကုန်း | |
| ၁၁ | ၁၃၅၁ | သာစည် | ရွှေကျောင်းကုန်း | သုံးဝါ |
| ၁၂ | ၁၃၅၂ | သာစည် | ရွှေကျောင်းကုန်း | |
| ၁၃ | ၁၃၅၃ | ပျဉ်းမနား | လက်လုပ်တောင် | |
| ၁၄ | ၁၃၅၄ | ပျဉ်းမနား | လက်လုပ်တောင် | သုံးဝါ |
| ၁၅ | ၁၃၅၅ | ပျဉ်းမနား | လက်လုပ်တောင် | |
| ၁၆ | ၁၃၅၆ | သုဝဏ္ဏသုံ | ဘုန်းတော်ပြည့်တောင် | သုံးဝါ |
| ၁၇ | ၁၃၅၇ | သုဝဏ္ဏသုံ | မဟာစောဓိမြိုင် | (ရှမ်းပြည်နယ် |
| ၁၈ | ၁၃၅၈ | သုဝဏ္ဏသုံ | မဟာစောဓိမြိုင် | မိုင်းပျဉ်း) |
| ၁၉ | ၁၃၅၉ | ဓာတီမြေ | နတ်တလု | တစ်ဝါ |
| ၂၀ | ၁၃၆၀ | မြင်ဦးလှိုင် | ဝေဒလ္လ | တစ်ဝါ (ဒီးဒုတ်ဒုဋ္ဌာအနီး) |
| ၂၁ | ၁၃၆၁ | ဂန့်ဂေါ | မဇ္ဈိမ ဓမ္မဓောနိရှ | တစ်ဝါ (လယ်ဓမ္မအနီး) |
| ၂၂ | ၁၃၆၂ | ဂန့်ဂေါ | မောဓနေယျတော | (ကောအးရွာအနီး) |

http://www.dhammadownload.com

## ဆေတ္တ သိတင်းသုံးခဲ့ဖူးသော နေရာများ

| စဉ် | ခုနှစ် | ဌာန | ဝါဆိုနေရာ | မှတ်ချက် |
|---|---|---|---|---|
| (က) | ၁၃၄၃ | ဖင်းကျိုက် | ရသေ့မဂူ | သုံးလခန့် |
| (ခ) | ၁၃၄၅ | ဖင်းကျိုက် | ဖရုံညှာစခန်း | တစ်လ (ပန်းကုန်းရွာအနီး) |
| (ဂ) | ၁၃၄၉ | မိတ္ထီလာ | တောင်စဉ် | တစ်လ |
| (ဃ) | ၁၃၅၀ | ကျောက်ဆည် | ကျောက်ထီးတောင် | နှစ်လ |
| (င) | ၁၃၅၁ | ပုလဲ | ဝါးသုံးရုံစခန်း | ၇၂-ရက် |

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ● | အဖွင့်နိဒါန်း | (က) |
| ၁။ | ထူးခြား | ၁ |
| ၂။ | တော်ဝင် | ၄ |
| ၃။ | ဘက် | ၇ |
| ၄။ | တင်းမာ | ၁၀ |
| ၅။ | ဆင်ခြင် | ၁၃ |
| ၆။ | သုံးသပ် | ၁၆ |
| ၇။ | သယ်ပိုး | ၁၉ |
| ၈။ | ထင်ပေါ် | ၂၂ |
| ၉။ | အတိုင်းအဆ | ၂၅ |
| ၁၀။ | စဉ်းစား | ၂၈ |
| ၁၁။ | အသုံးအနှုန်း | ၃၁ |
| ၁၂။ | ဆုံးဖြတ် | ၃၄ |
| ၁၃။ | ထိမိ | ၃၇ |
| ၁၄။ | ကောက်ကွေး | ၄၀ |
| ၁၅။ | အတိုင်းအရှည် | ၄၅ |
| ၁၆။ | ဆူပူ | ၄၈ |
| ၁၇။ | လွတ်လပ် | ၅၁ |
| ၁၈။ | မချင့်မရဲ | ၅၆ |
| ၁၉။ | ကျေးရှူး | ၆၁ |

http://www.dhammadownload.com


| | | |
|---|---|---|
| ၂၀။ | အားကြိုးမာန်တက် | ၆၆ |
| ၂၁။ | နှမြော | ၇၁ |
| ၂၂။ | ကျေအေး | ၇၆ |
| ၂၃။ | လှည့်ဖြား | ၈၁ |
| ၂၄။ | ထင်ရှား | ၈၆ |
| ၂၅။ | အဆီအနှစ် | ၉၂ |
| ၂၆။ | ဝိပြင် | ၉၇ |
| ၂၇။ | တော်တည့် | ၁၀၃ |
| ၂၈။ | မှန်ကန် | ၁၀၆ |
| ၂၉။ | စွဲညစ် | ၁၀၉ |
| ၃၀။ | မရမနေ | ၁၁၂ |
| ၃၁။ | စွဲနှစ် | ၁၁၅ |
| ၃၂။ | မသက်မသာ | ၁၁၈ |
| ၃၃။ | စောင် | ၁၂၁ |
| ၃၄။ | ချစ် | ၁၂၄ |
| ၃၅။ | သေ | ၁၂၈ |
| ၃၆။ | ကြောက် | ၁၃၂ |
| ၃၇။ | တမလွန် | ၁၃၆ |
| ၃၈။ | သက်ညှာ | ၁၄၀ |
| ၃၉။ | မသိမသာ | ၁၄၃ |

http://www.dhammadownload.com

၄၀။ ပုန်းလျှိုးကွယ်လျှိုး ၁၄၆
၄၁။ မသိလိုက် မသိပါ ၁၄၉
၄၂။ ပျိုမြစ် ၁၅၃
၄၃။ ရောင့်ရဲ ၁၅၆
၄၄။ အပျက်အစီး ၁၅၉
၄၅။ အကြွမ်းအရမ်း ၁၆၂
၄၆။ တုံ့ပြန် ၁၉၅
၄၇။ အလွဲအချော် ၁၇၀
၄၈။ မတူမတန် ၁၇၅
၄၉။ သဲသဲကွဲကွဲ ၁၈၁
● စကားဆုံး နိဂုံးပါစေမြဲ ၁၈၇

http://www.dhammadownload.com

# အစီရင်ခံလွှာ

ယခုထုတ်ဝေလိုက်သော "ဝေါဟာရနှင့် ဓမ္မအမြင်"(လေခရာသိကထာ)မှာ ပေါ်ပြူလာဂျာနယ်တွင် ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်ဦးပိုင်းအထိ ဖော်ပြခဲ့သမျှတို့ကို စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။ ပေါ်ပြူလာဂျာနယ်ထုတ်ဝေနေ့စွဲအတိုင်း ခေါင်းစဉ်ငယ်များကို ရှေ့နောက်အစဉ်လိုက်တင်ပြထားပါသည်။ သို့ပါ၍ မဟာဗောဓိမြိုင်ဆရာတော်၏ ခေါင်းစဉ်ငယ်တစ်ခုချင်း၏စာပြီး နေ့စွဲများ အစဉ်လိုက်မဖြစ်တော့သည်ကို နားလည်ခွင့်လွှတ်စေလိုပါသည်။

ကျွန်ုပ်တို့၏နေ့စဉ်သုံးစကားလုံးဝေါဟာရများ၏အနက်အဓိပ္ပာယ်ကို ဓမ္မရှုထောင့်မှ ဖွင့်ထားသည်မှာ တစ်မျိုးတစ်ဘာသာဆန်းသစ်နေသဖြင့် စာပေပညာရှင်များ၊ သုတေသီများပင် ပေါ်ပြူလာဂျာနယ်ကို တကူးတက စောင့်ဖတ်၊ ရှာဖတ်ခဲ့ရသည်ဟု ကြားသိခဲ့ရပါသည်။ သို့ပါ၍ ဆရာတော်ကြီး၏ လေခရာသိကထာစာစုကို ထည့်သွင်းဖော်ပြပေးခဲ့သော ပေါ်ပြူလာဂျာနယ်စာတည်းအဖွဲ့ကိုလည်း အထူးကျေးဇူးတင်ပါကြောင်း ဖော်ပြလိုပါသည်။

ဤစာအုပ်တွင် ချွတ်ချော်မှားယွင်းမှု တစ်စုံတစ်ရာပါရှိခဲ့သော် ကျွန်တော်များမှာသာ တာဝန်ရှိပါကြောင်း ကြိုတင်ဝန်ခံအသိပေးအပ်ပါသည်။

လေးစားစွာဖြင့်
စီစဉ်သူများ
နတ်တလုစာစဉ်

http://www.dhammadownload.com

[က]

# နမော တဿ ဗုဒ္ဓ ဝိရုဠှ

*ဉာဏာသဘ ဒဿနံ ဈာဒံ အနန္တ ဂုဏသာဂိကံ*
*ကာရုညံ သဗ္ဗယံဗုဒ္ဓံ ဝန္ဒာမိ သိရသာဗဟံ*

ဉာဏာသဘဒဿနံ – ဉာဏ်မြင်အလင်း သဘာဝတည်းဟူသော လက်ရင်းကို၊ ဈာဒံ – လက်တွေ့ကျကျ သင်ပို့ချတတ်ပါသော၊ အနန္တ ဂုဏသာဂိကံ – အနန္တဂုဏ်အင်၏.ပိုင်ရှင်လည်း ဖြစ်တော်မူပါသော၊ သဗ္ဗကာရုညံ – သတ္တဝါခပင်း အမှားအယွင်းများအပေါ် သနားခြင်းလည်း ကြီးတော်မူပါသော၊ ယံဗုဒ္ဓံ – ဒေ ယျငါးတန် တရားမှန်ကို ကေန်လျှင် ထိုးထွင်း သိ သိတော်မူမြင်တော်မူပါသော အရှင်မြတ်ဘုရားကို၊ အဟံ ဝနဝါသီထေရ မဟာ – ဝနဝါသီ တောမှီလေ့ ပျော်မွေ့လေ့ရှိသော၊ ဒေ ယျမွေ့သာမိ ခေါ်ဝေါ် အကျွန်ုပ်တောထွက် တောပျော်ကြီးသည်၊ သိရသာ – ဉကျောင်း မြေချ ထိပ်ဦးဝဖြင့်၊ ဝန္ဒာမိ – အရှင့်ဂုဏ်ကို ကြည်ယုံထပ်ထပ် အသိမှတ် လျက် အလေးအမြတ်ပြုပါ၏ အရှင်မြတ်ဘုရား … ။

## စကားနောက်က တရား မကြားသူရှိ ကြားသူရှိ။

စကားဟူသည် ကထာဟူသော ပါဠိမှလာသော မြန်မာမှုဖြစ်၏။ ကထာကား ပြောကြားခြင်းပင်တည်း။

ထိုပြောကြားခြင်းနှင့် ကြားခြင်းတို့သည် လေအဟုန်ခိုလှိုလျက်က ထွက်ထွက်သွားကြချေရာ ရေလှိုင်း၏ လှိုင်းကြက်သည် ကားပြီးနောက်

http://www.dhammadownload.com



ပြန်လည်စုလာသေးသော်လည်း ထိုပြောခြင်း ကြားခြင်းများကား စပြီး နောက် ကားကျယ်သွားသည်ချည်းဖြစ်သောကြောင့် စကားဟူ၍ပင် အက္ခရာနှစ်လုံး(တစ်လုံးအဓိပ္ပာယ်တစ်ခုကျ)ကိုင်ဆောင်လျက်က ပညတ် ချက်တင်ထားရချေ၏။

ထိုစကားသည် အာရုံတစ်ခု ဝတ္ထုတစ်ခုရှိ သဘာဝတရားများကို ကိုယ့်ထိရှိ ကြံစည်ခြင်း – ဝိတက်၊ သုံးသပ်ခြင်း – ဝိစာရ၊ ဈာန်ဓာတ်ဖြင့် ပတ်ပတ်နပ်နပ် ခံစားအပ် မှတ်သားအပ်ရာမှချည်း ထွက်ပေါ်လာရာ...

စကားတစ်လုံးသည် တရားတစ်ပုဒ်ပင် ဖြစ်ချေမည်။

စကားတစ်ခွန်းလည်း ဝတ္ထုတစ်ပုဒ်ပင် ဖြစ်ချေမည်။

တစ်ခါက စွန်းလွန်းဆရာတော်ဘုရားကြီး ကိစ္စတော်တစ်ခုအပြီး ရွာထဲသို့ဖြတ်ဝင်လေရာ မာတုဂါမတစ်ဦးက တစ်ဖက် မာတုဂါမ၏ သရုပ် အပုပ်ချ၊ ထိုတစ်ဖက်ကလည်း သည်ဘက် မာတုဂါမ၏ အထုပ် အဟုတ် ဖြေချ၊ သူတို့၏ မာန ဒေါသ သဘာဝတရား၏ တိုင်းတံများဖြင့် တိုင်း လျက် ထွာလျက်က ရန်မက်ဖြစ်ပွားနေကြပါသည်ကို ပြောသမျှ စကား ထား ကြားသွားတော်မူ၏။

ထိုအခါ စွန်းလွန်းဆရာတော်ဘုရားကြီးသည် နှာခေါင်းလည်း ရှုံ့ တော်မမူ ခေါင်းလည်း ငုံ့တော်မမူချေ။

"ဟဲ့ ... ဟဲ့ ... ဟိုမှာ တရားဟောနေလိုက်ကြတာ မောနေကြပြီ ကွဲ့ ... သွား ... သွား ... ငှက်ပျောသီးများ အမောပြေ ပေးလိုက်ကြစမ်း"

ဤသို့ပင် နောက်ပါဒါယကာများအား တိုက်တွန်းတော်မူသည် ဆို၏။

http://www.dhammadownload.com



စကားအောက်မှာ တရားပါနေသည်ကို မြင်တော်မူသွားသော ကြောင့်။

စကားအတွင်းမှာ တရားရင်းပါနေသည်ကို မြင်တော်မူသွားသော ကြောင့် ... ။

စကားသည် သူ့ရှိ ဓာတိသရုပ် ဖော်ထုတ်ပြရာ ကိရိယာဖြစ်နေ သောကြောင့်တည်း။ စကားသည် သူ့ရှိသဘောထား တစ်ဖက်အား နား လည်ရန် နားတော်သွင်းကိရိယာဖြစ်နေသောကြောင့်တည်း။

ထိုထိုသော စကားတို့ကို ဤဒွိ သဘာဝသတ္တိဖော်လှန်ကြည့် ဉာဏ်အမြင်ဖြင့် ထင်လင်းပြသထား၏။

ကောင်းသောအရာလည်း ပါ၏။ မကောင်းသောအရာလည်း ပါ၏။

သုတဖြစ်ရုံလည်း ပါ၏၊ ဖောက်သည်ချရုံလည်း ပါ၏။

လေခရာသိဟူသည် စာပေမှတ်စုဟူ၍ ဆိုထားသည့်အတိုင်း မှတ် စရာအဖုံဖုံ အမျိုးစုံပင် ပါဝင်နေပေလိမ့်မည်။ အရှုးလွယ်အိတ်ပမာတည်း။

ဤစာပေမှတ်စုကို သင်လေ့လာခြင်းဖြင့် သင့်ဉာဏ်အတွင်း အလင်းများ ကျရောက်လာလျှင် ဤစာစဉ်သည် သင့်အတွက် ဖြည့်ကွက် တစ်ခုဟူ၍ သဘောထားပါလေ။ သို့တစေလည်း ဤစာစဉ်သည် သင့်အား ပေါ်ရာထား၊ ဝေါဟာရစကား သင်ကြားပေးနေသည်ကား မဟုတ်ချေ။

၁၃၆၀ ပြည့်၊ ဝါဆိုလဆန်း (၈)ရက်နေ့
ဝေဒလ္လ၊ ဒီးဒုတ်တောင်စခန်း
(ပြင်ဦးလွင်)

http://www.dhammadownload.com

http://www.dhammadownload.com

## ၁။ ထူးခြား

ဘာမဆို ထူးလာလျှင် ဆန်းလာတတ်ရကား အားလုံးသည်ပင် အားလုံးနှင့် ခြားသွားတော့သည်သာ။

မိုးကုတ်တောင်မှ ကျောက်တကာ့ ကျောက်အားလုံးတွင် ပတ္တမြား ကျောက်သည် အထူးဖြစ်၍ သာမန်ကျောက်များနှင့် မရော မထား သီးခြား။

ကချင်တောင်တန်းဆီမှ ကျောက်တကာ့ ကျောက်အားလုံးတို့တွင်လည်း ကျောက်စိမ်းသည် အထူးဖြစ်၍ သာမန်ကျောက်များနှင့် မရော မထား သီးခြား။

အရည်ဝင် အရောင်ပြလျှင်ဖြင့် သာမညနှင့် ဝိသေသကား စည်းခြားထားပြီ မဟုတ်လော။ လူတို့တွင်လည်း ...

အချို့ သီလခေါ် ကိုယ် နှုတ် နှလုံး သုံးပါးလုံး စောင့်စည်းမှု ကိုယ်ကျင့်သိက္ခာဒ္ဒ ထူးနေတတ်၏။

http://www.dhammadownload.com



အချို့ စာဂခေါ် ကိုယ်ပိုင်ထင်ပစ္စည်းများကို စွန့်လွှတ်ပေးကမ်းမှု ဒါန၌ ထူးခြားနေတတ်၏။

အချို့ကား ကာမခေါ် မိမိ၌ ခင်မင်ခြင်း၊ သူတစ်ပါးတို့အပေါ်၌ ခင်မင်ခြင်း၊ မိမိနှင့် သူတစ်ပါးအကြား အာရုံပြုထားရာတို့၌ ခင်မင်ခြင်း သုံးခုတို့၌ ထူးခြားနေတတ်လှချေ၏။

မည်သည့်အထူးမဆို ...

ထူးပဟေဠိကတည်းက အများထက်လွန်၍ အညွန့်တက်လာပြီ ဖြစ်ရာ ကိုယ်နှုတ်အမှုအရာများကလည်း ပန်းပမာအလား ဆန်းပြား၍ နေချေပြီ။ သူတကာတို့နှင့်ဆက်ဆံမှုများကလည်း ပန်းသီးပမာ ဆန်းပြား လျက်ကသာ။ ထိုတွင် ...

သီလဖြင့်ထူး၍ အမှုအရာဆန်းပြား စောင့်စည်းမှုအား ခြားနားနေ ချေသော် လူလျှင်မက နတ်မျှလည်း မတော်၊ ဗြဟ္မာသို့တိုင် ကျော်၍ကြား တော့သည်ဖြစ်ရာ လူအလုံး နတ်အလုံး ဗြဟ္မာအလုံး အုံးအုံးကျွတ်ကျွတ် တစ်ခဲနက် မှီခိုကြမည်ပင်။

စာဂဖြင့် ထူး၍ အမှုအရာဆန်းပြား ရက်ရောမှုအား ခြားနားနေ ချေသော် လူကလည်း ခင်၊ နတ်ကလည်း ချစ်၊ လူ့ဘုံ နတ်ဘုံတို့၏ အချစ် တော်ဖြစ်တော့ရာ လူတကာဝင်ထွက် နတ်တကာက ဆက်ဆံကြမည်ပင်။

အကယ်တိတိ ...

ကာမဖြင့် ထူးသဖြင့် ကာမဘီလူး ပူးသောကြောင့် အရှုးတစ်ပိုင်း၊ အမူးတစ်ပိုင်း မှန်ရစ်ပိုင်းအား ခြားနားနေခဲ့လျှင်ကား ကာမလိုက်စား ကာလသားကာလသမီးများလောက်ကသာ အညှီတုံး ယင်မမည်းယောင်း

http://www.dhammadownload.com



လုံးသည့်ပမာ စုရုံးလာကြတော့မည်သာ။ အပုပ်ကြား ယင်မှတစ်ပါး ခွေးများပင် မသွား။

အို ကာမဘုံဖွား လောကီသားတို့ ...

သင်တို့သည်လည်း သူများထက်ထူး၍ အများ၏ခြားခြင်း နားခြင်းကို ခံယူလိုကြပါလျှင် ...

ကောင်းသတင်းဖြင့်ထူး၍ မကောင်းခင်းမှာ ခြားကြပါလေကုန်။

ကောင်းသတင်းဖြင့် ထူး၍ ကောင်းတစ်သင်း၏ နားသက်ခြင်းကို ခံယူကြပါကုန်။

အကယ်တိတိ ...

အပုပ်နံ့ထွက်စေသော အထူးတို့ဖြင့် သူတကာ အနံ့ကူးစေသော် အကောင်းဘက်၏ စည်းခြားခံရပြီး မကောင်းဘက်၏ နားသက်ခြင်းကို လှလှကြီး ခံရတော့မည်ဖြစ်ရာ မသေခင် အရင်ပုပ်၊ သေလျှင်ကား ခွေးပင် နှောက်ဆုတ်ခံရတော့မည် ဟရို့။

ဒေါက်တာ ကုမာရ (မဟာဝိဇ္ဇာ ပြည်သူ့ အရေးရေး ပထမ) ဝေဒလ္လာ။
[၄ – ၆ – ၂၀၀၂ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၂။ တော်ဝင်

အခံနှင့် အကျ အရွယ်အစားက ညီမျှနေသော် အနေတော် အဖော် ဝင်တော့သည်။

အရည်အချင်းနှင့် အလုပ် သရုပ်ညီမျှနေသော် အရည်ပေါ် အရာ တော်ဝင်တော့သည်။

တော်ဟူသော စကားသည် အနေတော်ကိုလည်း ညွှန်း၏၊ အမျိုး တော်ကိုလည်း ညွှန်း၏။ အလုပ်တော်ကိုလည်း ညွှန်း၏။

မည်သည့်တော်ဖြစ်စေ ... ဝင်နိုင် ထွက်နိုင်ခြင်း၊ ဝင်ဆံ့ခြင်း၊ အရာ ဝင်ခြင်းစသည် အဝင်ကိုချည်း ဆက်လက်ညွှန်းတော့လေရာ သင့်အဖို့ တော်အောင် ကြိုး၍ တိုးအောင်ကြံခြင်းကိုသာ အားကိုးရာ၏။

ထိုတော်အားလုံးတို့တွင် ပညာရေးရာ၊ စီးပွားရေးရာ၊ လူမှုရေး ရာများ၌ တော်ဝင်ခြင်းကား လူလောကတစ်လွှား အထင်အရှားပင်မဟုတ် လော။

http://www.dhammadownload.com



ပညာအရာ၌ တော်လျှင် ပညာရှင်အသိုင်းအဝိုင်းများ၌ ဝင်ဆံ့နေပါသည်။

စီးပွားရှာဖွေရာ၌ တော်လျှင် စီးပွားရေးသမားလောက၌ ဝင်ဆံ့လျက်ရှိနေ သည်။

သမိုးဖက် သားမက်တော်လျှင် ယောက္ခမအိမ်ပေါ်ဝယ် ဝင်ဆံ့လျက်က ရှိနေပါသည်။

အကယ်၍များ ... ဤမှာဘက်ရှိ ဝီရိယ၊ သတိ၊ အသိများနှင့်၊ ဟိုမှာဘက်ရှိ သီလ သမာဓိ ပညာများကို လင်မယားအရာ ပေးစားထားပါလျှင်ကား သင့်အဖို့ မဂ်လမ်းဖိုလ်လမ်းမှတစ်ဆင့် နိဗ္ဗာန်နန်းကြီးအထိ ဝင်ဆံ့သွားနိုင်ပါပြီ။

အားလုံးပင် တော်ချင်ကြ၏။ တော်လျှင် ဝင်၊ ခင်လျှင် ထွက်နိုင်သောကြောင့်။ သို့သော် တော်အောင်ကား မကြိုးစားကြပါချေ။

တော်အောင် ကြိုးစားနေပါသည် ဆိုစေဦး။ ထိုအတော်သည် တော်စွ လျော်စွအမည်ရသော မဖြစ်စလောက်သာ။

သဒ္ဓါမတင်းသော တော်လိုခြင်း တော်ဝင်နန်းတွင်း မဝင်ထိုက်။

ဆန္ဒမပြင်းသော တော်လိုခြင်း တော်ဝင်နန်းတွင်း မဝင်ထိုက်။

ဝီရိယမတင်းသော တော်လိုခြင်း တော်ဝင်နန်းတွင်း မဝင်ထိုက်။

သူလို ကိုယ်လိုမျှ လုပ်သောသူ၊ သူ့လောက် ကိုယ့်လောက်မျှ ရသောကြောင့်။ သူများထက် ထူးအောင် ပြုကျင့်သောသူသည် သူများထက် ထူးချွန်လာ၏။ ယနေ့ သူ့လောကနှင့်သူ တော်ဝင်ပန်းဆိုက် နန်းထိုက်နေသူမှန်သမျှ သူများထက် ထူး။ သူများထက် ဦးနေကြသူများချည်းသာ။

http://www.dhammadownload.com



ကာမဘုံဖွား လောကသားတို့ ...

သင်တို့သည် မည်သည့်အရာ၌ တော်ဝင်နန်းထိုက်ဖြစ်လိုကြ သနည်း။

ကဓော် တော်ဝင်လော၊ ကတော် တော်ဝင်လော၊ မဟော်တော် ဝင်လော။

ကဓော်တော်ဝင်ဖြစ်လိုသော် အရက်သမားမိတ်တော် အရက်ဆိုင် ပေါ် ပျော်ကြလေ။

ကတော် တော်ဝင်ဖြစ်လိုသော် အရာရှိလင်တော် အရာရှိခေါ်ရာ လိုက်ကြလေ။

မဟော်တော်ဝင်ဖြစ်လိုသော် မြတ်စိတ်ကိုဖော် ပညာတော်အောင် ကြိုးစားလေ။

ဒုဗိုဝ ပြည့်၊ ဝါခေါင်လဆန်း (၁၀)၊ ဝေဠုဝ။
[၁၁ – ၆ – ၂၀၀၂ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၃။ ဘက်

ငါတို့သည် သူတို့ဘက်ကနေ ကြည့်သော် သူတို့၏ယှဉ်ဘက်ဖြစ်နေချေပြီ။

သူတို့သည်လည်း ငါတို့ဘက်ကနေ ကြည့်က ငါတို့၏ယှဉ်ဘက်ဖြစ်နေသည်သာ။

ထိုယှဉ်ခြင်းသည် မိတ်ဖက်အားဖြင့်လည်း ယှဉ်၏၊ ရန်ဘက်အားဖြင့်လည်း ယှဉ်၏၊ မည်သည့်အယှဉ်ဖြစ်စေ ယှဉ်မိလျှင် ပြိုင်မိပြီသာ။

မိတ်ဘက်အပြိုင်၌ စေတနာသဒ္ဓါ မေတ္တာအားများ ပြိုင်ခြင်းတည်း။

ရန်ဘက်အပြိုင်၌ကား မာန၊ ဒေါသ၊ အာဃာတအားများ ပြိုင်ခြင်းတည်း။

တစ်ဖက်နှင့် တစ်ဖက် စိတ်လွှတ်ပို့ထားခြင်း၊ ယုံခြင်း၊ တန်းတူထားခြင်းဖြင့် အားပြိုင်နေကြလေသော ထိုမိတ်ဖက်တို့သည် တစ်ဦးနှင့်တစ်ဦး ပိုင်လိုခြင်း၊ ကိုင်လိုခြင်း၊ အနိုင်လိုခြင်းများကား အလျဉ်းမပါကြ။

http://www.dhammadownload.com



သို့တစ်စေလည်း အားသာရာ အားပါမြဲအတိုင်း အားကြီးရာဘက်သို့ ကျန်တစ်ဖက်လဲကျသွားခြင်းကား ဖြစ်မြဲတံထွာ ဓမ္မတာ၊ ထိုဖြစ်ခြင်းကား စမ်းရေ၏ သန်ရာထဲ ဖက်ရွက်ခြောက်ကလေးများ ဝဲပါသွားသည့် ပမာသာ။

ရန်ဘက်တို့ကား ထိုနှင့်ပြောင်းပြန်သာ။

တစ်ဦးအပေါ် တစ်ဦး အနိုင်ရလိုမှု ရှေ့သွားပြုလျက်ကလည်း တု ဖက်ကြလေကုန်၏။

တစ်ဦးအပေါ် တစ်ဦး ကိုင်လိုမှုများကား နင့်မှလား ငါ့မှလားသာ။

တစ်ဦးနှင့် တစ်ဦး ရင်ဆိုင်လိုမှုများကလည်း လာခဲ့ လာခဲ့၊ စမ်းချင်ရာ စမ်းလှည့်ချည်းသာ။

သို့တစေလည်း အားနာရာ အားကွာမြဲအတိုင်း အားနည်းရာဘက်သို့ ကျန်တစ်ဖက် တက်စီးမိသွားခြင်းကား ဖြစ်မြဲတံထွာ ဓမ္မတာ။ ထိုဖြစ်ခြင်းမှာကား ဖက်ရွက်ခြောက်တောအတွင်း မီးပြင်းကြီး ချဉ်းနင်းသွားသည့် ပမာသာ။

မည်သည့်ဘက်မဟူ ဘက်ခွဲလျှင် ဘက်ကွဲမည်ကား ဧကန်။

ဘက်အားလုံးတို့တွင် မိမိတစ်ဦးထီးတည်း ကိလေသာနှင့် စိတ်ချိတ်မိနေရာမှ လူစိတ်နှင့် တိရစ္ဆာန်တို့ ဘက်စွဲနေခြင်းက ပို၍အထိနာစေသည်။

မိတ်ဖက်နှင့် တွေ့ ကိလေဖွေ့ ဓလေ့လူထုံး ရှုံးရှော့မည်။

ရန်ဘက်နှင့် တွေ့ ကိလေဖွေ့ ကောင်းမွေ့လူထုံး ဆုံးတော့သည်။

ယနေ့ကိလေသာထန်သဖြင့် စိတ်မမှန်လာခြင်းများသည် တိရစ္ဆာန်

http://www.dhammadownload.com



ဘဝ၏ အလေ့ကျပေါက်များက ဝင်ရောက်နေရာယူသွားသောကြောင့် ချည်းတည်း။

ကာမဘုံဖွား လောကီသားအပေါင်းတို့ ...

သင်တို့သည် ...

မိတ်ချင်းဆံ အစံဘက် အကြိုထွက်နေကြလေသလော။

ရန်ချင်းပြန် အထန်ဘက် အကြိုထွက်နေကြလေသလော။

မည်သည့်ဘက်ဖြင့် ဘက်ထား ပျက်ပြားသွားသည်မှာ လူစိတ်ချည်းဖြစ်သမို့ ရမ္မက်၏အစွဲ ဘက်ပို့ကိုလည်းကောင်း၊ အမျက်၏ အခွဲဘက်တို့ကိုလည်းကောင်း နှစ်ရှိုစပါး ရေမအောင် မိုးမအောင်အလား ရှောင်ရှားကြပါလေကုန်။

၁၃၆၀ ပြည့်၊ တော်သလင်းလပြည့်ကျော် (၈)၊ စနေနေ့။

[၁၈ – ၆ – ၂၀၀၂ ထုတ် ဝေါပြုလာကျနယ်]

http://www.dhammadownload.com

## ၄။ တင်းမာ

အတင်းသည် မာကျောခြင်းကို တာဝန်ခံ၏။

မာကျောနေလျှင် အတင်းဒဏ်ခံနေရပြီကို အတပ်သိနိုင်သည်။

လောကရှိ သက်ရှိများတွင်သော်လည်းကောင်း၊ သက်မဲ့များတွင်သော်လည်းကောင်း မာကျောနေသောအရာကို မျက်စိဖြင့်ဖြစ်စေ၊ နားဖြင့်ဖြစ်စေ၊ နှာခေါင်းဖြင့်ဖြစ်စေ၊ လျှာဖြင့်ဖြစ်စေ၊ အင်္ဂါခြေလက် ကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ခုခုဖြင့် ဖြစ်စေ၊ တွေ့ထိဖမ်းကပ် ဆင်ခြင်သုံးသပ်၍ တွေ့ရသော် ထိုမာကျောနေခြင်းကား တောင့်တင်းမှု၏ ပယောဂကြောင့်ချည်းသာ။

ဓာတ်သဘာဝအရ ဝေဖန်ရသော် ...

မြေဓာတ် ရေဓာတ်သည် အိမ်ရှင်အရာ၌တည်ပြီး အနိုးဓာတ် အမှတ်ဓာတ်နှစ်မျိုးက ဧည့်သည်အရာ၌ တည်ကြ၏။

သက်ရှိ၌ အသားစသည့် အစိုင်အခဲဝတ္ထုများနှင့် အသွေးစသော အရည်ပျော်ဝတ္ထုများက အိမ်ရှင်အရာတည်၏။

http://www.dhammadownload.com



သက်မဲ့၌ကား မြေကျောက်အသားစသည်များနှင့် အစေးစသော အရည်ဓာတ်များသည် အိမ်ရှင်အရာ တည်ကြရာ၏။ ထိုစဉ် ...

ပြင်ပလေ အတွင်းလေတို့က သယ်ဆောင်လာကြသော အခိုး ဓာတ်များက ပြင်းထန်သော တင်းအားများဖြင့် တအားမှုတ်သွင်းခြင်းကို ခံလိုက်ရလေသောအခါ ...

ရေကို မြေက စုပ်ယူထားသောကြောင့် မာကျောသွားတော့သည်။ တစ်ဖန် အခိုးနှင့် လေတို့ အားပြေသွားတော့သောအခါ မြေကိုရေက တိုက်စားသွားတော့ရာ မာကျောခြင်းမှာ ပျော့ညံ့ခြင်းသို့ ပြောင်းလဲသွား စေတော့သည်။

ထိုသဘာဝကို ...

သက်မဲ့၌ နေကိုလေသယ်လာရာမှ တင်းမာခြင်းကိုဖြစ်စေပြီး သက်ရှိများ၌ကား ကိလေသာကို စိတ်သယ်ဆောင်လာရာမှ တင်းမာခြင်း ကိုဖြစ်စေ၏။ ကိလေခိုးဝယ် ကြံရည်ဖန်ရည်များက အသက်၊ ရာဂမာန် ဒေါသမာန်များလည်း ဝင့်ထည်လာကြခြင်းကြောင့် ...

ရာဂမာန် ဒေါသမာန်သည် အရွယ်ကိုမှီ၍ မုန်ရည်ဖြင့်တင်း၍ ထုံ ရည်ဖြင့် မာ၏။

အရွယ်သည်ကား သွေးသားကိုမှီ၍ ရာဂမာန် ဒေါသမာန်ဖြင့် တင်း ၍ ကိလေသာဒဏ်ဖြင့် မာ၏။

ထိုအတင်း၏ အမာသည် တစ်ဖက်၏ မာကျောသော ခုခံအားကို ခံလိုက်ရသောအခါ အမာမှ အနာ၊ တစ်ဖန် အနာမှ အပြီ၊ နောက်ဆုံး ကွဲပျက်ရသည်သာ။

http://www.dhammadownload.com



ကာမဘုံဖွား အိုလူသားတို့ ...

သင်တို့သည် တင်းတိုင်းလည်း မမာကြပါကုန်လင့်။ အကယ်တိတိ တင်းတိုင်း မာ၊ လာတိုင်း တိုက်၊ စွာတိုင်းလျှင် မိုက်နေကြပါသော် တစ်နေ့ အရွယ်မကုန်မီ တက်ကျိုး၊ လောကအလယ် ရှက်စနိုးနှင့် သေမည့်ရက်ကို လက်ချိုး လက်ချိုး၍ အခက်မိုးကြီး ရွာကြရပေလိမ့်မည်ဟာရို့ ... ။

ဒုဗိဝ ပြည်၊ ဓါးဆိုလပြည်ကျော် (၇)၊ ဝေရွှေး
[ ၂၅ - ၆ - ၂၀၀၂ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၅။ ဆင်ခြင်

ဆင်သည် အကြံကြီးသော်လည်း ခြင်ကဲ့သို့ ရုတ်ချည်းထိုးမဖြစ်။

ခြင်သည် ရုတ်ချည်း ထိုးတတ်သော်မှလည်း ဆင်ကဲ့သို့ အကြံမရှိရှာ။

အကယ်တိတိ ... ဆင်နှင့် ခြင် အတူပေါင်းလျက်က ကြံလည်းကြံ၊ ထိုးလည်း ထိုး။ တိုးလည်း တိုး။ တိုက်လည်း တိုက် အလိုက်ညီနေကြသော် ခံရသူ မည်သို့ရှိရှိမ့်နည်း။။

ဆင်ခြင်ခြင်းသည် တစ်ဖက်သားကို အကျိုးများ မများ အသားပေး၏။

ဆင်ခြင်ခြင်းသည် မိမိကိုလည်း အကျိုးများ မများ စည်းသားပေး၏။

သင်သည် ဆင်ကဲ့သို့ကား ကြံ၏။ သို့သော် ခြင်ကဲ့သို့ကား သွားရောက်မနှံ့မိသေး။။

နတ်တာလုစာစဉ်

http://www.dhammadownload.com



သည်သို့သော သူတစ်ပါးကြားတိုး ဆင်ကြဲကြဲနည်းမျိုးနှင့်မျှဆို တစ်ဖက်လူ မျက်လုံးလှူပ်ရုံမှတစ်ပါး အခြားဘာမျှထိနိုက်စရာမရှိ။

သင်မှာလည်း နံကြေးမှ ဒဏ်ကြေးတပ် ကံကြွေးဆပ်စရာလည်း မလို။

အကယ်တိတိ ဆင်ကြဲက အထန်တိုး အနင်းအထိုးများအထိ လှည့်မိသော် တစ်ဖက်လူလည်း ဘဝပျက်အသက်သေ၊ မသေသော် မလှတပ အကျိုးနည်းရပြီ။သင့်မှာလည်းပျက်ဖိုးပေါ် အသက်ဖိုးလောင်း အကြောင်း မလှဖြစ်ရမည်။

ဆင်သည် ခြင်ကဲ့သို့ မပျံသာ၊ ခံစရာရှိ ခံဖို့ရာသာပင်။

ခြင်သည် ဆင်ကဲ့သို့မဟုတ်၊ ရုတ်ခြည်း ပျံနိုင်သွားနိုင်၏။ အစွယ်ကောင်းသော်မှလည်း ဆင်နှာမောင်းပမာ တစ်ချောင်းထိုးတည်းသာ။ ဆင်ကြီးဆင်ထန်နည်းဖြင့်လည်း သူတကာ ရန်မလုပ် သွေးစုပ်ရုံမျှသာ။ သွေးစုပ်မည့်ကြိ အသံပေး၊ မဟာနိသေး ပျံပြေး ပြေးသည်သာ ... ။

သို့ကြောင့် ...

ယနေ့ ခြင်ထိုး၍သေသောမသာ တစ်နေရာမှ ရှာမတွေ့သေး။ ခြင်စုပ် ကုတ်ရုံသာ၊ ခြင်စား ယားရုံသာ၊ ခြင်လိုသလို ခွင့်ပြု အဖုပင်ပေါ် မလာ။

ခြင်သည် ဆင်ကဲ့သို့ မထန်ရှာ၊ ခံစရာရှိ ခံသာသည်သာပင်။

ယနေ့ လူ့လောကကြီး သူ့အသည်းကိုယ်ထိုး ကိုယ့်အသည်း သူထိုး၊ ဆင့်အကြံမျိုး ခြင့်အနံ့မျိုးတို့ဖြင့် ထိုးတစ်ပြန် နံတစ်လှည့် အချင်းချင်း ရိုနေ ရိုစေကြလေရာ ...

http://www.dhammadownload.com



ကိုယ်ထန်သဖြင့် သူ့ကိုထိုး သူကျိုးနည်း၍ ကိုယ်ကျိုးလည်း မပြီး စေပြီ။

သူနှံ့သဖြင့် ကိုယ်ကခံ၊ ကိုယ်လည်း ဒဏ်မိ သူလည်းပဲ တန်ပြန်ထိ တော့သည်။

အကယ်၍များ လူသားအချင်းချင်း ခရီးသွားဖော်စိတ်ရင်းသွင်း၍ ဆင်ဖိုနှင့် ဆင်မ၊ ခြင်ဖိုနှင့် ခြင်မအလား ရန်စွယ် မာန်စွယ် ဖယ်ထား၊ ကရုဏာနှာမောင်းလေးများလောက်ဖြင့်သာ ထုတ်ကစားကြလေသော် သားမယုင်း၊ သွေးမယို စိုရှဲလေးမျှဖြင့် ပြီးနိုင်သည်။ ကိုယ်မကြေ စိတ် မညှိုး နီးရှဲလေးမျှဖြင့် ပြီးနိုင်သည်။

ကာမဘုံဖွား အို လူသားများတို့ ...

သင်တို့သည် အစွယ်မာန်အားကိုး လှန်ထိုး ထိုးရန်လည်း မကြံစည် ကြပါကုန်လင့်။

အပျံမာန်အားကိုး နှံ့ထိုး ထိုးရန်လည်း မကြိုးစားချင်ကြပါကုန်လင့်။

သက်တမ်းတို လူ့ဘဝ တစ်ခဏမျှ တွေ့ရဆုံရဆဲ။

ကိုယ့်အစွယ် ကိုယ်ချုပ်၊ ကိုယ့်နှာမောင်း ကိုယ်ကုပ်လျက်က မဟုတ်လည်း မတုံ့ပြန်၊ ဟုတ်လည်း ငုံ့ခံ၊ အပါယ်ဆန် အပြန်လှရန်သာ ဟန်ပြင်ကြပါစို့။

၁၃၆၀ ပြည့်၊ ဝါခေါင်လဆန်း (၉)၊ ဝေဠုဝ။

[၂-၇-၂၀၀၂ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၆။ သုံးသပ်

အသုံးတည့်လျှင် လက်သပ်မွေး၊ အိမ်ပေါ်တင်၍ပင် ကျွေးထားမည်။

အသုံးချပြီးကို စိတ်မှာကပ် စိတ်ချင်းပွတ်သပ်မေး၊ မြှိုထားသမျှ အန်ထုတ်ပေးလိမ့်မည်။

လူတို့သည် ...

သုံးသပ်ခြင်းကိစ္စကို အသုံးတည့်သည်ဖြစ်စေ၊ မတည့်သည်ဖြစ်စေ မိမိစိတ်တွင်းဝယ် လက်သပ်မွေး အဖက်ပေးထားရာ၌ သုံးရိုးပြုလေ့ရှိကြ၏။

အသုံးတည့်လျှင် လက်သပ်မွေးရန်တည်း။

စီးပွားရေးသမားက စီးပွားရေးကိစ္စကို သုံးသပ်၏။ နိုင်ငံရေးသမားက နိုင်ငံရေးကိစ္စကို သုံးသပ်၏။ သည့်အတူ ဘာသာရေးသမား၊ လူမှုရေး

http://www.dhammadownload.com



သမား စသည်များမှသည် သမီးရည်းစားရေးသမားအထိ မိမိစိတ်ဝင်စားရာ ကိစ္စရပ် သုံးသပ်လျက်ကချည်းသာ။

မသုံးဘဲ သပ်သည်လည်း မရှိ၊ မသပ်ဘဲ သုံးသည်လည်းမရှိပြီ။ သုံးပြီး သပ်၊ သပ်ပြီးလျှင်လည်း သုံးတော့သည်သာဖြစ်ခြင်းကြောင့်တည်း။ သုံးပြီး သတ်သည်ကား လုယက်ရေးသမား၊ သတ်ပြီး သုံးသည်ကား ကြက်ဝက်များသာ။

ထိုသုံးသပ်မှုအားလုံးတို့၌ပင် အသိဉာဏ်ကို သုံးပေး၊ သတိကိုသာ လက်သပ်မွေးတတ်လျှင် ကိုယ့်ဖို့ချည်းသာ။

အကယ်တိတိ ...

အစွဲသန်အသိကို သုံးလျက်က သတိမဖက် အာရုံဘက်ချည်း လက်သပ်မွေးနေလျှင်ကား အာရုံရှင် အကြိုက်ကျ သင့်ဘက်က လိုက်ရမည်သာ။

အာရုံကို လက်သပ်မွေးက ကြွေးတင်မည်။

သတိကို လက်သပ်မွေးမှ ကြွေးဖျင်မည်။

ယနေ့ မိမိကိုယ် မိမိ ဘဝ၏ ကျေးကျွန်အစစ် ဖြစ်နေခြင်းသည် ဘာ့ကြောင့်နည်း။

ယနေ့ သူတစ်ပါးအလိုကျ ကာမ ကျေးကျွန်ဖြစ်နေခြင်းကလည်း ဘာ့ကြောင့်နည်း။

စင်စစ် ... အာရုံတို့အကြား မှတ်ချက်ဝင် သတိမထား၊ မှတ်တမ်းဝင် အသိမပွားဘဲ ခံစားနေသမျှ အတွေ့နောက် အမွေ တောက်လျှောက်

http://www.dhammadownload.com



ပါသွားသောကြောင့်လည်းကောင်း။ အမေ့နောက် အမွေ့တောက်လျှောက် ပါသွားသောကြောင့်လည်းကောင်း ...

ယနေ့ လူသားအရှင် ဘုရင်ဖြစ်နေသော်မှလည်း တိုင်းပြည်တွင်ကား ဘုရင်တစ်ပါး။ မယားရှေ့ရောက် ပြားပြားမှောက်ရမည်။

အကယ်တိတိ ... သေခါနီး အာရုံမှားချ် တိရစ္ဆာန်တို့အကြား ရောက်သွားလျှင် တောတွင်းနေ နိုင်ရာစားဘဝ၊ ရွာတွင်းနေ ပိုင်ရာစား ဘဝ လှလှကြီးရောက်တော့သည်။

ကာမဘုံဖွား လောကသားများတို့ ... သင်တို့သည် သုံးသပ်ခြင်း ဖြင့်ပင် အချိန်ကုန်လိုကြပါသလော။

အကယ်တိတိ ... သုံးသပ်ခြင်းဖြင့် အချိန်ကုန်ကြပါလျှင် သင်တို့၏ ဘဝကား နေ၍လည်း မကောင်း။ သေ၍လည်း မကောင်း၊ ဘဝရေစီး ကြောင်း အခေါင်းမပါ အလောင်းဗလာဖြင့်ပင် မျောရချေတော့မည်ဟာရို့။

ဒုဗိဝ ပြည်မှ၊ ဝါခေါင်လဆန်း (၁၁)၊ ဝေဌွား
[၉ - ၇ - ၂၀၀၂ ထုတ် ပေါ်ပြူလာဂျာနယ်]

နတ်တာလူစာစဥ်

http://www.dhammadownload.com

## ၇။ သယ်ပိုး

စိတ်ပစ္စည်း ဖြန့်ဖြူးလိုသူသည် ယင်းစိတ်ပစ္စည်းကို သယ်ပိုးလာရမည်။

ရုပ်ပစ္စည်းဖြန့်ဖြူးလိုသူကလည်း ထိုရုပ်ပစ္စည်းကိုလျှင် သယ်ပိုးလာရသည်။

လူ့လောကအတွင်းရှိ ... ရောဂါသည်၊ ဒုက္ခသည်၊ တံငါသည် စသည့် အသည်မျိုးစုံ အဖုံဖုံတို့သည် မိမိတို့လောကတွင်း လှည့်လည်ရှာဖွေရင်းက ရရှိလာကြသော စိတ်ပစ္စည်း ရုပ်ပစ္စည်းများကို အများသို့ ခွဲဝေဖြန့်ဖြူးပေးလျက်က ချည်းသာ။

စိတ်ရောဂါသည်က မိမိလက်ဝယ်ရရှိထားသော ဒုက္ခဝေဒနာများစွာကို ထမ်းပိုးထားရသည်မှာ မခံနိုင်လွန်းလှ၍ နီးစပ်ရာ ဖွင့်ဟ အမိအရဖြန့်ဝေသည်။ ကိုယ်ရောဂါသည်ကလည်း မိမိသိမ်းထားသော ဒုက္ခဝေဒနာမရွှသိုးသိုး ထမ်းပိုးထားရသည်မှာ မတတ်နိုင်လွန်းလှ၍ လက်လှမ်းမီရာ အရောက်သွား ဖောက်ကားနေသည်သာ။

နတ်တလုတစင်

http://www.dhammadownload.com



ထိုနှစ်ဦးစလုံး အမြတ်ရရန်အတွက်မဟုတ် သက်သာရာရရန်ကို သာ။ စိတ်ဒုက္ခသည် ကိုယ်ဒုက္ခသည်တို့၏ ဗို့ကုန်သည်လည်း ထိုနည်း လည်းကောင်းသာ။ စိတ်ပိုးကား နွမ်း။ ကိုယ်ပိုးကား ပမ်း။ ပရမ်းပတာ ဖြစ်ပေါ်လာသောကြောင့် ...

လူတို့သည်ဝမ်းသာစရာကိုလည်း စိတ်တွင်းဝယ် သိုသိပ်မထားနိုင်၊ ဝမ်းသာလွန်းအားကြီးလေ စိတ်ဝယ်အဖိစီးခံရလေဖြစ်ခြင်းကြောင့် ...

ဝမ်းနည်းစရာကိုလည်း စိတ်အတွင်းသိပ် ဖိနှိပ်၍ မထားနိုင်၊ ဝမ်း နည်းမှု ပြင်းထန်လေ ရင်တွင်းဆောင့်ကန်လေဖြစ်ခြင်းကြောင့် ...

ထိုအခါထိုဝေဒနာသက်သာလိုသက်သာငြား တစ်ယောက်ယောက် ဆီ ဖောက်သည်ချရမြဲချည်းသာ။ ထိုဖောက်သည်ကား ချင့်စာသနား ကိုယ်ချင်းစာထားပေးလိုက်သော် စိတ်အေး၍ ရင်ချောင် သက်သာယောင် ခံစားသွားရသည်သာ။

အကယ်တိတိ ...

ထိုဖောက်သည်က ကိုယ့်အဆို ကိုယ့်လိုမမြင် မင်းမဆင်ခြင်လို့ ကြမ္မာဝင်သည်ဟူ၍ အင်တင်တင် ရန်လုပ် ပုတ်ချလိုက်လေလျှင်ကား ထို ဒုက္ခသည်၏ ထမ်းပိုးကျိုးဖို့သာ ပြင်ကြလေ။

ကာမဘုံဖွား အို အသည်သမားများတို့ ...

သင်တို့သည် မည်သည့်အရာကို သယ်၍ မည်သည့်အရာကို ပိုး ထားကြရလေသနည်း။ အကယ်တိတိ ... သီတင်းသည်၊ ဥပုသ်သည်၊ ကုန်သည်စသည့် ကိုယ့်ကောင်းကျိုး သူ့ကောင်းကျိုး သယ်ခဲ့ပိုးခဲ့ပါလျှင် ကား တော်သေး၏။

http://www.dhammadownload.com



သို့မဟုတ်ပါဘဲ စိတ်ရောဂါ ကိုယ်ရောဂါ သယ်ပိုး၊ သူတကာ အကြား လိုက်လံတိုးနေပါမှုကား ဟိုသူက နှာခေါင်းရှုံ့၊ သည်သူက နှာခေါင်းရှုံ့၊ ခေါင်းငုံ့ရှောင်သူ ရှောင်၊ ခေါင်းထောင်ပြသူက ပြနှင့် အစစ ဘာကမှအဆင်မပြေ လင်နေမယားထားအကြား နူနာသည် လမ်းသလား သည့်နှယ် အပယ်ခံ အနှယ်ခံဘဝ လှလှကြီးရောက်သွားကြမည်၊ သတိရှိကြပါလေကုန်။

ဘုမိဝ ပြည့်၊ တော်သလင်းလပြည့်ကျော် (၉)၊ ဝေဒနာ။
[၃၀ – ၇ – ၂၀၀၂ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

# ၈။ ထင်ပေါ်

ကိုယ်လှုပ်ထင်ရှား နှုတ်ထင်ရှားလာက အတွင်းသားသဘော ပေါ်လောကြီး ပေါ်နေပြီ။

သံသယဝင် အထင်ကပ်လေရာကို တစ်စေ့တစ်စောင်း ချောင်းမြောင်းကြည့်သူရှိ ပေါ်တော့သည်။ ထင်ဟူသောစကားသည် ထင်မြင်ခြင်း၊ ထင်ရှားခြင်းတွင် မြစ်ဖျားခံလေရာ မည်သည့်ထင်ဖြစ်စေ မြင်ပါများ လုံးလုံးလျားလျား ပေါ်လွင်လာရတော့သည်သာ။

လူတို့၌ ရှိသောအကျင့်သိက္ခာများသည် မှန်လမ်းသို့ သွားနေသူလည်းရှိ၏၊ မှားခန်းသို့ ဝင်နေသူလည်းရှိ၏။ ထိုတွင် ...

မှန်လမ်းပေါ်သို့ ထီးတည်းသွားနေသူက လူဖမ်းမည်ကိုကြောက်လေ့ရှိ၏။

မှားခန်းထဲသို့ ဝင်ပုန်းနေသူကလည်း ရဲဖမ်းမည်ကို ကြောက်လေ့ရှိ၏။

http://www.dhammadownload.com



လူဖမ်းလည်း အလုပ်ပျက်၊ ရဲဖမ်းလည်း အလုပ်ပျက် ရှေ့မဆက်နိုင်ကြသောကြောင့်တည်း။

မှန်လမ်းပေါ်သို့ ထီးထီးမားမား ခရီးသွားနေသူသည် အပူကင်း၍ စင်းလုံးချော အေးမြနေချေရာ မြင်မြင်တိုင်းသော ဒုက္ခသည်တို့က ရွှေပါ မှန်းသိ အသိလုပ်သည်ပမာ ကပ်ရောက်၍ ယင်းတို့ဒုက္ခ ဖောက်သည်ချ ကြလေတော့၏။ ဒုက္ခတောင်း ခေါင်းမှချ ထိုသူတို့ တပြုပြုလုပ်တိုင်း တိုင်း ပေးရ ထွာပေးရ ကြေးစငွေစချည်း ပေးနေရရာ ခများကြာသော် သူပါ ဒုက္ခဝယ်ပြီးဖြစ်နေတော့သဖြင့် သူ့ထံ၌ရှိအေးမြခြင်းသည်အနွေးစ၏ အစေး ထခြင်းကို ခံရချေတော့သည်။ ထင်ထင်ပေါ်ပေါ်သွားသောသူတို့ လူ အဖမ်းခံရခြင်းပင်တည်း။

တစ်ဖန် မှားခန်းတွင်းသို့ အတင်းစွတ်ထိုးလေသူလည်း အပူသုံး သဖြင့် မီးဟုန်းဟုန်းတောက်နေချေရာ တွေ့သူတိုင်းသော ဟင်းစားသမား များက မီးဖိုမြင် ဖုတ်ချင် ကင်ချင်ပမာ အတင်းပူး၍ ယင်းတို့ဒုက္ခ အန္တူး နိုင်းကြလေတော့၏။ သားတစ်ခဲ တွဲလွဲချ ထိုသူတို့ တပြုပြု ဆွတိုင်း ထပေး ရ၊ ဆွပေးရဖြင့် မီးရှိန်မီးတောက်ချည်း ဖောက်ဖောက်ပေးနေရရာ ခများ လည်း ကြာသော် သူပါ သားကင်မြည်းသမားကြီးဖြစ်သွားတော့သဖြင့် သူ့ထံ၌ရှိ မီးအိမ်မီးအရှိန်မသတ်နိုင်တော့ပြီ။ အထင်ခံသမားသို့ သူ့ထက် ရဲတင်းသူများ၏ အဖမ်းခံရခြင်းပင်တည်း။

အို ... ကာမဘုံဖွား လောကီသားအပေါင်းတို့ ... သင်တို့သည် အထင်ဖြင့် ထင်ရှားပေါ်လွင်ခြင်းကို အလိုမရှိကြပါကုန်လင့်။

http://www.dhammadownload.com



အထင်ခံသည် အထင်ကြီးသမားများ၏ သားကောင်ဖြစ်တတ်လှ ချေရာ ကြာသော် ကိုယ်သွားလမ်း မှားခန်းချည်း တိုးငှေ့နေရတော့သဖြင့်

ရှေ့တိုးလျှင်လည်း အမှား၊ နောက်ဆုတ်ပြန်သော် ကားရား၊ ရပ် နေပြန်မိသော် ဖားဖား ဖြစ်ကြရမည်ကို မဖြစ်ခင်က စဉ်းစား၍ ဖြစ်နေလျှင် ကွင်းသွား သွားတတ်ကြရမည်။

အကယ်တိတိ ... အထင်ပေါ် အပျော်ဖက် ဖော်လျက်ကချည်း ပြနေချေသော် သူလာ တတ္တိတ္တိ ငါလာ တတ္တိတ္တိဖြင့် တို့သမျှလိုက်ပါ သား တစ်ရာ သမီးတစ်ရာ ပိုက်ကာဖြင့်သာ တော်ကြာ လင်ခေါ်စရာမရှိဘဲ ဖြစ်သွားကြမည် ဟရို့။

ဒုဗိဝ ပြည့်ဖီး ဝါခေါင်လဆန်း (၁၁)၊ ဝေဒလ္လ။
[၆ – ၈ – ၂၀၀၂ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၉။ အတိုင်းအဆ

သူအတွင်းထား မှတ်သားစရာများကို ဉာဏ်အားဖြင့်ဖောက် အချိန်အဆ မထောက်က တိုင်းတိုင်းလည်း ခရီးမပေါက်၊ လိုရာလည်း မရောက်နိုင်။

အရှေ့အရပ်သို့ သတ်မှတ်တိုင်းထွာလိုသူသည် ဦးစွာ အရှေ့အရပ်က ဘယ်မှာ ဘယ်ဟာဟူ၍ ဉာဏ်အရှိန် ချိန်ဆပေးရသည် ပမာ၊ အရာဝတ္ထုတစ်ခု၏ အတွင်းသဏ္ဍာန်ရှိကို သိလိုရာ၌လည်း ချိန်ဆခြင်း၊ တွက်ဆခြင်း၊ မှန်းဆခြင်းများ ရှိရသည်သာ။

မှန်းဆခြင်းသည် မိမိသိလိုရာအတွက် ရှေ့ပြေးကင်းတည်း။

ချိန်ဆခြင်းသည် မိမိသိလိုရာအတွက် နေရာယူခြင်းတည်း။

တွက်ဆခြင်းသည် မိမိသိလိုရာအတွက် တိုက်ကွက်တည်း။

သို့မှသာ အတိုင်းသည် အနှိုင်းသို့ရောက်သဖြင့် ပေါက်သင့်သော ခရီး ပြီးစီးမည်။

နတ်တာရေစာစဉ်

http://www.dhammadownload.com



အတိုင်းသည် နှိုင်းယှဉ်ခြင်းသို့ရောက်ပါမူ မည်သို့သော လူစားမျိုးနှင့် ဆက်ဆံရစေကာမူ မချောမွေ့ အရာမှန်သမျှ ကျော်လွှားရပြီသာ။

တိုင်းကြည့်… ဤသူကား ဒေါသကြီးသမားဟူ၍ သိရ၏။ ထိုဒေါသကြီးသမား ဒေါသမီးများ မလောင်ကျွမ်းနိုင်သည့်အရာတို့ဖြင့် ခုခံတားဆီးပြီး ဆက်ဆံသော် ဒါမှ ငါ့ရဲ့ဘက်တော်ဟူ၍ ပြောယူရသည်အထိ ချောမွေ့သွားပြီ။

တိုင်းကြည့်… ဤသူကား လောဘအိုးလေးဟူ၍သိရ၏။ ထိုလောဘအိုးလေး အထက်ဆန် လျှံမကျအောင် မီးလျှော့ပေးထားလျှင် ဒါမှ ငါ မိတ်ဆွေကောင်း မိတ်စစ်ဟူ၍ ကျေသပ်ခံရသည်အထိ ချောမွေ့သွားပြီ။

သည့်အတူ အတိုင်းတွင် အဆသုံးမျိုးတို့ ပါဝင်စေပြီး ဘာလာလာ ဆင်လာ ဆင်စာကျွေး၊ ဆိတ်လာ ဆိတ်စာကျွေးတတ်က မာနကြီးသမားလည်း မကြီးသာ၊ ငါဖို့အမားလည်း ဘိုပြုတ်သဖြင့် သင့်တင့်စွာ ဆက်ဆံခွင့်ရတော့သည်သာ။

ပေကြိုးသည် သစ်သား၊ ပိတ်စများ၏အတိုအရှည်နှင့် နှိုင်းရာတည်း။

ဆခြင်းသည်လည်း လူသားတို့၏ စရိုက်ညှဉ်နှင့် နှိုင်းရာပင်တည်း။

ကာမဘုံဖွား လောကီသားအပေါင်းတို့ …

သင်တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်ဆံရလေတိုင်းတို့၌ပင် တိုင်းတော့ တိုင်းပါ၊ မထွာပါလေနှင့်။

အကယ်တိတိ …

နတ်တလူစာစဉ်

http://www.dhammadownload.com



အတိုင်းနောက် အဆာမပါ ဗလာဟာင်းလင်းအနိုင်းသို့ မဆင်းမိလျှင် အထွာကသာ ရောက်လာတတ်ပြီး ကိုယ်က ထွာတော့ သူက တိုင်း။ ကိုယ်က တိုင်းတော့ သူကထွာဖြင့် ကြာသော် အထွာများ နွာပြီ၊ အတိုင်းများ ဖွာကြဲသွားတော့ကာ နွာပြီနှင့် ဖွာကြဲ ရှာထဲပင် ထွက်မလည်ရဲဘဲ ဖြစ်ကြရတော့မည် ဟာရို့။

ဒုဗိဝ ပြည့်၊ တော်သလင်းလပြည့်ကျော် (၉)၊ ဝေဠုံး
[၁၃ – ၈– ၂၀၀၂ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၁၀။ စဉ်းစား

မနောသို့ထိ သဘောမျှသော စဉ်းငယ်အရှိကို စိတ်ဖြင့်ချဲ့ကား အပြန်ပြန် အလှန်လှန်ဝင်စားနေခြင်းသည် စဉ်းစား။

ထိုစဉ်းစားမှုကြီးသည် ...

ကောက်ကျစ်စဉ်းလဲ သူတစ်ပါးညှဉ်းဆဲကြောင်းသို့လည်း လမ်းကြောင်းပေးနေပါသည်။

ရိုးစင်းဖြောင့်စင်း သူတစ်ပါး ကယ်တင်ကြောင်းသို့လည်း လမ်းကြောင်းပေးနေပါသည်။

ထိုသို့ စဉ်းငယ်မျှ အမိတရား စိတ်ဖြင့်ချဲ့၍ ဝင်စားရာ၌ ...

အကြံသည် စည်ကားနေတတ်လှချေ၏။ ငွေလည်း မပေးရ၊ စိတ်တိုင်းကျလည်း ရနေသောကြောင့်တည်း။

အကြံသည် ကျန်လည်းနေရစ်တတ်သေး၏။ စိတ်ကူးတိုင်း ရုပ်မရောက်၊ ရုတ်တရက် ပျောက်ပျောက်သွားတတ်သောကြောင့်တည်း။

http://www.dhammadownload.com



အကြံသည် တွေ့ရင်း တွေးငေးနေတတ်သေး၏။ စိတ်ကူးဖြင့် ခေါ်မည်သူမှ့ အော်သံမကြားကြရသောကြောင့်တည်း။ သို့ကြောင့် ...

လူတို့၏ ကြံစည်စဉ်းစားခြင်း မှန်သမျှသည် စိတ်၏အကူးအခတ် ပေါင်း ထောင်လောက် သောင်းလောက်မှာမှ တစ်ခုမျှ အကြံအောင်မြင်လိုလျှင်ပင် ထိုသူ့အကြံ ဟန်ပြီဟု ဆိုရသည်။

ရံတစ်ခါ တစ်ညလုံးလုံး စဉ်းစားသော်မှ အရေးတော်မကျ ပျက်တတ်လှ၏။ ရှေ့စိတ် နောက်စိတ်ကချိတ် တိတ်တဆိတ် လိုက်လံဖျက်ဆီး ပစ်နေသောကြောင့်။

ရံတစ်ခါ ရက်ဆက်ထား စဉ်းစားသော်မှ အရေးတော်မလှ ပျောက်ရှတတ်၏။ သူ့စိတ်နှင့် ကိုယ့်စိတ်မတွေ့ စိတ်ကူးတိုင်း အလိုမပြည့်လှာသောကြောင့်။

စိတ်ကူးကား ရောက်ရာလှည့်မိနေတတ်သော်လည်း ...

ကိုယ်တွေ့ကား တွေ့တိုင်းဖမ်း လှမ်းတိုင်းလွတ် စွတ်မိ သွတ်မိ သည်မရှိတတ်။ စိတ်ကူးသည် မိမိတစ်ယောက်တည်း တစ်ဖက်သတ်ဖြစ်၏။ ကိုယ်တွေ့ဖြစ်ရပ်မှန်သည်ကား သူကပ် ကိုယ်ကပ် နှစ်ဖက်ကပ်ဖြင့် သူသတ် ကိုယ်သတ် နှစ်ဖက်သတ်ချည်းဖြစ်နေရာ သူကပ်က ကိုယ်ပတ်၊ သူသတ်က ကိုယ်သေ၊ ကိုယ်ပင်လျှင် မသာမြေရောက်ရတတ်ချေ၏။

ယနေ့ အကြံသမားတို့ ကျန်နေရစ်ခြင်းကား ဘာ့ကြောင့်နည်း။

ယနေ့ အကြံသမားတို့ အကြံချည်း ပလုံစီနေခြင်းကား ဘာ့ကြောင့်နည်း။

နတ်တလူစာစဉ်

http://www.dhammadownload.com



ယနေ့ အကြိုသမားတို့ အတွေးဖြင့်ခေါ် တစ်ဖက်ပေါ်မလာခြင်း ကား ဘာ့ကြောင့်နည်း။

အို ကာမဘုံဖွား လောကီသားများတို့ ...

သင်တို့သည် အစဉ်းကိုချည်း စားမနေကြပါကုန်လင့်။

သင်တို့လက်ထဲရှိ လူ့ဘဝသည် ...

အစဉ်းကိုစားခြင်းဖြင့် အသားပြည့်မလာနိုင်သည်ကို သတိပြုကြပါ လေ။

မိစ္ဆာဝိတက်ဆိုသော မကောင်းကြံဖြစ်စေ ...

သမ္မာဝိတက်ဆိုသော ကောင်းကြံပင် ဖြစ်စေ ...

အကြံသည် စိတ်ကူးမျှဖြစ်ရာ အကြံများသော် သိုး၊ စိတ်ကူးများ သော် ကျိုး။ ကြာသော် အသိုးစား အကျိုးသုံး လူဖြစ်ကျိုး လုံးလုံးမနစ် ဖြစ်ကြတော့မည် ဟာရို့။

၁၃၆၀ ပြည့်၊ ဝါဆိုလပြည့် (၁၃)၊ ဝေဒလ္လ။
[၂၀ – ၈ – ၂၀၀၂ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၁၁။ အသုံးအနှုန်း

ခေတ်ကို တီထွင်စမ်းသပ်လေ့ရှိသော ကာလသားသမီးများ၏ အသုံးသည် လူသားများအတွက် နှုန်းတစ်ဖွဲ့ ထုံးတစ်ဖွဲ့အဖြစ် တွင်ကျယ်ရစ်လေ့ရှိသည်။

ထိုသည့်အသုံး အဖြုန်းထိ နယ်လွန်သွားပါသော်ကား ဆန်ကို ပျာတီး အဖြုန်းချည်းကျန်သောအခါ လူစာအဖြစ် ရောက်မလာ၊ ကြက်စာဝက်စာအရာသို့ ရောက်ရလေသည်ပမာ လူမှာတွင် အရာဆုံး လူဖြုန်းလုံးလုံးဖြစ်တော့သည်။

အားလုံးသည် ခေတ်ဆန်လို၏။

သို့သော် ခေတ်အကြို မြှုံးလိုက်နေသဖြင့် ခေတ်စုန်သို့သာ သက်ကြရချေ၏။ သူတစ်ပါးတို့ တီထွင်ထုတ်လုပ်ထားပြီးသို့ သွားရောက်သုံးစွဲခြင်းသည် ...

ပေါ်ဦးပေါ်ဖျား သွားသုံးမိပါမှ ခေတ်မီရုံလေးသာ။

— နတ်တလုစာစဉ်

http://www.dhammadownload.com



အများသုံး၍ သွားသုံးပါမူကား ခေတ်နောက်လိုက်ဆိုရပေတော့မည်။

လက်ရှိကို ဆန့်၍တက် အသစ်အသစ် တီထွင်ချက်ကသာ ခေတ်ရှေ့ပြေး ဆိုရသည်။ ယနေ့ လေယာဉ်သည် ရှိပြီး ငါးကိုယ်နှင့် ငှက်တောင်ကို တုထားခြင်းမျှသာဖြစ်ရကား လေယာဉ်ကြီး မည်မျှခေတ်မီနေစေ ခေတ်နောက်လိုက်မျှသာ။

သည့်အတူပင်လျှင် သင်္ဘောသီးခြမ်း အတုယူထားသော သင်္ဘောကြီး၊ ပိုးနှံ့ကောင်သွားနည်းနှင့် ခွေးဖင်ပူးဆက် အတုယူထားသော မီးရထားကြီး စသည့် စသည့် ခေတ်ပေါ်အားလုံးတို့သည် ရှေ့ရှေ့ကို အတုမှီး တီထွင်မှုခရီး စီးလိုက်နေကြသည်ချည်းဖြစ်ရာ ထိုအားလုံးကိုသုံး ခေတ်မီလုံးလုံးမဖြစ်နိုင်။ ထိုအားလုံးကိုဖန် ခေတ်ဆန်သည်လည်း မဆိုသာနိုင်။ ထိုအားလုံးကိုမွေး ခေတ်ရှေ့ပြေးလည်း မဆိုနိုင်။

သီလဖြင့် အလှထွင် ထိုဆင်ယဉ်နှုန်း လူအများမသုံးဘူးသေးသောကြောင့် နှုန်းတစ်ဖွဲ့ ထုံးတစ်ဖွဲ့လည်း ဖြစ်လာနိုင်သည်။ ခေတ်ကိုလှန်ဆန်တက်လာသောကြောင့် ခေတ်ဆန်သူလည်း ဆိုနိုင်သည်။ အကယ်တိတိ ...

သမာဓိ၊ ပညာတို့ကို တီထွင်ကာ သဒ္ဒါရှိန် အချိန်မီဆိုက်ပြီး အကြိုက်မဖက် အမျက်မသိ ရမ္မက်ကိုဖြိုချထားသော အသုံးများဖြစ်လာပါမူကား ...

လောကသားတို့ မျက်စိကျ ခေတ်မီလှပသော ရတနာမှန်ဖြစ်လှာမည်။

နတ်တာလုစာစဉ်

http://www.dhammadownload.com



လောကသားတို့ အသုံးတော်ခံ ခေတ်ဆန်သော ရတနာမှန်ဖြစ်လာမည်။ လောကသားတိုင်း ကိုယ်ပူနှင့် စိတ်ပူ မည်သူမျှ ဒဏ်မခံနိုင်။ ထိုဒဏ်မခံနိုင်ခြင်းကြောင့်ပင် ကိုယ်ငြိမ်း၍ စိတ်အေးစေမည့်အရာကို လိုက်လံသုံးနှုန်းနေကြရ၏။ အဝေးမြင် အေးမည်ထင်ရသော်လည်း ထိုအားလုံး လက်ရမိ မရှိရသည်သာ။

ထိုသို့သော အအေးကြိုက် အလိုက်သန်လျက်ရှိသော ထိုလောကသားများအတွက် နီးနီးဝေးဝေး အအေးမပျက် ထာဝရအအေးခေတ်သက်လျက်ရှိသော ထိုခေတ်ဆန်ရတနာမျိုး ဆင်ယင်နှုန်းဖွဲ့ပါမူကား လောကသားတိုင်းက လက်ဖြန့်ခံ ခေတ်ဆန်ဆန် ရတနာမှန်များအဖြစ် လောကအလယ် စံထားကြမည်မှာ ဧကန်ပင်။

ဒုတိယ ဓမ္မ တော်သလင်းလပြည့်ကျော် (၁၄)၊
ပုံတောင်ပုံညာ သယ်မြေ။
[၂၇ - ၈ - ၂၀၀၂ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၁၂။ ဆုံးဖြတ်

အမှုတစ်ထုံး အပြီးအဆုံးထိ ဖြတ်တောက်ချနိုင်ခြင်းသည် အဆုံးဖြတ်။

အမှုတစ်ထုံး အဆုံးထိမသတ် ထပ်စေ ပတ်စေ သံသရာရှည်နေက အဆုံးဖြတ်မဟုတ်။

လောကီအစ ထိုထိုမှုတို့သည် …

ချစ်ကြိုက်မှု၊ မုန်းတီးရန်လိုမှု၊ မသိကျိုးကျွန်ပြုမှုများမှသည် ရာဇဝတ်မှု၊ တရားမမှုများအထိ ထိုမှုများသလောက် အမှားလိုက် အမှားဆိုက် သလောက် အမှုပေါ်၍ချည်းနေကြရာ အမှုမဖြစ်သောနေ့ အမှုမဖြစ်သော အချိန်ဟူ၍ မရှိချေ။

နှစ်ဖက်ထပ်ကြိုက်က ကိုက်၊ တစ်ဖက်သတ်ကြိုက်က ခိုက်၊ ဤမျှ သာ ကွာ၏။

နှစ်ဖက်မုန်းက လုံး၊ တစ်ဖက်မုန်းက နုံး၊ ဤမျှသာ ကွာ၏။

နတ်ထေလှုစေင်

http://www.dhammadownload.com



အမှုကား အမှုသာ။ အကြံဖြစ်နေလျှင်က မနှောထန် ကံမြောက်၊ အလှန်နှင့် အမှောက် မည်သည့်အပေါက်ဝင်မည်ဟူသော ရည်ညွှန်းချက်ကား ထိပ်တက်နေချေပြီ။

ထိုထိုအမှုတို့ ပေါ်ပေါက်လာလေတိုင်း အမှုထုံး အဆုံးထိဖြတ်ရလေ့ရှိရာ အချို့ကာယကံရှင်ဖြင့်ပင် ပြီးပြေ၏။ အချို့ ခုံသမာဓိ ဖျန်မှတန်ကာကျ၏။ အချို့ကား အိမ်ထောင်ချုပ် အဆုံးသတ်၊ အချို့ကား အချုပ်ထောင်ချ၍ အဆုံးသတ်။

ထိုထိုကျင့်ထုံးများ၏ အဆုံးသတ်ကား အဆုံးထိ မဖြတ်တောက်နိုင်ရာပြီ။ သူညဉ်၏ အလေ့ကျ ဇပြတ်တောက်ကျစေသည်အထိ ဖြတ်တောက်မချနိုင်သောကြောင့်။ တရားရှင်တစ်ဦး၏ ...

ညဉ်ကိုလည်း သတ်၊ အပတ်ကိုလည်း ခွာ၊ အကာဝ်ကိုလည်း မလာစေသော ကျင့်ထုံးသည်သာ ...

အချို့ ငါဟူသောစွဲချက်ထုံး အဆုံးထိဖြတ် အပါယ်ထောင်မှ အဆုံးသတ်စေ၏။

အချို့ကြိုက်ဟူသော စွဲချက် အဆုံးထိပယ်ဖျက်လျက်က ကာမထောင်မှ အပြီးထွက်စေ၏။

အချို့ အမိုက်ဟူသော အစွဲ မဂ်ဖြင့် ဖျက်ခွဲပေးပြီးသကာလ ဘဝထောင်မှ အပြီးလွှဲပေး၏။

ထိုတရားရှင်၏ အဆုံးဖြတ်သည်သာ အဆုံးသတ်ကို ရစေနိုင်ရကား လောကီအမှု ဥပဒေစုကဲ့သို့ တရားသေလည်းမဟုတ်၊ တရားရှင်

http://www.dhammadownload.com



လည်း မဟုတ်၊ အမြစ်ပြုတ်ဟူ၍ဆိုရပြီ။ ချက်တိုင်ဖြင့်လည်း မညှဉ်း ဓက် တိုင်ဖြင့်လည်း မညှဉ်းရပြီ။

ကာမဘုံဖွား လောကီသားအပေါင်းတို့ ...

သင်တို့သည် ...

ကိုယ့်အမှု သူ့ပတ်၊ သူတစ်ပါးအဆုံးဖြတ်ကို ခံလိုကြသလော။

သို့တည်းမဟုတ် ကိုယ့်အမှု ကိုယ့်ကပ် ကိုယ့်အဆုံးအဖြတ်နှင့်ပင် ပြီးပြေလိုကြသလော။

အကယ်တိတိ ...

ကိုယ့်အမှု သူ့ပတ်၊ သူတစ်ပါးအဆုံးအဖြတ်သည်ကိုသာ ခံလိုကြပါလျှင် တစ်မှုပွား သားတစ်ယောက်၊ တစ်မှုပြီး သမီးတစ်ယောက် သက်သေခံရောက်လာလေတိုင်း တရားသူကြီးထံမှောက် အစစ်ခံရောက်ကြရမည်ကို ...

မရောက်ခင် တင်ကြို ကိုယ့်စိတ်ကိုယ် အဆုံးသတ် ဆုံးဖြတ်ကြပါကုန်။ ရောက်တော့မှ လျှောက်တင် ရုံးတော်တစ်ခွင် အမှုဆိုင်နေကြရလျှင်ကား တစ်မှုဆုံး တစ်မှုထပ် သတ်လို့လည်း မဆုံး ဖြတ်လို့လည်း မဆုံး ပတ်လုံးနှင့် လုံးပတ် အဘယ်ဟာ နှုတ်ခမ်းသပ်ဟူ၍ အစရှာမရဖြစ်ကြရတော့မည်ဟာရို့။

ဘုမ်ိဝ ဖြည့်၊ တော်သလင်းလပြည့်ကျော် (၈) ဝေဠု။
[၁၅ – ၁၀ – ၂၀၀၂ ထုတ် ပေါ်ပြူလာဂျာနယ်]

နှုတ်တလှုစာစဉ်

## ၁၃။ ထိမိ

သူ့အညှာထိ သူ့အရှိ မိနေတော့သည်သာ။

ငါ့အညှာထိ ငါ့အရှိ မိနေတော့သည်သာ။

အားပြည့် အင်ပြည့်အထိ တစ်ဖက်၏အရှိသို့ ဖိမိစီးမိပြီးဖြစ်သွားခြင်းကြောင့် လူသားတိုင်း၏ အညှာသည် နှလုံးသားမှာသာ တည်၏။ ပြင်ပခြေလက် ကိုယ်အင်္ဂါအဆက်ဆက်တို့ကား နှလုံးသား၏ အစေအပါး မျှသာ။

ထိုနှလုံးသား ခိုင်မာတောင့်တင်းရန် လို၏။ ယင်းအတွက် အချို့ကား သုတများဖြင့် ခိုင်မာတောင့်တင်းစေ၏၊ အချို့ကား ကိုယ်တွေ့များဖြင့် ခိုင်မာတောင့်တင်းစေ၏။ သုတကား ကိုယ်ကင်း၊ ကိုယ်တွေ့ကား ကိုယ်ရှင်းပင်။

ထိုနှစ်ခင်းစလုံးပင် တစ်ဖက်၏ စိတ်နှင့် သန္တာန်တွင်း ချဉ်းနင်းဆင် ရောက်နိုင်စွမ်း မရှိကြလေရကား အဆိုးမြင်ရာ၌ ခိုင်မာတောင့်တင်းလာ

http://www.dhammadownload.com



သလော်က် အကောင်းထင်ရာ၌ကား ပျော်ရွှင်မြိမ်သက်ကြရသည်သာ။

သင်သည် ... သင့်အညာ သင်ထိ၍ သင့်အရှိအမြဲမေးကြည့်နေစမ်းပါ။

ငါသည်လည်း ငါ့အညာ ငါဖိလျက်က ငါ့အရှိ အမြဲတွက်ဆနေသည်သာ။

ဤသို့သာ ကိုယ့်အရှိ ကိုယ်ကိုယ်တိုင်သိရန် အတွင်းရှိ အတွင်းသိဖြင့် လိုက်လံဖြည့်ဆည်း ကိုယ့်ကိုယ်ကို စနည်းနာပြီး သွားလျှင်တော့ကား

ကိုယ့်အညာ ကိုယ့်အရှိ မကြည့်ချင်လုံးလုံး မသိချင်အဆုံးတည်း။

သူ့အညာ သူ့အရှိ မကြည့်ချင်လုံးလုံး မသိချင်အဆုံးတည်း။

နာရီပြင်ဆရာသည် ကိုယ့်နာရီပျက်ပြင်ကြည့်ရာမှ ဆရာဖြစ်သွားသည်မဟုတ်လော။

ဆေးဆရာ မေးကြည့်၊ ကိုယ့်ရောဂါ ကိုယ့်ဆေးကျွေးကြည့်ရာမှပင်မဟုတ်လော။

ထိုသို့ နှလုံးသားရေးရာ အညာနှင့် အထာကို သိပိုင်ထားပြီးသူသည် ဘယ်သောအခါမှ သူ့အညာထိ၍ သူ့အမိဖမ်းရန် မလုံးပမ်းတော့ချေ။ အဘယ်ကြောင့်ဆိုသော် သူ့အမိဖမ်းရင်းက ကိုယ့်အမိဖမ်းခြင်းခံနေရသည်ကို တွေ့နေရသောကြောင့်။

ကြွက်ကို အမိဖမ်းလျက်က. ချက်စားသောသူအား ...

ထိုကြွက်၏ ဆွဲအားက ကြွက်စွဲအဖြစ် ဖမ်းစားသည်ကို မုချခံရပေရော့မည်။ ယနေ့ သူ့မိ၍ ကိုယ့်ထိနေသော ဓာတ်လမ်းကား နေရာတကာပြသလျက်သာ။

နတ်တာရာစာရင်း

http://www.dhammadownload.com



ကာမဘုံဖွား အို လောကီသားအပေါင်းတို့ … သင်တို့သည် …

ကာမအရာ၌ သူ့အညာထိ သူ့အမိဖမ်းနေကြပါသလော။

နေအရာ၌ သူ့အညာထိ သူ့အမိဖမ်းနေကြပါသလော။

ဝါဒရေးရာများ၌ သူ့အညာထိ သူ့အမိဖမ်းနေကြပါသလော။

မည်သည့်အညာထိစေ ထိသမျှ သူ့အညာ ကိုယ့်အညာ အညာနှစ်ဖက်သွားဖြင့် တအားညှစ်ဆွဲ ဆွဲရသည်ချည်းဖြစ်ကြရာ … တော်ကြာ သူ့အညာမထိ၊ ကိုယ့်အညာထိ ကိုယ့်ကိုယ်ကို ပြန်မိ နုံးချည့်ချည့်ဖြင့် လုံးသမျှ ပမ်း၊ ပမ်းသမျှ လုံး၊ နှုတ်ခမ်းမလုံနိုင်ကြဘဲ ဖြစ်ကြရမည်ဟာရှိ။

သုဓမ္မ ပြည်၊ တော်သလင်းလပြည့်ကျော် (၈) ဝေဠုဝန်။

[၁၂–၁၁–၂၀၀၂ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၁၄။ ကောက်ကွေး

ကောက်နေပါသည်ကို မြင်တွေ့ရခြင်းဖြင့် သူမှာ လမ်းမတွေ့၊ တွေ့လျှက်က ပတ်၊ ပတ်လျှက်ကထွေး ကွေးနေပါသည်ကိုလည်း အလိုလို ပင် တွေ့သိရတော့သည်သာ။

ကောက်ခြင်းသည် ကွေ့ခြင်း၏ အလုပ်သမားတည်း။

ကွေးခြင်းသည်လည်း ညွတ်ခြင်း၏ အစေအပါးတည်း။

အာရုံမှန် အစိမထား တဏှာဂါဟ၊ မာနဂါဟ၊ ဒိဋ္ဌိဂါဟ အမည်ရ ငါ၊ ငါအလိုရှိသည်၊ ငါသိမ်းပိုက်မည်ဟူသော အာရုံရှင်ခေါ် သူတစ်ဖက် နောက် စိတ်ကောက်ကောက်ပါသွား စိတ်အလိုကျလိုက်စားနေသူများအဖို့ အကောက်မှ အကွေး။ တစ်ဖန် အကွေးမှ အညွတ်၊ တစ်ဖန် အညွတ်မှ အဆွတ်ထိ ကိုင်းလျှောက်တက်ချေတတ်ရာ ကိုယ်သွားလမ်း မတန်း မဖြောင့်ရာ။

လူတို့ဘဝသည် အဖော်ကင်း၍ အလျှင်းမရဆိုကြ၏။

နတ်တလူစာစဉ်

http://www.dhammadownload.com



အဖော်လျော်ပေးမှ တက်သာ ဆင်းသာကြ၏။ ပေတက်၊ ကိုက်တက်မှသည် ဖာလုံတက် မိုင်တက်အထိ ခရီးစဉ်အားလုံး အဖော်၏ အလျော်သုံး တက်ကြ သက်ကြရသောကြောင့်ဆို၏။

တစ်ဖန် ထိုအဖော် လျော်စေ ခတ်စေ ပလပ်စေရာ၌ ...

ပွင့်တော်မူပြီးကြသော ဘုရားတိုင်း ဗောဓိပုဂ္ဂိုလ်ညောင်ဗဟိုရ် ထိုထိုဘုရား မရှိကြားတဲ့ဆိုကြကာ ဘုရားတောင် အမှီရှိမှ ပွင့်ရသတဲ့။ ဘုရားတောင် ပါရမီပြည့်ဖက် ထည့်စွက်ထားရသေးသတဲ့ဆိုသော ကထာများကလည်း လာချေသေး၏။

ထိုစကားတို့သည် ကိုယ့်အကောက် ကွေးလို့၍ မီးပြင်းပေးနေခြင်းသာ။

စင်စစ် မိမိ၏ပစ္စကွဲဖြစ်ပွားနေသော ဘဝဒုက္ခကို မိမိတစ်ကိုယ်ထီးတည်း ငြိမ်းသတ်ခြင်းမပြုဘဲ အဖော်ဖြင့်တွဲ၍ အစွဲယူနေခြင်းမှန်သမျှ ကာမသို့ လက်ဆက်စေရကား ဘဝဒုက္ခမှသည် ကာမဒုက္ခကိုပါ တုတ်ပိုအရိုက်ခံရဖို့ချည်းသာ။

ထိုတုတ်ပိုကပင် သားဒုက္ခ၊ သမီးဒုက္ခမှသည် စီးပွား လူမှု တိုင်းမှု ပြည်ရာ တုတ်မိုးကြီးရွာချလေတော့ရာ ထိုလမ်း မည်သို့သာယာဖြောင့်တန်းပါမည်နည်း။

အလိုဖြင့် ခရီးသွားနေသမျှ မည်သို့မျှ တိုး၍မရချေ။

အပိုဖြင့် ခရီးသွားလျှင်ကား မည်သည့်ကာလမျှ ရှည်ခွင့်မရ။

အလိုသည် အဖော်နှင့်တွဲ၍ ခရီးသွားလိုမှု ကာမမှု ဒါနကုသိုလ်ပြုရာမှ စတင်ထွက်ခဲ့သောလမ်း။

http://www.dhammadownload.com



အပိုသည်အဖော်နှင့်ခွဲ တစ်ယောက်တည်း သွားလိုမှုသိလကုသိုလ် ပြုရာမှ စတင်ထွက်ခဲ့သောလမ်း။

ဝဋ်ကိုမှီစေသော ငါနောင်ကောင်းရန်အတွက် မည်သည့်ပုဂ္ဂိုလ် အား ဘာပစ္စည်းလှူဒါန်း၍ ထိုပုဂ္ဂိုလ်အား အလိုပြည့်မည်ဟူသော ကာ မာဝစရကုသိုလ်ခေါ် အလိုဖြင့် ဖော်၍ပြုထားသော ကုသိုလ်မှန်သမျှ အလိုချည်းကျနေရကား မည်သည့်ကာလမျှ အပိုမပြသာ။ အလိုထားရာ ၌ အလိုတို့သာ လားလာမည်ဖြစ်သောကြောင့်တည်း။

အလိုသည် ပြည်သိမ်း နန်းဝင်ရာ၌ စားတော်ဝန်၊ ဘဏ္ဍာဝန် ရာထူးထက်မပို။

အပိုသည်သာ ဘုရင်နှင့် သားတော် သမီးတော်အရာ ရောက်သာ သည်။

ဘုရားရှင်နှင့် လက်ဝဲ လက်ယာအဂ္ဂမဟာတို့ကား နန်းသုခ ထိုင်ရာ မထ ခံစားကြရသည်။

စားတော်ဝန် ဝိသာခါ၊ ဘဏ္ဍာဝန် အနာထပိဏ်တို့အုပ်စုကား အမှု တော်လည်း ထမ်း၊ ဝမ်းစာလည်း ရှာ၊ ရလာ့ကလည်း ချက်ပြုတ်စီမံနာခံ မှတ်သား အခစားလည်းဝင် လုပ်ကြရမည်။

ယနေ့ ဘုရားရှင်နှင့် အပိုသမား လက်ဝဲ လက်ယာ အဂ္ဂမဟာ စသည့်သာဝကများကား နန်းမ,သိမ်း၍ ပြည်ကိန်း ငြိမ်းမှန်တစ်မျိုးတိုး စိုးစံတော်မူသွားကြလေပြီ။

စားတော်ဝန်၊ ဘဏ္ဍာဝန်တို့မှာမူကား ...

နတ်တလုစာစဉ်

http://www.dhammadownload.com



ဟိုမှာတစ်ထောက်ဝင်၊ သည်တွင် တစ်ခါနားဖြင့် ဘယ်တော့များမှ ပွဲသိမ်းကြမည်မသိ။

နွယ်ကိုဖြတ်၍ အမြစ်ကို နုတ်ပယ်ရာ၌ ဒါနလက်နက်သည် သီလ လက်နက်လောက် အစွမ်းမထက်မြက်လှသောကြောင့်တည်း။

ဒါနပွဲတစ်ခုပြုရာ၌ နည်းများမဟူ တစ်ဖက်အကူပါမှသာ အထ မြောက်၏။ တစ်ကိုယ်ချင်းပြုသော ဒါနပင်ဖြစ်စေ၊ ပစ္စည်းရှာဖွေရာ၌ အတူနေတို့ ပါဝင်နေကြသေး၏။ ပွဲခင်းကြီးဖြစ်ပါမူကား အလှူခံတို့ ဘက်မှလည်း ပရိသတ်များစွာ အားပေးလှာ၏။ အလှူပေးတို့ဘက်မှ လည်း ချက်ပြုတ်လုပ်ကိုင် နောက်ဆက်ကူ လူလှိုင်လှိုင် ပါဝင်ကြရ၏။

ဒါနလက်ကပ် ရက်ရောဓာတ် ဖက်စပ်မကင်းနိုင်။ တစ်ဖန်လည်း ထိုဒါနလက်နက်သည် ဉာဏ်လက်နက်အကူမပါသော ဒါနဖြစ်ချေက ငါစွဲ ကို သတ်ဖြတ်ချရာ၌ သီလလောက် အကင်းသေအောင် မသတ်နိုင်။ သူစွဲ ကို ခွဲဖြတ်ရာ၌လည်း သီလလောက် အရာမထင်။

သီလလက်နက်သည်ကား စကတည်းက ညှို့ဆွဲသုံး၍ မိမိစိတ်ကို လာရောက်ကာ စည်းရုံးကျူးသွင်း အရိုင်းဓာတ်ခင်းကျင်းနိုင်းလေ့ရှိရာ တစ် ဖက်အာရုံမျှင်နှင့် အာရုံရှင်များကို သူ့ဆိုင်ရာတံခါး သတိအစောင့်ချထား လားလားမျှ ဝင်ခွင့်မပေးခဲ့။ သူမဝင် ကိုယ်ထွက် အာရုံဘက်ကို လက် ဆက်လေ့ရှိသော မိမိစိတ်ကလေးကိုလည်း တံခါးစောင့် သတိက ထိန်း သိမ်း နည်းနည်းမျှ အယိမ်းမခံခဲ့။

တစ်ဖန်လည်း ထိုသီလလက်နက်သည် ကိုယ်တွင်းအောင်းများဖြစ် ကြလေသောအသစ်အဟောင်း အာရုံအပေါင်းကိုလည်း ဆိတ်သုဉ်းစေခြင်း

http://www.dhammadownload.com



စိတ်ကိုလည်း ထိန်းကျောင်းထားခြင်းများ၏ အမွှမ်းအမံကြောင့် အဆန်ကုန်အစုန်ပြတ် လမ်းကောက်မှန်သမျှ ဖြတ်ချထားခဲ့ပြီ။

သို့ကြောင့် ထိုသီလသည် အာရုံမလို အာရုံမှန်သမျှ အပိုချည်းသာ။

သို့ကြောင့် ထိုဒါနသည် အာရုံကိုသို အာရုံဆို လိုနေသည်ချည်းသာ။

ကာမဘုံဖွား အို လူသားတို့ ...

သင်တို့သည် ... အထက်ဆိုက်ကဝင် နန်းပိုက်ဘုရင် ဖြစ်ချင်ကြပါသလော။

အောက်ဆိုက်ကဝင် နောက်လိုက်ပင် ဖြစ်ချင်ကြပါသလော။

ယခုလို အပြောနှင့်အလုပ် သရုပ်ဆိုင်မိလျှင် ဘာမဆိုရနိုင်သော သာသနာပွင့်ထွန်းနေချိန် ...

ယခုလို ကျင့်သလိုသိ သိသလိုလည်း ကျင့်သာ၍ ဘာမဆို လိုရာ ရနိုင်သော လူ့ဘဝရောက်နေချိန် ...

ထိုအချိန် နှစ်ကြိုက် ချိန်ကိုက်ပေးနိုင်လျှင် လိုရာဆု အခုလည်း ဝမ်းသာ နောင်အခါ အတိုးရ၊ အကျိုးဖလ နှစ်ဝပင် ပြီးစီးနိုင်ခွင့်ရှိချေရာ သင်သည်ကား အဘယ်မှာကို ဆုတောင်း၍ ဘယ်ဟာနှင့် ပေါင်းလုပ်နေ ချေသနည်း။

အလိုနှင့်စု၍ ဆုခံနေသမျှ မည်သို့မျှ တို၍ရမည်မဟုတ်ချေ။

အပိုဖြင့်ထု၍ ဆုခံနေသမျှလည်း မည်သို့မျှ ရှည်၍ရမည်မဟုတ်ချေ။

၁၃၆၁ ခု၊ နတ်တော်လပြည့်ကျော် (၁၁)၊ မောနေယျ။

[ ၂၂ – ၁၀ – ၂၀၀၂ ထုတ် ပေါ်ပြူလာဂျာနယ်]

နတ်တလူစာစဉ်

http://www.dhammadownload.com

## ၁၅။ အတိုင်းအရှည်

သူ့အရှိ ကိုယ့်အသိနှင့် တိုင်း ကိုယ်တိုင်းသလောက်သာ ခရီးရှည် ထွက်လာမည်။

သူ့အရှိ ကိုယ့်အရှိနှင့် နှိုင်း ကိုယ်နှိုင်းသလောက်သာ ခရီးရှည်ပေါက် ရာသည်။ ဘုရားကား အနှိုင်းမဲ့ဖြစ်သဖြင့် ဂုဏ်တော်စုလည်း အနန္တအထိ ထုတက်နေချေ၏။

သို့တစေလည်း သင်သည် ထိုဘုရားဂုဏ်ကျေး သင့်အသိဉာဏ် တစ်မတ်လေးဖြင့် ချိန်ကြည့် ... တစ်မတ်သားအပြည့် သင်သိက သင့်သဒ္ဓါ ယုံ ဟုန်ခရီးကလည်း တစ်မတ်သားမျှသာ ရှည်ရာ၏။ ဘုရားဂုဏ် မှီလှဲ့ လျက်က စံစားခွင့်ရသော သင့်ဘဝ သင့်အကျိုးပေးခရီးများကလည်း ထို တစ်မတ်သားမျှသာ ခရီးရှည်ထွက်ရာ၏။

အကယ်တိတိ ... ဘုရားဂုဏ် သူ့အရှိ သင့်အသိဉာဏ် အလေး ပြည့်တစ်ကျပ်သားတိတိဖြင့် ချိန်ကြည့်၊ တစ်ကျပ်သားပြည့်ပင်၊ ကျေးဇူး

http://www.dhammadownload.com



သိကလည်း သင့်သဒ္ဓါ သင့်တန်ခိုး သင့်အကျိုးပေးတို့ကလည်း ထိုခရီးထက် မပိုနိုင်ပြီ။

ချောင်း၊ မြောင်း အားလုံးတို့မှ ပေါင်းဆုံစီးဆင်းရာဌာနဖြစ်သော ကန်တော်ကြီးသည်လည်းကောင်း၊ တောင်မြင့်ကုန်းကြီး အသီးသီးတို့မှ စိမ့်ထွက်စီးဝင်ရာဌာနဖြစ်သော ကန်တော်ကြီးသည်လည်းကောင်း ...

မည်သူမဆို လိုသလောက် ဆပ် အကတ်အသတ်မျှပါသည်ဟူ၍ သူ့ဘက်က မရှိခဲ့ပါချေ။

မည်သူမဆို လိုသလောက် သောက်သုံးစမ်း ခြောက်ခန်းသွားပြီဟူ၍ သူ့ဘက်က မရှိခဲ့ပါချေ။

သို့တစေလည်း ...

တစ်ယောက်သည် သူ့တစ်ခါသုံး ခွက်အသေးဆုံးလေးဖြင့်သာ ထိုရေကို ခပ်ယူအံ့၊ ကန်မှတက်၍ သူ့ခွက်ထဲပါသွားသော ရေကလည်း သူ့ခွက်နှင့် အဟပ် သူခပ်သလောက်သာ။

တစ်ယောက်ကား သူ့တစ်ရက်စာ ခွက်သေး လေးခွက်စာဖြင့်သာ ထိုရေကို ခပ်ယူအံ့။

တစ်ယောက်ကား မိသားစုအားလုံး တစ်ပတ်စာသုံး ပုံးကြီးများဖြင့်ပင် ထိုရေကို ခပ်ယူအံ့။

နောက်ဆုံးတစ်ယောက်မှာမူကား သူနှင့် အကျွမ်းတဝင် ဝန်းကျင်အားလုံး တစ်သက်လုံး သုံးရှေ့ဆိုကာ ပိုက်ကြီးများဖြင့်ပင် သွယ်ယူအံ့။

ထိုအားလုံး ...

ကန်တွင်းကရေ ထိုကန်က ဝေရာဒ္ဒ ရေယူသူ၏ အတိုင်းအဆ

http://www.dhammadownload.com



အတိုင်းသာ ဖြစ်ပေလိမ့်မည်။ ကန်ပေး၏ မွေ့တာ၊ ရေယူသူ၏ စေတနာနှင့် လုပ်ရပ်အတိုင်းပင်တည်း။

သည့်ပမာလျှင် ...

လူတို့သည် တစ်ဦး၏အတွင်းပိုင်း ကိုယ့်အသိလေးဖြင့် တိုင်းကြည့်သော်လည်းကောင်း၊ ၁၂လက်မပေတံ၊ ၃၆လက်မ ကိုက်တံတို့ဖြင့်သော်လည်းကောင်း၊ ကိုက် ၁၀၀ ပေကြိုးတို့ဖြင့်သော်လည်းကောင်း တိုင်းထွာကြည့်ခဲ့ပါသော် ...

ထိုတစ်ဖက်၏ ပြချက်များကလည်း သင်တိုင်းကြည့်သလောက်သာ အသိပေးနေတတ်သည်ဖြစ်ရာ သင်ကား တိုင်းမဆုံး နှိုင်းမဆုံး ပိုင်းလုံးဖြင့်သာ ခရီးဆုံးရအံ့။

အနုမတဂ္ဂက် သင့်ပေတံ အဘာယ်မျှပြန့်ပြန့် အမှန်ကိုကား မရစေနိုင်။

၁၃၆၁ ခု၊ တော်သလင်းလပြည့်ကျော် (၁၄)၊
ပုံတောင်ပုံညာစခန်း၊ လယ်မွေး။
[၁၉ – ၁၁ – ၂၀၀၂ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

# ၁၆။ ဆူပူ

ဆူနေခြင်းသည် ထက်အောက်ဝန်းကျင်၏ဒဏ် အပူလောင်ခံနေရခြင်းကြောင့် ...

ဖိုခွင်ပေါ်ရှိ ရေပြည့်ထည့်ထားသောအိုး ပွက်ပွက်ဆူနေခြင်းကို ကြည့်လျှင် သူ့အောက်ဝန်းကျင်ရှိ ထင်းမီးတို့၏ တို့မီး ရှို့မီး အမြိုက်ဒဏ် အပူလောင်ခံနေရပါသည်ကို တွေ့နိုင်၏။

လူလောကရှိ သွေးအားပြည့် အရွယ်ရောက်လူသား၏ ပွက်ပွက်ဆူနေခြင်းကိုကြည့်လျှင်လည်း သူ့ပတ်ဝန်းကျင်ရှိ ဝတ္ထုအာရုံ ကာမဂုဏ်တို့၏ လောင်မြိုက်ခြင်းဒဏ် အပူလောင်ခံနေရခြင်းကြောင့်ဆိုသည်ကို သူမပြောဘဲ အကဲကြည့် အတတ်သိနိုင်၏။

ရေနွေးဆူပွက် အပူတက်က နှုတ်သီးမငြိမ် မုံးမငြိမ် အရှိန်မြင်း လျက် တကွက်ကွက်။

နတ်သာသုတေစဉ်

http://www.dhammadownload.com



လူသွေးဆူပွက် အပူတက်က နှုတ်လည်းကလက် စိတ်ကလက် ခြေလက်အစုံ သရမ်းလျက်။

လူတို့သန္တန်တွင် ကိုယ်ပူနှင့် စိတ်ပူဟူ၍ နှစ်မျိုးရှိချေရာ ကိုယ်၌

ကိုယ်ကောင်ကြီး မသိုးမပုပ် နောက်မဆုတ်ရန်ထားသော အပူခိုး သတ္တိ။

ကိုယ်ကောင်ကြီးသို့ သွင်းသမျှ အစာ ကျေညက်ရန်ချက် အားလုံး အပူခိုး သတ္တိ။

ကိုယ်ကောင်ကြီး ဖွားစေ နာစေသည်အထိ ချေဖျက်တတ်သော အားလွန် အပူခိုးသတ္တိ။

ကိုယ်ကောင်ကြီး ကျောက်ဝက်သက်ထွက်စေသည်အထိ ဖျက်အား သန်လာသော အားလွန်အခိုးသတ္တိ။

ဤသို့လေးမျိုးရှိချေရာ နောက်နှစ်မျိုးကား အပူနောက် အဆူ ဖောက်လာခြင်းပင်။ ပူရုံမျှဆို တော်၊ ဆူထလာလျှင် မသာပေါ်တော့ သည်။ စိတ်၌ကား ကိလေသာ တစ်ဆယ့်တစ်မီး တညီးညီး ဟည်းထနေ ချေရာ သွေးပူရုံမျှဆိုသော်၊ သွေးဆူလာချေသော် ဘေးလူမသက်သာဖို့ ကိန်းသေသည်။

ထိုကိုယ်ပူနှင့် စိတ်ပူတို့သည် အချင်းချင်း အဆက်အသွယ်ရှိကြ၏။ ကိုယ်ပူလျှင် စိတ်ဆူပွက်ဘိသို့ စိတ်ပူလာလျှင်လည်း သွေးဆူတတ်လာ တော့သည်သာ။

ကိုယ်ပူလွန် စိတ်မွန် စိတ်ပူလွန် သွေးသွန်မည်။ ကိုယ်နှင့် စိတ် နှစ်ခုရိုက်မိသွားသော်လည်းကောင်း။ အပူနှင့် အဆူ နှစ်ဆူစပ်မိသွားသော်

http://www.dhammadownload.com



လည်းကောင်း ဆူပူသောင်းကျန်းမှုကြီးကား လျှမ်းလျှမ်းတောက်ပေါ်လာပြီ။

ဆူပူသောင်းကျန်း မနိုင် နိုင်ရာက ဖမ်းလိမ့်မည်။

ဖိုသောင်းကျန်း မ,ဖမ်းခံရမည်။ မ,သောင်းကျန်း ဖိုဖမ်းခံရမည်။

သူပုန်သောင်းကျန်း တပ်ကဖမ်း၊ သူခိုးသောင်းကျန်း ရဲကဖမ်းဖြင့် အဖမ်းမှန်သမျှ သောင်းကျန်းဒဏ် နှိမ်နင်းရန်ချည်းသာ။

ကာမဘုံဖွား လောကသားတို့ ... သင်တို့သည် ဉာဉ်ထန် မာန်ကြီး ကာမမီးခိုး အူပြီးနေလျှင် ပူရှိုလေးသာ ပူပါလေ။ အပူနောက် အဆူမရောက်ကြပါစေနှင့်။ ကိုယ်ပူလိုက ပူပါလေ၊ စိတ်မဆူပါစေနှင့်။ တစ်ဖန် စိတ်ပူလိုက ပူပါစေ၊ သွေးဆူမလာပါစေနှင့်။ အကယ်တိတိ ...

ဉာဉ်ပူမတား စိတ်ထားမပြင် သွေးသွားကိုလည်း လမ်းထွင်ပေးနေခဲ့လျှင် သွေးဆူသူလည်းပျက် ဘေးလူလည်း မသက်သာ၊ ကြာသော် အသက်ပါ ပါကြရတော့မည်ဟာရို့။

ဘုဗိဝ ပြည့်၊ ဝါခေါင်လဆန်း (၁၁)၊ ဝေဠုဒွါ။
[၂၆ – ၁၁ – ၂၀၀၂ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၁၇။ လွတ်လပ်

စည်းချွင်ကြားမှ လွတ်လာသော လပ်ကွက်၊ အသုံးမချတတ်က အပျက်သို့သာ စီးဝင်မည်။

အာဏာရှင့်လက်မှ လွတ်လာသော လပ်ကွက်သည်လည်း အသုံး မချတတ်က အပျက်သို့သာ စီးဝင်သည်။

လူ့ဒွိရှိသော လွတ်လပ်မှုသည် ကိလေသာ့လက်အောက်မှ လွတ် မြောက်လာသော လပ်ကွာမှု၊ လူလူချင်းလက်အောက်မှ လွတ်မြောက်လာ သော လပ်ကွာမှုဟူ၍ နှစ်မျိုးရှိရော ...

ကိလေသာ့လက်အောက်မှလွတ်မြောက်လာသောလပ်ကွာမှုသည် သာ ဒိဋ္ဌိမှလွတ်၍ အပါယ်မှ လပ်ကွာခြင်း။ တဏှာမှလွတ်၍ ကာမလောက မှ လပ်ကွာခြင်း။ မာနမှလွတ်၍ ဘဝအားလုံးမှ လပ်ကွာခြင်းများကြောင့် လွတ်မြောက်မှု၏ အရသာများကို ကိန်းသေခံစားခွင့်ရစေပါသည်။

နတ်ထလူစာစဉ်

http://www.dhammadownload.com



လူလူချင်းလက်အောက်မှ လွတ်မြောက်လာသော စည်းလွတ်ဝါး လွတ်များနှင့် ထင်ရာစိုင်း လစ်ကွာမှုများသည်ကား သတိခံ ဉာဏ်အုပ်၊ ကိုယ်ကျင့်သိက္ခာတို့ဖြင့် ထုပ်ထားသော စိတ်ထားမဟုတ်က ကောင်းစား မည် ချမ်းသာမည်ကနေ့်ဟူ၍ မည်သည့်ဗေဒင်ဆရာမျှ ဟောကိန်းမထုတ် ဝံ့ချေ။

သို့ကြောင့် လွတ်လပ်မှုကို ကြိုက်ပါသည်ဆိုခဲ့လျှင် ...

ထိုသူသည် အမှုမဲ့ အမှတ်မဲ့သမားလော၊ အမှုသိ အမှတ်သိသမား လောဆိုသည်ကို ပထမစဉ်းစားပြီးမှ အားပေးသင့် ပေးရမည်။

စည်းမရှိသော လွတ်လပ်မှုသည် ကိလေသာ၏ ကျွန်ပြုခံရတတ် သည်။

ရှိသေစရာမထားသူ၏ လွတ်လပ်မှုသည်လည်းကိလေသာ၏ကျွန် ပြုပင် ခံရတတ်သည်။ လွတ်လပ်ရာမှ ကောင်းစားချမ်းသာ ထိုနှစ်ဖြာကို အလိုရှိသောသူသည် ကြောက်နှစ်လုံး တစ်လုံးတစ်လုံးကို ဆောင်ကြောက် (ဆောင်ကျောက်)အဖြစ် ထားရမည်။

ကြောက်တစ်လုံးကား ရှိသေထိုက်ရာ မြတ်ဆရာ။

ကြောက်တစ်လုံးကား ဆင်းရဲဖို့ရာ သံသရာ။

ထိုစဉ် ... ဆရာသည် စည်းပိုင်အဖြစ်ဖြင့် စည်းကို ကာရံပေးထား ၏။ ထိုစည်းတွင်း တပည့်အားသွင်းပေးထားလျက်ကပင် သံသရာ၏အစုန် လမ်း အဆန်လမ်းများကိုလည်း ခွဲခြားပေး၏။

အစုန်လမ်းသည် ဘေးဘျမ်းပြွမ်းရာ လမ်းကြမ်း။

http://www.dhammadownload.com



အဆန်လမ်းသည် ရန်ဘေးမသမ်း လမ်းမကာန်း။

ထိုနှစ်လမ်းစလုံးပင် ကြောက်ရမည်အဖြစ် ဖွင့်လှစ်သင်ကြားပေးပြီး ထိုလမ်းတို့မှ အလွတ်ဖြစ်သော ဒုက္ခသံသရာမှ လပ်ကွာသောလမ်းကိုလည်း လမ်းပြပေး၏။

သို့ကြောင့် ရှိသေထိုက်ရာ ထိုဆရာ၏စကား နာခံမှတ်သားလျက်က ဆရာပေးထားသော စည်းတွင်းမှာပင် လှည့်လည်ကျက်စား၊ မိမိစိတ်နှင့်ကိုယ် လိုသလို လွတ်ကျောင်းပေးထားပါသော် သူတစ်ပါးယာတို့ လယ်တို့ကို သွားရောက်ခိုးစားမိသဖြင့် မိမိသော်လည်း ဘေးဒဏ်သင့်လျှင်သင့်၊ မိမိ၏သခင်သော်လည်း လျော်ကြေးပေးလျှင်ပေးဆိုသော ဘေးဆိုးမှ လွတ်ကွာရသည့်အပြင်၊ အသားလည်းတင် အားလည်းဝင်၊ အသွင်လည်းဖြိုး အလှလည်း တိုးစေဘိသို့။

ဆရာသွင်းသွတ် စည်းမလွတ်သော စည်းခိုလူသားများသည်လည်း အခုလည်း အပြစ်ကင်း နောင်လည်း အပြစ်မလိုက်သောအားဖြင့် အခုလည်း ပျော်ရွှင် နောင်လည်းဝမ်းမြောက် ကိလေသာလက်အောက်မှလည်း လွတ်မြောက်ခွင့်ရစေသည်။

ထိုလူသား တဏှာပင်း၊ ချည်ခြင်းသွေးပူ မဓိပါ။

ထိုလူသား မာနတင်း၊ ထန်ပြင်းရန်မူ မရှိပါ။

ထိုလူသား ဒိဋ္ဌိသွင်း၊ ပိုက်ထွေးဆွဲယူ မပြုတော့ပါ။

ထိုမှပြန်သော လွတ်လပ်မှု၏ အောင်ပွဲခံသည်ကား ဘဝအဆက်ဆက်တို့က လေ့ကျက်ထားခဲ့သော ကုသိုလ်ကံအကျိုးပေးများ အပူမထိုး

http://www.dhammadownload.com



သော စိမ့်ရိုးကြားမှ စမ်းများတိုးထွက်လာသည်ပမာ တလိမ့်လိမ့်ဆင်း တစိမ့်စိမ့်ချမ်းသာခြင်းဖြင့် မကြောင့်မကြ ခံစားခွင့်ရစေပါမည်။ ထိုစဉ်

ဒါန၏ အကျိုးဆက်က ဘောဂဘက် ဓထိမကိုင်ဘဲလျက်က ခံစားခွင့်ရခြင်း၊ သီလ၏အကျိုးဆက်က ဘဝဘက် လက်နက်မလိုဘဲလျက်က လုံခြုံနေတော့ခြင်း၊ ဘာဝနာ၏ အကျိုးဆက်က ဓမ္မဘက် ငါသူမစွက်ဖက်ဘဲလျက်က အလွတ်ဖြစ်နေခြင်း ...

စည်းတွင်းကျက်စား စည်းဦးနိုများ၏ ရပိုင်ခွင့်များတည်း။

စည်းသည် မလိုရာကာဆီးပိတ်ဆို့ပေးထားရာ၏ တစ်ခုတည်းသော အာမခံပစ္စည်း၊ ကမ်းသည် လိုရာရာ ကာဆီးသိုလှောင်ပေးထားရာ၏ တစ်ခုတည်းသော အာမခံပစ္စည်း။

ကာမဘုံဖွား အို ... လောကသားများတို့ ...

သင်တို့သည် ...

စည်းဘောင်ကျော်ဖျက် အလွတ်ထွက်လာရာမှဖြစ်သော လပ်ကွက်ကို ဝင်ထိုင်လိုကြပါသလော။

သို့တည်းမဟုတ် စည်းတွင်းလှည့်၍ အတည့်ပေါ်လာသော လပ်ကွက်ကိုလျှင် ဝင်ထိုင်လိုကြပါသလော။

ထိုသည့်လပ်ကွက်နှစ်မျိုး တစ်မျိုးမျိုးကို ကိုယ်ကျိုး၏လတ်တလောတိုး ရှေ့ရှည်တိုးကို ကြည့်လျက်က လိုရာဘက် လက်ဆက်ကြပါလေကုန်။

အကယ်တိတိ ... နောင်ရေးမရှု ယနေ့လပ်ကွာမှုလောက်ကိုသာ

http://www.dhammadownload.com



အားပြုလိုပါသဖြင့် စည်းကိုဖျက်၍ ကမ်းကိုကျော်၊ ပျော်ပျော်တွင် အခင်ထား ထင်ရာ မြင်ရာ စိတ်လွတ်ကိုယ်လွတ် သွားနေကြပါသော်၊ အနေချောင် အသေကျဝ် မြတ်ရာမှ လပ်ကွာကြရမည့်ဟာရို့။

ဘုဇ၂ ခုံး ဝါခေါင်လဆန်း (၆)၊ မောနေယျ။
[၃-၁၂-၂၀၀၂ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၁၈။ မချင့်မရဲ

မိမိ၏ အင်အား သတိဖြင့်ချင့် အယုံဖွင့်တတ်လျှင် အရဲကား ပွင့်ထွက်လာသည်သာ။

မိမိ၏ အင်အား မပွားမချင့် အယုံမပွင့်လျှင် အရဲကား ဝင့်ထွက်လာမည်မဟုတ်ချေ။

မချင့်တတ် မရဲရာ၊ ချင့်တတ်မှ ရဲရာသည်။

လောကဝယ် ယုံမှ အစွမ်းထက်သော အရာလေးမျိုးရှိ၏။ ၎င်းတို့မှာ ...

ဆေးဝါးသည်လည်း သောက် ပျောက်မည်၊ ဒိဋ္ဌယုံလေမှ ထိုဆေးက အစွမ်းပြသာ၏။

ရတနာသုံးပါးကလည်းချည်းကပ်လျှင် အမြတ်ဒိဋ္ဌဟု စိတ်ချယုံကြည်မှ အစွမ်းပြသာ၏။

http://www.dhammadownload.com



သူတော်၏အစွမ်းကလည်း မိမိအတွက်အင်အားဟု စိတ်ချယုံကြည်လေမှ အစွမ်းပြသာ၏။

ကိုယ့်သတ္တိစွမ်းကလည်း ဘာမဆို ဖြစ်ကိုဖြစ်ရမည်ဟု စိတ်ချယုံကြည်လေမှ အစွမ်းပြသာ၏။

ယနေ့ ... ထိုအစွမ်းလေးမျိုး တန်ခိုးမပြနိုင်သည်မှာ ...

လူတို့၏ သဒ္ဓါတရား ယုံကြည်မှုနည်းပါးသွားခြင်းကြောင့်တည်း။

သဒ္ဓါယောင်ယောင်နှင့် တဏှာကောင် အချောင်ဝင်စွက်ဖက်နေခြင်းကြောင့်တည်း။

ထိုယုံကြည်စရာလေးမျိုးတို့တွင် ... ကိုယ့်သတ္တိအပေါ် ကိုယ်မယုံနိုင်သဖြင့် ကိုယ့်အား ကိုယ်မကိုး သူတစ်ပါးအား သွားရောက်ခိုကိုးနေခြင်းသည် အဆိုးဝါးဆုံးပင်။

ရွှေသည် ကြေးညှော်ကို ပွတ်တိုက်ပစ်နိုင်က အရောင်ထွက်၏။

ကျောက်သည် အကာကိုပစ်၍ အနှစ်ကို ခွာယူတတ်မှ အရောင်လက်၏။

မိမိ၏စိတ်တန်ခိုး စိတ်သတ္တိများကလည်း အဝိဇ္ဇာ အညစ်အကြေး တဏှာ၏ အစေးများကို သဒ္ဓါလျှင် ရေ့သွား၊ သတိ ဝီရိယကား အညစ်ဖယ်ရှား၊ သမာဓိ ပညာကား အနှစ်ကို ဖော်စားတတ်ပါလျှင် လောကရှိ မည်သည့်အလင်းရောင်နှင့်မျှ မတူသော ဖြူစင်တောက်ပခြင်းဖြင့် သတ္တိစွမ်းပြလာတော့သည်သာ။

သတိ ဝီရိယကား အချင့်သမား ...

သဒ္ဓါကား အဖွင့်သမား ...

http://www.dhammadownload.com



သမာဓိ ပညာကား ရဲရင့်ပြတ်သား စွန့်စွန့်စား။

ထိုသို့ ကိုယ့်အားကိုယ်မချင့်က အယုံလည်း မပွင့်သာ၊ အရဲလည်း မဝင့်သာရကား ထန်းပင်ပျို ထန်းနို့ထွက်သော်လည်း ထန်းသီးမတက် အဖိုဘက်ယိမ်းသည့်ပမာသာ။

ဘုရားရှင် ရွှေလက်ထက်တော်က ...

ဗာရာဏသီပြည်ဝယ် တစ်ဖက်လျှင် ကုဋေရှစ်ဆယ်စီအမွေပါလာကြသော ဓနဗလသူဌေးလင်မယားဟူသည် ထင်ရှားကျော်ကြားခဲ့၏။

၄င်းတို့ကား ကိုယ့်သတ္တိ မသုံးမိသဖြင့် လက်ထက်ပွား လုံးလုံးမရှိ။ အမွေဆိုင် ပိုင်ခွင့်ရသမားများဖြစ်၍လည်း ရှိပစ္စည်း စည်းဖြင့်မထိန်းတတ်။

အကယ်တိတိ ... ထိုလင် ထိုမယား ကိုယ့်အားကိုဝင့် အယုံပေါ် အရဲဆင့်လျက်က လောကဘက် မျက်နှာမူကြပါလျှင် ...

(က) ပထမအရွယ် စီးပွားရှာက ပထမတန်းစား သူဌေးကြီး လင်မယားတည်း။

(ခ) ဒုတိယအရွယ် စီးပွားရှာက ဒုတိယတန်းစား သူဌေးလတ် လင်မယားတည်း။

(ဂ) တတိယအရွယ် စီးပွားရှာက တတိယတန်းစား သူဌေး ကလေးကားဖြစ်နိုင်သေး၏။

အကယ်တိတိ ... လောကဘက်သို့မလှည့် လောကအပြင်ဘက်သို့သာ လှည့်မည်ဆိုလျှင်လည်း ...

ပထမအရွယ် တရားရှာက လင်ကား ရဟန္တာ၊ မယား အနာဂါမ် ကောန်ဖြစ်ရမည်။

http://www.dhammadownload.com



ဒုတိယအရှယ်တရားရှုရာက လင်ကား အနာဂါမ်၊ မယားသကဒါဂါမ် ကေန်ဖြစ်ရမည်။

တတိယအရှယ် တရားရှုရာက လင်ကား သကဒါဂါမ်၊ မယား သော တာပန် ကေန်ဖြစ်နိုင်၏။

သို့တစေလည်း ...

ထိုလင် ထိုမယားတို့သည် ကိုယ့်သတ္တိစွမ်း မစမ်းသပ် နေတတ် သလိုသာ နေလာကြလေရာ ...

အရက်သမားတို့အကပ် ပတ်ပတ်နပ်နပ်ကြီး ခံလိုက်ရချေပြီ။

အရက်သမားတို့အပတ် သတ်သတ်ခတ်ခတ်ကြီး ခံလိုက်ရချေပြီ။

ကိုယ့်အစွမ်း ကိုယ်မယုံ သူ့အစွမ်း ပုံအပ်ရသည်ကား မှေ့တာပင် မဟုတ်လော။

ကိုယ့်အား ကိုယ်မသုံး သူတစ်ပါးအသုံးခံရသည်မှာလည်း မှေ့တာ ပင်မဟုတ်လော။

မိဘတို့က အမွေခံ ခြေခံ မတောင့်တင်း။

ကိုယ့်စွမ်း ကိုယ့်က အမွေခံ ခြေခံ ခိုင်မခြင်း။

ကာမဘုံဖွား အို ... လောကီသားများတို့ ...

သင်တို့သည်လည်း ဘာမဆို မိမိ၏ အင်အားကို ချင့်၊ အရဲ့ဖြင့်ကြ ပါလေကုန်။

သင်တို့၏ လူ့ဘုံ လူ့ဂုဏ်မြင့် လူ့အမျိုးစုံ ဘဝတို့ဖြင့် စုမိထားသော ကံရိက္ခာဆုတို့ကလည်း အရှင့်မှဆင့် အဖွင့်သို့ ရှက်လွှင့်နိုင်လျှင် ဆုပ်ကိုင် နိုင်ခွင့် အဆင်သင့်။

http://www.dhammadownload.com



သင်တို့၏ လှအလှာ လှမွေတာမြင့် ဘာသာမျိုးစုံ ဘာဝနာစုံတို့ဖြင့် ပွားထုံထားသော ဉာဏ်ရိက္ခာ ဆုများကလည်း အဖွင့်မှဆင့် အရင့်သို့ ပွင့်စေနိုင်လျှင် ပိုင်ဆိုင်ခွင့်ကား အဆင်သင့်။

အကယ်၍သာ ...

မိမိအားအင် သတိဖြင့် မဆင်ခြင်မိ၍ အယုံတွင် မပုံရဲ မချင့်ဖြင့် မရဲလာလျှင်ကား ...

ကံတိုက်လာလည်း ဗလာခွေဖြင့် အသာနေ ...

ဉာဏ်တိုက်လာလည်း ဗလာခြေဖြင့် အသာနေကြလျှင် ...

ကြာသော် အသာနေ အသေနာကြတော့မည် ဟာရို့။

ဘုဗိဒ ဓူ၊ နတ်တော်လပြည့်ကျော် (၁၁)၊ ဓောနေ့ယူ။
[၁၀ – ၁၂ – ၂၀၀၂ ထုတ် ပေါ်ပြူလာဂျာနယ်]

# ၁၉။ ကျေးဇူး

စေတနာအခံထား ယဉ်ကျေးသော မေတ္တာတရားများ စူးဝင်လာခြင်းသည် ... ကျေးဇူး။

စေတနာအဆန်ပြု ယဉ်ကျေးသိမ်မွေ့သော ကရုဏာမှုများ စုဝေးလာခြင်းသည် ... ကျေးဇူ။

ထိုကျေးဇူ ကျေးဇူးများမှ မြစ်ဖျားခံလာသော ကျေးဇူးတရားသည် ညစ်ကြေးမတင် အပူစင်ရာမှ တောက်ပခြင်း အရည်ဝင်ခြင်းများ အနှစ်တည်လာသော မြေဖြစ်ရွှေနှင့် ကျောက်ဖြစ် စိန်၊ မြ၊ ပတ္တမြားစသည်တို့အလား ...

အပူမိုသဖြင့် အကူလိုနေသော သူတစ်ဖက်သား ကိုယ်ရှိသုခ တစ်ဝက်မျှပေးသော(စေတနာအခံထားသော) မေတ္တာတရား၏ အနှစ်အသားများသည်လည်းကောင်း။

တစ်ဖန် အပူဖျက်သဖြင့် အသက်ရန်ရှာခံနေရသော သူတစ်ဖက်

http://www.dhammadownload.com



ကား သူ့ရှိဒုက္ခ ကိုယ်တစ်ဝက်မျှ ခံလိုက်သော ကရုဏာတရား၏ အနှစ် အသားများသည် လည်းကောင်း၊

မည်သည့် ကိလေသာ အညစ်အကြေးများနှင့်မှ မရော။

မည်သည့် ကိလေသာအပူများနှင့်မှလည်း မထိ မစပ်။

ထိုသို့သော အရည်ဝင် အရောင်တောက် တစ်ခဲနက် မာကျောသော စိန်ကျောက်ပမာ စေတနာခံ မေတ္တာ ကရုဏာကံများကို ယဉ်ကျေးသိမ်မွေ့သော သူတော်ကောင်းမျိုးမှတစ်ပါး အခြားသူများ မပြုလုပ်၊ ရိုင်းစိုင်းသူတို့၏ အကျင့်မျိုးလည်း မဟုတ်။

ထိုမျှ အေးမြသန့်စင် အနှစ်အရည်ဝင် ယဉ်ကျေးမှုအခြေပြ ရက်ရောခြင်း ကူညီခြင်းသဘာဝ တစ်ဖက်လူ အကျွန်၏ နှလုံးအိမ်ခွင် ရင်ဝသို့ စူးဝင်နေပါသော်ကား ...

ထိုအကျွန်ကလည်း အယဉ်ပင် ဖြစ်ခဲ့ပါမူ တွေးမိသလောက် နှလုံးစိတ်ကလေး အေးခနဲ အေးခနဲ ကြင်နာလာရှာမည်။

အကယ်တိတိ ... ထိုအကျွန်က ရိုင်းပျသူဖြစ်နေပါမူ ထိုအပေး ထိုအရေး တွေးမိသလောက်လျှင် နှလုံးစိတ်ဝမ်း နင့်ခနဲ နင့်ခနဲ ကျွမ်းတော့သည်။

ထိုကျေးဇူးတရားနှင့် ဆက်စပ်ရာစကား ဆိုရပါမူ ...

ကတညုတ တစ်ဖက်သူ၏ ကူညီသော အပြုထူး အထူးသိတတ်နေခြင်း။

ကတဝေဒီ သိသလောက် တုံ့ပြန်ခေါက် ထိုကူညီသူအား အကျွန်ထောက်ခြင်း။

နတ်တလုစာစဉ်

http://www.dhammadownload.com



သို့မဟုတ် ရင်ဝထက် မြားချက်စူးဝင်နေခြင်း။

စူးဝင်နေသော ထိုးမြားချက် နုတ်ချွတ်လျှက် ထိုတစ်ဖက်သို့ ပြန်လည်ပစ်ခတ်ခြင်း။

ဤသည်သာ ယဉ်ကျေးသူချင်း ချစ်မြားသွင်း လင်းစေ လက်စေခြင်းတည်း။

ဘုရားရှင် ရွှေလက်ထက်တော်ကာလတုန်းက ...

ရာဓဆိုသော ပုဏ္ဏားအိုကြီးတစ်ဦး ခိုကိုးရာမဲ့ဘဝဖြင့် ဝမ်းရေးလည်း မဝ၊ နေရေးကလည်း မကျနှ၊ ဝတ်ရေးကလည်း မလှမပအဖြစ် ရောက်ရှိနေချေရာ ...

တစ်လောကလုံး၏ အားကိုးရာ ဘုရားရှင်ထံသို့ အရောက်လာကာ ၄င်းအား ရဟန်းအဖြစ် ချီးမြှောက်တော်မူပေးပါရန် ဘုရားရှင်အား ပန်ကြား အသနားခံ၏။ ထိုစဉ် ...

ဘုရားရှင်သည် သံဃာများအား စုဝေးစေ၏။

ထိုသံဃာအများ အစုံအညီ စုဝေးရောက်ရှိလာသောအခါ ...

ရဟန်းတို့ ... သည်ပုဏ္ဏားအိုကြီး၏ ကျေးဇူးတရား ဘယ်သူများရှိလည်း ရှိ၊ သိလည်း သိသနည်း။

သို့အတိုင်းလျှင် အမေးစကား နားဝယ်ကြားစေရာ ...

ထိုသံဃာ့အစည်းအဝေးကြီးတွင်းသို့ ရောက်ရှိနေပါသော အရှင်မဟာသာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ကာလကိုစု၍လည်း တစ်ခုပြီး တစ်ခု ဆက်စပ်ရှုကြည့်တော်မူ၏။ ပယောဂဆိုသော ထိုပုဏ္ဏားအိုကြီး၏ လှုံ့လကိုစု၍လည်း တစ်ခုပြီး တစ်ခုဆက်စပ်ရှုကြည့်တော်မူ၏။ ထိုစဉ် ...

http://www.dhammadownload.com



တစ်ချိန်သောအခါက ဤပုဏ္ဏားအိုကြီး သာဝတ္ထိဒေသတစ်ခုသော လမ်းဝမှထွက်၍ ဆွမ်းတစ်ဇွန်းမျှ လောင်းလှူခဲ့ရာမှ စူးဝင်နေသော စေတနာအခံ မေတ္တာ၏ ဒဏ်ချက် မိမိနှလုံးအိမ်ထက်မှ နင့်ခနဲ ထွက်လာသည်ကို သွားတွေ့ချေရာ ...

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ...

ဤပုဏ္ဏားအိုကြီး၏ ကျေးဇူး ဘုရားတပည့်တော်အပေါ်၌ စူးဝင်လျက် တည်ရှိနေပါသည် ဘုရား ... ဤပုဏ္ဏားအိုကြီးသည် တစ်ချိန်သော အခါက သာဝတ္ထိဒေသ တစ်ခုသောလမ်းဝမှနေကာ ဘုရားတပည့်တော်အား ဆွမ်းတစ်ဇွန်းမျှ လောင်းလှူခဲ့ဖူးပါသည် ဘုရား။

ထိုအခါ ထိုအရှင်မဟာသာရိပုတ္တရာကိုယ်တော်ကြီးအား ရာဓ ပုဏ္ဏားအိုကြီး၏ ဉပဇ္ဈာယ်အရာထားကာ ရဟန်းအဖြစ်ချီးမြှောက်ပေးရန် တာဝန်ပေးအပ်တော်မူခဲ့ပါချေပကော။

ကာမဘုံဖွား အို ... လောကီသားအပေါင်းတို့ ...

ကျေးဇူးသည် ကြွေးစူးသည်ထက်လည်း အရင်းကြီး၏။

ကျေးဇူးသည် ဆူး၊ မြား၊ သံချက် အဆိပ်တက်သည်ထက်လည်း ထန်ပြင်း၏။

သို့ကြောင့် ...

သင်တို့ကား သူတို့က စိတ်ဖြင့်၊ နှုတ်ဖြင့်၊ ကိုယ်ဖြင့် ကူပံ့ခဲ့ခြင်း၊ တစ်ဖန် ပစ္စည်းနေဖြင့် အကြံအားဉာဏ်အားများဖြင့် ထောက်ပံ့ခဲ့ခြင်းများ

များများမဟုတ် ထမင်းတစ်လုတ် ဟင်းတစ်ရှုပ်မျှ ရခဲ့ပါမူ ထိုသူ၏

http://www.dhammadownload.com



ကျေးဇူး အထူးလည်းသိ သိသလောက်လည်း ပြန်လည်ဖြည့်ဆည်းကြပါ ကုန်။

အကယ်တိတိ ...

ရှိလျက်မသိ၊ သိသော်မှ မသိဟန်ဆောင် ရှောင်နေပါမူကား မည်သည့်ကာလမျှ ထိုကျေးဇူး မဆွေး။ ဘဝဆက်ဆက် နောင်ခါမွေ တွေ့တိုင်း တောင်းပမာ မတောင်းလည်းပေး တောင်းလည်းပေး အကြွေးမပြတ် ကျေးထပ်လို့မကုန် လူပုံအလယ် အရှက်ရ မျက်နှာပင် မပြဝံ့ဘဲ ရှိနေကြမည်ဟာရို။

၁၃၆၂ ခုနှ ဝါဆိုလဆန်း (၁)၊ မောနေယျ။
[၁၇ – ၁၂ – ၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၂၀။ အားကြီးမာန်တက်

အင်အားများ ထင်သလို မလိုက်၊ မခံလိုသော မာန်သည် ဖိတိုက် တိုက်လာမည်။

ကြိုးစားတိုင်း အားထွက် ငါမှငါဟူသော မာန်ကလည်း တက်ဦး မည်။

လောကီအာရုံ ပွားထုံရာ၌ လိုက်သောအားသည် ရာဂမှီ ဆန္ဒအား ပင်ဖြစ်ရာ ဆန္ဒအား ကုန်ခမ်းခြင်းကြောင့် စိတ်မလိုက် ကိုယ်မပါတော့ သောအခါ မာနအားသည် မခံချင်စိတ် ဒေါသကိုမှီလျက်က ရှေ့သို့ထွက် လာခဲ့ရပြီသာ။

တဏှာမှဖြစ်သော ဆန္ဒအား မလိုက်၍ ဒေါသကိုမှီသော မာနအား က ဝင့်တိုက် တိုက်လာခြင်းများတည်း။

တစ်ဖန် တဏှာမှဖြစ်သော ဆန္ဒအား၏ ကြီးမားလွန်းရာမှ စိတ် ခတ်လည်း ကြွ၊ ရုပ်ခတ်လည်း ထလာကာ တစ်ဖက်အာရုံတိုက် မရ

http://www.dhammadownload.com



အရသိမ်းပိုက်ဖိလေသောအခါများ၌လည်း တယ်ဟုတ်ပါလား ငါဟူသော ဝင့်မာန်ကြီးနှင့်အတူ မာန်သည် သူ့ချည်းသက်သက် တက်လာခဲ့ရမြဲသာ။

အင်အားများ ကျိုးပဲ့သွားသဖြင့် တက်လာသော မာန်ဖြစ်စေ ...

အင်အားပြည့် ကြိုးစားရာမှ တက်လာသောမာန်ဖြစ်စေ ...

မာန်တက်လာလျှင်ကား ပညာမဖက်၊ ဒိဋ္ဌိ ငါစွဲဘက် လဲလျက်က ချည်းသာ။

အလောင်းကစားရာ လူတကာတို့၏ ဟီန မာနကသာ လောက မှာ တွင်ကျယ်နေသောကြောင့်။

အလောင်းတော်တကာ သူတော်စွာတို့၏ ပဏီတ မာနကား လော ကမှာ မဆင်းသာသောကြောင့်။

တဏှာထန် မာန်ဖြစ်၊ ဒေါသထန် မာန်ဖြစ်၊ ထိုထိုအညစ်များကား ယုတ်ညံ့သော မာန်ထားများတည်း။

ထိုမာန်များဖြင့်ပင် လူငယ် လူရွယ်တို့၌ ကာယအား၏ ပွားအတိုး မာန်များက အားချိုး၍ချည်း ချပစ်နေတော့ရာ အငယ်ပလပ်၍ အလပ် သာဖြစ်၊ စီးပွားဥစ္စာကား ထင်သလောက်မဖြစ်။

တစ်ဖန် အလတ်၏အားအစ် ထိုအလတ်ရှိ အားမာန်တို့က တိုး သလောက် ချိုးပစ်ပြန်ရာ အလတ်ကုန်အကြီးဖြစ်၊ စီးပွားဥစ္စာကား လို သလောက်မဖြစ်။

တစ်ဖန်လည်း အကြီး၏အားကျိုး။ ထိုအကြီးရှိမာန်တို့က တအား ထိုး ဆောင့်ချလိုက်ရာ အသက်ညွန့် ဥစ္စာညွန့် လွန့်၍မတက် အသက် ထွက်ပေးလိုက်ရချေပြီ။

http://www.dhammadownload.com



ထိုသို့ အားအင်အတိုး မာန်ဝင်ချိုးကြောင့် အားကျိုးမာန်တက်ဖြစ်နေရာတွင် ...

ငယ်ရွယ်သူများက ခန္ဓာမာန်၊ ကိလေသာမာန် မာန်နှစ်တန်တို့ဖြင့် အချိုးခံ။

ကြီးသူများကား ခန္ဓာမာန် ကျိုးပြီးဖြစ်နေ၍ ကိလေသာမာန်တိုးဖြင့်သာ အချိုးခံ။

ထိုစဉ် ... သန်မာထွားကျိုင်းလာနေသော ခန္ဓာအားမာန်ကိုမှီ၍ ငါကြီ ဘာခံနိုင်မှာလဲ၊ ငါခွဲ ကိလေသာမာန် ထန်ထန်သန်သန်ဖြင့် လူငယ်ဘဝတွင် ကိုယ့်အားကို ကိုယ့်မာန်က ချိုးဖြင့်ပင် ရှေ့သို့အထင် အခင်ဆင့်ကာ တွင်တွင်ကြီး တက်လာခဲ့ကြပါ၏။

သို့ဖြင့်ပင် ပထမအရွယ်၏ အားတိုး၊ အားညှိုးသို့ ထိုးဆိုက်သွားခဲ့ရချေပြီ။ တစ်ဖန် ထိုညှိုးနေသော လက်ကျန်အားများဖြင့်ပင် ဤကာလခေတ်၏ ဒုတိယအရွယ်ဖြစ်သော အသက်သုံးဆယ် လေးဆယ်တို့အတွင်း ခရီး ပြင်းနှင်လာခဲ့ကြရာ ကံ ဉာဏ် ဝီရိယကို ပစ်ချထား တဏှာ မာန ဒိဋ္ဌိတို့၏ မာန်ထားနှင့်ချည်း တိုးဝင်မိခြင်းကြောင့် ညှိုးသောအား ဆိုးဝါးလာခဲ့ပြီ။

သို့တိုင်လည်း နောက်မှတက်၍ ဆက်လိုက်လာနေကြသော သားသမီးများ အားကိုးဖြင့် သားဇော သားမာန်များပါ ဖွတ်နှိုး၍ ခေါ်လာခဲ့ကာ ယင်းလေးဆယ်တွင်းရောက် အားဆိုးကို အလှမာန် ဓနမာန် အခြေမာန်က သုံးဆင့်၊ တစ်ဖန် ခန္ဓာမာန် ကိလေသာမာန်က နှစ်ဆင့် ရှက်ကုန်ဖွင့် ငါးဆင့်ထိုးတို့ဖြင့် ချိုးဖျက်ချလိုက်ရာ ညှိုးရာမှဆိုး၊ ဆိုးရာမှ ကျိုးအထိ

http://www.dhammadownload.com



ကာယအားများ ကျိုးပျက်သွားရချေပြီ။

သို့တိုင်လည်း ရှိနေသော အားကျိုး ဉာဏ်အားကိုးဖြင့် သားသမီးတို့၏ ကာယအားအပေါ်တွင် မိမိ၏ဉာဏအဖော်အဖြစ်တင်ကာ လေးဆယ်၊ ငါးဆယ်၊ ခြောက်ဆယ်အတွင်း ခရီးပြင်းနှင်လာခဲ့ကြပြန်ရာ ...

သားနှင့် သမီး ရှိပစ္စည်းများကိုလည်း သားမက်နှင့် ချွေးမတို့က ဝေခြမ်းယူ။ ကာယအား ဉာဏအား ရှိသမျှအားများကလည်း မာန်မှိုဝါးသွားသဖြင့် လက်ကျန်မများ။

ထိုမလုပ်နိုင် မကိုင်နိုင်သည့် အားကျိုးချိန်ကား ကိလေသာမာန် အစွမ်းကုန် တက်ကြပြီ။

ငါလုပ်နိုင်တုန်းက ခင်းတို့လို မဟုတ်ပေါင်၊ တောင်ကိုပင် ကိုင်မ။

ငါပေးနိုင် ကျွေးနိုင်တုန်းက ခင်းတို့က တစ်မျိုး။ ခုကျတော့ ချောင်ထိုး။

ဤသို့သော တစ်ကိုယ်တော် ကိလေသာမာန်ဖြင့်ပင် တစ်သက်တာ ကုန်ချိန် စောင့်ဆိုင်းနေကြရပြီ။ အားအစ် မာန်အထွက် ကိလေသာသက်ဖြင့် ခရီးဆက်ခဲ့ရသူတို့၏မေ့တာကား အသက်ကြီးလေ ပျက်စီးလေသာ။ ခေါင်းတုန် လည်ယမ်း၊ သွေးကုန်ခန်းလေ စိတ်ကြမ်းလေသာ။

အဘိုးကြီးကစိတ်တို့၊ အဘွားအိုက ဇွစ်တောက်ဇွစ်တောက်မဟုတ်လော။

အဘိုးကြီးက ခြေကားရား လက်ကားရား၊ အဘွားကြီးက စိတ်ကစား မဟုတ်လော။

ကာမဘုံဖွား အို ... လောကသားများတို့ ...

သင်တို့သည်ကား အားတိုးစဉ် မာန်တက်၊ အားကျိုးလျှင်ကား မာန်လည်း ဖျက်ကြပါလေကုန်။ အကယ်တိတိ ...

အားကသာ ညှိုး။ တိုးရာမှ ကျိုးနေပါလျက်က ကိလေသာမာန်က တက်နေပါချေသော် ...

သားနှင့်တွဲလည်း မတည့်၊ သမီးနှင့်တွဲလည်း မတည့်။

ထို့အောက်ဆင်း မြေးရင်း မြစ်ရင်းများနှင့် မတည့်ဖြင့်၊ ထိုမတည့် ဤမတည့် မတည့်နှင့်ချည်းသာ အချိန်ကုန်နေကြလျှင် သေရွာရောက် သော်မှ အပေါက်မတည့်ဖြစ်ကြတော့မည် ဟာရို့။

၁၃၆၂ ခု ဝါခေါင်လဆန်း (၁၄)၊ ဗောနေ့ယျ

[၂၄ – ၁၂ – ၂၀၀၂ ထုတ် နေသဂျာနယ်]

http://www.dhammadownload.com

## ၂၁။ နှမြော

နှစ်သက်ခြင်းများမှ မျောပါသွားခြင်းသည် ... နှစ်မျော၊

နှစ်သက်ခြင်းအားလုံးတို့အကြား နစ်မြုပ်ဝင်သွားတော့ခြင်းသည်... နှစ်မြော။

လူတစ်ဦး၌ နှစ်သက်မှုမရှိလျှင် မိမိရှိပစ္စည်းများ ဣဿာ မစ္ဆရိယ တို့၏အကြား မျောပါသွားရချေပြီ။

တစ်ဖန် မိမိပစ္စည်း၏ မိမိနှစ်သက်မှုက အင်အားကြီးမားနေချေ လျှင် ဣဿာမစ္ဆယတို့အကြား၌ပင်မိမိ၏စိတ်စေတနာများ မြုပ်ကွယ်သွား တတ်လှချေသည်။ မပေးရက်လို မကာမ်းလိုတို့အကြား စေတနာနစ်မြုပ် သွားခြင်း။

ထိုအခါ စေတနာတွန့်သလောက် လက်တိုသွားတော့ရာ တွန့်တို ခြင်းကိစ္စ ပေါ်လာရချေပြီ။

ထိုနှမြောတွန့်တိုခြင်းတို့သည် ...

http://www.dhammadownload.com



စင်စစ် မိမိဥ္စာဖြစ်ရန်ရှိသော အခြေအရံနှင့် စီးပွားဥစ္စာများကို မိမိ လယ်ထဲသို့ စီးတွဲပြေးဝင်လာနေကြသော ရေလုံးရေမြစ်များအား ကတွက် ပေါက်ဝခဲချလျက်က တားဆီးပိတ်ဆို့လိုက်သည့်ပမာ ကာဆီးပိတ်ဆို့လိုက် ခြင်းပင်ဖြစ်ရာ ကောင်းကျိုးပြုကား မဟုတ်ပြီ။

ပေးကမ်းခြင်း၊ ရက်ရောခြင်းများသည် မိမိအနှစ်သက်ဆုံး အမြတ် နိုးဆုံးတို့ဖြင့် သူတစ်ဖက်သား နှစ်သက်မြတ်နိုးစွာ ခံစားသုံးဆောင်ခွင့်ရ ရန် မျက်မြင်အားဖြင့် မိမိပစ္စည်းများ သူတစ်ပါးအလကားပေးလိုက်ရခြင်း ဖြစ်ပြီး အမြဲတေအားဖြင့်ကား တစ်ခုပျိုးက တစ်ဘဝအကျိုးရ၊ အချိုးကျ ဖြင့် စေတနာက ပွားပေးနေခြင်းပင်။

မျိုးစေ့တစ်စေ့ လယ်ခင်းယာခင်းထဲ ပစ်ကြဲထားခဲ့ခြင်းသည် အလ ကားမဟုတ်။

စေတနာတည် ပစ္စည်းတစ်ခု၊ တစ်ဖက်၏ သီလရှုထဲ ပစ်ကြဲထား ခဲ့ခြင်းလည်း အလကားမဟုတ်။ ဒါနရှိသော စေတနာသဘောသတ္တိ ရိပ်မိနေခဲ့သော် မည်သူမဆို အလှူရေစက် လက်၌မကွာ ပေးလှူနေကြ မည်ချည်းသာ။

ဘုရားရှင် ရှေ့လက်ထက်တော်ကာလတုန်းက မစ္ဆရိယ ကောသိယ သူဌေးဟူသည် ရှိခဲ့၏။ ယင်း၏အမည်မှန်ကား ကောသိယမျှသာ။ သူ တစ်ဖက်သား ပေးကမ်းချီးမြှင့်ရာ၌ နှမြောတွန့်တိုလွန်းလှခြင်းကြောင့် ယင်းကောသိယနာမည်ရှေ့ မစ္ဆရိယအမည်သစ် ဝေ့ဝင်လာခြင်းပင်။

တစ်နေ့ တစ်နေရာမှ မိမိအိမ်သို့အပြန် ...

http://www.dhammadownload.com



လမ်းဝယ် မုန့်ဆီကြော်များကို ပယ်ပယ်နယ်နယ် မြိန်ရှက်ရေ စားသုံးနေသောလူတစ်ယောက်ကို တွေ့မြင်ခဲ့ရရာ ထိုမြင်ကွင်းကား မျက်စိထဲမှ ပြန်လည်ထုတ်မရတော့ပြီ။

ပြန်လည်ထုတ်ပစ်၍မရတော့သဖြင့် တစ်ခါ စိတ်ဝယ်ပေါ်ထင်လာတိုင်းလည်း တစ်ခါပင်လျှင် ခံတွင်းချဉ်ပြီး တစ်ခါပင်လျှင် သွားရည်ယိုမျှသိပ်ထားခြင်းငှာလျှင် မတတ်သာပြီ။

သို့နှင့် အိမ်မှာပင် မုန့်ကြော်ကြော်စားရန် ရှေ့စိတ်က အကြံပေါက်၏။

နောက်စိတ်များကလည်း သူများတွေဝင်စား အလကားကုန်သွားမှာပေါ့ အကြံဖောက်ကြ၏။ ကြာသော် ကျိတ်မနိုင် ခဲမရစိတ်ဖြင့်ပင် အိပ်ရာထဲ ဗုန်းဗုန်းလဲရှာပြီ။

ထိုအရေး သူဌေးကတော်ကြီးက မေး၏၊ မပြော။

နှစ်ကြိမ် သုံးကြိမ် လေးငါးကြိမ်မြောက်မေး၏။ မြို့လျက်က။

သူဌေးကတော်ကြီးကား မလျော့၊ အမျိုးမျိုးလှည့်ကာ ပတ်ကာဖြင့် မရမက မေးတော့ရာ မုန့်ဆီကြော်မစားရခြင်းကြောင့်ဟူသော အဖြေထွက်ပြူ၍ လာရှာပြီ။

"သည်လိုဆို ... အစေခံများကို အကြော်နိုင်းလိုက်မည် ... "

"အို ... သူတို့ပါ စားကုန်မှဖြင့် ... "

"သည်လိုဆို ... အရှင်နှင့်ကျွန်မ နှစ်ဦးတည်း ကြော်ကျွေးပါမည်"

"အို ... သင်ပါ ဝင်စား ကုန်မှာပေါ့ ... "

http://www.dhammadownload.com



"သည်လိုဆိုလည်း... ကျွန်မ မစားပါ ...အရှင့်အတွက် တစ်ယှက်စာ မှျကိုသာ မည်သူမှုမမြင်ရာ ဘုံခုနစ်ဆင့် အမြင့်ပေါ်တက် ကျွန်မကြော်ကျွေးပါရစေ ... "

"စိန်လိုက် ... "

သို့ဖြင့် တစ်ခုသော နံနက် မုန့်တစ်ယှက်ကိစ္စ ဘုံခုနစ်ကျော်ိုင် နှစ်ဦးသားတက်ခဲ့ကြပြီး ကြော်လေရာ ဇေတဝန်ရှိ ဘုရားရှင်သည် မြင်တော်မူ၏။ ဤကိစ္စအကြောင်းပြု၍လည်း သူဌေးကြီးလင်မယား တရားထူးရရန်ကိုလည်း မြင်တော်မူ၏။ စေတနာပွားကြောင့် မုန့်တစ်ယှက်စာကပင် သံဃာစုံ အကုန်ဝလင်သည့်အဖြစ် သူဌေးကြီးလင်မယား ပြန်လည်စားသည့်တိုင် ပွားမြဲပွားမည်ကိုလည်း မြင်တော်မူ၏။

သို့မြင်သည့်အလျောက် တန်ခိုးရှင် အရှင်မောဂ္ဂလာန်ကိုလွှတ်၊ ချွတ်စေရာ ... မုန့်တစ်ယှက်မှ တစ်ချက်သောစေတနာ အရှင်၏သီလမြေခွင်ပေါ်သို့ ဖိတ်စဉ်ကျသက်စေပြီး ကျွေးမကုန် လှူမခန်း ဇေတဝန်ရဟန်းအားလုံးဝမ်းဝယ် ပြည့်လျှမ်းစေခဲ့ကြပြီ။

သူဌေးကြီးလင်မယားတို့သည်လည်း မုန့်လည်း အဝ၊ တရားထူးလည်း ရ၊ တစ်မင် တစ်ဖိုလ်သို့လည်း ကျဖြင့် အားရနှစ်သိမ့်စေခဲ့ပြီ။

ကာမဘုံဖွား အို ... လောကသားများတို့ ...

သင်တို့သည် အတိတ်က ပို့နေသောရိက္ခာ နမြောဖြင့် ဝိတ်ကာမထားကြပါကုန်လင့်။

အတိတ်၏ဘဝများစွာ ကမ္ဘာကမ္ဘာက ပြုစုခဲ့ကြသမျှ ဒါနမှု၊ သီလမှုတို့၏ ကံသတ္တိအရှိန်အဟုန်များသည် ရံရက်ရရန် စောင့်နေသော ဓာတ်

http://www.dhammadownload.com



ကားများပမာ စီတန်းလျက်သာ သည်ဘဝထဲစီးဝင်ရန် စောင့်နေကြပါသည်။

ထိုကံသတ္တိ၏ တွန်းလွှတ်အားကြောင့်လည်း ယခုပစ္စုပ္ပန်အကြံ ကံလိုက်၊ နှုတ် ကံလိုက်ပြီး အလုပ်ကံလိုက်အထိပင် စမ်းစိမ့်ရေကျပမာ စိပ်စိပ်ကျ မွှမွှဝင် အလျှင်များလည်း မျက်မြင်ပင်ဖြစ်ပါသည်။

သို့စဉ်လျက် ငါ၊ ငါ့ပစ္စည်း၊ ငါပိုင်ထဲ သူပိုင်မှ ဖွင့်ပြီးမလွှတ်မိခဲ့ပါသော် ကံဟောင်းလည်း ဆွေး ကံသစ်ကလည်း အခြေမပေးသဖြင့် ရွှေဝေး ငွေဝေး၊ တော်ကြာ ဒုက္ခသူဌေးချည်း ဖြစ်ကုန်ကြတော့မည်ဟရို့။

၁၃၆၂ ခု၊ ဝါခေါင်လဆန်း (၁၃)၊ မောနေ့ယျူ
[၁ – ၁ – ၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၂၂ ကျေအေး

အခဲမကျေ ရန်မအေး၊ တစ်ကွေ့ကွေ့ အပြေပေးရမည်။

အစွဲမကျေ ကံမအေး၊ တရွေ့ရွေ့ပင် အနေပေးရသည်။

တစ်ဦးနှင့် တစ်ဦး သည်းမခံနိုင်ရာသို့ ကူးလူး၍ လွန်ကျူးမိချေသော် မကျေချမ်းနိုင်စရာသော အတေးအခဲများ ရှိးတွင်းခြင်ဆိပြည့် အဆိုးတ်စွဲနေတော့ချေရာ ...

အချို့ ဝန်ချတောင်းပန်ရုံမျှဖြင့် ကျေအေးသွားစေသည်။

အချို့ အချိုငွေဒဏ်ဆောင်မှ သောင်သာသည်။

အချို့ အချိုကား ကြိမ်ဒဏ်မှသည် ထောင်ဒဏ် သေဒဏ်အထိ ကျခံပေးမှ ကျေအေးပြီးပြေသွားတော့သည်။

သည့်ပမာလျှင် ...

လူဖြစ်စေ၊ နတ်ဖြစ်စေ သတ္တဝါအစားစားဖြစ်စေ တစ်ဦးထီးတည်း၌ပင် အာရုံကို ကိုင်ဆွဲ လွန်ကျူးပွဲများမှ ရခဲ့သော အတေးအစွဲများ ...

နတ်တလုစာစဉ်

http://www.dhammadownload.com



အချို့ လက်မလွှတ်ချင်လောက်အောင် ကြိုက်လွန်လွန်း၍ အခဲ တည်၏။

အချို့ မကြည့်ချင်တော့လောက်အောင် မုန်းလွန်လွန်း၍ အခဲတည်၏။

အချို့ မသိကျိုးကျွန်ဖြစ်လောက်အောင် မိုက်မဲလွန်းလှ၍ အခဲ တည်၏။

ထိုသို့ အခဲ သုံးခဲတို့နှင့်အတူ မာနခဲ၊ ဒိဋ္ဌိခဲ၊ တဏှာခဲ စသည် စသည့် ကိလေသာ သံယောဇဉ်တရားကိုယ် အကျိတ်အခဲများ ...

တစ်ဘဝမျှမက ဘဝကလည်း အဆက်ဆက်၊

တစ်ကြိမ်မျှမက အကြိမ်ပေါင်းကလည်း ထောင်းလမောင်းထ၊

စိတ်ဝယ် တည်ရှိနေရှာတော့ရာ အေးသည် ဘယ်မရှိ အပူမိလျက် နေရပြီ။ ဟိုအစွဲ အခဲမကျေ၊ သည်အစွဲ အခဲမကျေ။ လျှောက်ထေ၊ မှောက် ထေ ထေပေးနေသော်မှလည်း မကျေသေးကြပြီ။

ထမင်းပူ ယူစား၊ ခဏနှင့်ပင် ကျေသွားပါ၏။

လူချင်းပူ ယူစား၊ တစ်ဘဝနှင့်လည်း မကျေ၊ နှစ်ဘဝ သုံးဘဝတို့ ဖြင့်လည်း မကျေ။

စေတနာ၏မာန် ခက်ထန်လွန်းသောကြောင့်တည်း။

အာရုံဆွဲရာ တွဲလွဲပါ များလွန်းသောကြောင့်တည်း။

ဝေဒနာ၊ သညာ၊ ဝိညာဉ်တို့၏ အမှားသုံးဆင့် နှင့်နေအောင် ခံထား ရသောကြောင့်တည်း။

သို့ကြောင့်လျှင် ...

http://www.dhammadownload.com



တဏှာပူဆာ ကာမအရာဖြစ်သော ဖောက်ပြားမှုများ တစ်ကြိမ် သွားလာခွင့်ရလည်း အခဲမကျေ။ တစ်ဘ၀လုံးလုံး လိုသလို သုံးရှောဆို ပိုဆိုး၊ ရာဂပွဲ အခဲကျေလျက်က အသေဘက်ကူးသွားကြသော မသာဟူ ၍ တစ်လောင်းမျှ မတွေ့မိ။

သည့်အတူ ငါစွဲ၊ သူစွဲ၊ ချစ်စွဲ၊ မုန်းစွဲများမှဖြစ်သော အခဲမကျေမှု များကလည်း ကျပ်ခိုးစွဲ မီးဖိုခေါင်ပမာ အဆီရွှဲရွဲ အမည်းပိုပိုဖြင့် ခဲနေချေ တော့ရာ ထိုအခဲများ ကျေကျေဖြင့် သေသွားရသူဟူ၍လည်း တစ်ဦးမျှ မတွေ့မိ။

သည့်အတူ သောကစွဲ၊ ပရိဒေ၀စွဲ၊ ဒုက္ခစွဲ၊ ဒေါမနဿစွဲ၊ ဥပါယာသစွဲ များနှင့်တကွ ဘ၀စွဲ၊ ခန္ဓာစွဲအထိ အစွဲနာရာမှဖြစ်သော အခဲများကလည်း ဖိုခွင်တင်အိုးများ၏ အိုးဖင်ပမာ အမည်းထပ်ထပ် အကပ်ထူထူဖြင့် ခဲနေ ချေတော့ရာ ထိုအခဲများ ကျေပျောက်မှ အသေဘ၀ရောက်ရသူဟူ၍ လည်း တလေတစ်ယောက်မျှ မကြားမိ။

အခဲမကျေသေးသမျှ အေးဆေးကြရပြီဟူ၍ မဆိုသာ။

သို့စဉ်လျက် ...

လူသားတိုင်း ရှိရင်းစွဲအခဲ မချေကြသည့်အပြင် နောက်ထပ် နောက်ထပ် အခဲများကိုချည်း ထပ်လိမ့် ထပ်လိမ့်၍ချည်း အထင်ခံနေကြ ပါကုန်၏။ လေးမုန်းပင် မသိလေရှောသလား မသိ၊ ပူမုန်းလည်း မသိလေ ရှောသလား မသိ။

တစ်ဖက်က သနား၍ ကြိုက်ခဲလေးများ ဆွဲတင်မပေးလျှင် မကျေ

http://www.dhammadownload.com



နပ်ချင်ကြပြီ။

တစ်ဖက်က အားနာ၍ အာရုံခံလေးများ ဆွဲမပေးလျှင် မကျေနပ်ချင်ကြပြီ။

သို့နှင့်ပင် ငါခံကြီး မကျေကြသေးသဖြင့် ငါစွဲဘေးကြီးမှလည်း မအေးကြရပြီ။

သို့နှင့်ပင် ချစ်ခံ မုန်းခံကြီး မကျေသေးကြသဖြင့် ချစ်ဘေး မုန်းဘေးကြီးများမှလည်း မအေးကြရပြီ။

သို့နှင့်ပင် ဘဝခံကြီး မကျေကြသေးသဖြင့် ဘဝစွဲဘေးကြီးမှလည်း မအေးကြရပြီ။

ငရုတ်သီးထိုး ပိုးမျိုးဖြစ်နေကြသဖြင့် ငရုတ်ပူမကြောက်ခြင်းမျှသာ။

အပူကို အပူမှန်းသိလျှင်ကား ခေါင်းပင်လျှင် ပြူငုံ့ကြမည်မဟုတ်ကြ။

ကာမဘုံဖွား အို … လောကသားများတို့ …

သင်တို့လက်ထဲရှိအခံများ ထုခွဲချေဖျက် ကျေရာသို့ ပက်ခဲ့ကြပါကုန်။

အကယ်တိတိ …

အခံ အခု လက်ထဲစု၍ ကိုင်ဆုပ်ကာ အပိုင်လုပ်ထားမိပါချေသော်

အပါယ်လာတော့ သူ့ကြောင့်ပူ အေးအေးလူလူ မနေရ။

အတွယ်လာတော့ ကိုယ့်ကြောင့်ပူ အေးအေးလူလူ မနေရ။

http://www.dhammadownload.com



အရွယ်လာတော့ ခန္ဓာကြောင့်ပူ အေးအေးလူလူ မနေရ။

ဒီဠိ၊ တဏှာ၊ ဘ၀ရာဂ အပူထသဖြင့် ဖင်တကြွကြွဖြစ်နေကြမည် ဟရို့။

၁၃၆၂ ခုနှစ် ဝါခေါင်လဆန်း (၁၂)၊ မောဝနယျ။
[၇ - ၁ - ၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၂၃။ လှည့်ဖြား

မိရာအာရုံသို့ လှည့်လည်ကျက်စားမိသူသည် သူတစ်ပါး ဖြား ယောင်းမှု မုချခံရမည်။

မိမိ၏နှလုံးသွင်းမှား ကိုယ့်စိတ်က ကိုယ်လှည့်စားခံနေရသူသည် လည်း အာရုံ၏ ဖြားယောင်းမှု မုချခံရမည်။

အာရုံသို့ မိမိစိတ်က လှည့်ပတ်သွားမိရာမှဖြစ်စေ၊

မိမိ၏ စွဲစိတ်က မိမိသိစိတ်ကိုလျှင် လှည့်စားနေ၍ဖြစ်စေ၊

ထိုအလှည့်သမား သူတကာ၏ ဖြားယောင်းမှုတရား မနာကြားခဲ့ ရသည်မရှိချေ။

အာရုံသည် ခေတ်မီနိုင်ငံတော်ကြီးများမှ တီထွင်ထားသော စီးက ရက်နှင့် တူ၏။ ထိုစီးကရက်သည် သောက်သုံးသူထံမှ ထွက်ကျလာသော အနံ့အသက်လမ်းကြို့အဖြစ်ဖြင့် ရှူမိ ရှိုက်မိသော် အနံ့မွှေး ပြေးသောက် ချင်စရာပင်။

http://www.dhammadownload.com



အကယ်တိတိ … မိမိကိုယ်တိုင် ဝယ်ယူကာ သောက်သုံးကြည့်ပါက … နှုတ်ခမ်းနှစ်ခုစလုံး ပူထူ၊ လျှာပြင်မှူ စပ်ရှားရှား၊ လည်ချောင်းမှာမှူ ယားပြီး ဝမ်းတစ်လျှားလုံးကား ပူခါး၊ ခေါင်းမှာကား မူးဝေမူးဝါးသာ။

သည့်ပမာလျှင် … တစ်ဖက်ရှိ အာရုံမျှင် တစ်မျှင်မျှ အခင်မိသွားသူ၏ စိတ်၌လည်း စိတ်မှငေးသော အတွေး၏သရုပ်ဖော် ဓာတ်လမ်းတွင်ကား …

အာရုံကလည်း မထိတထိ ယားကျိကျိအဖြစ် လာကလိနေ၊

အတွင်းနေ သညာ၏အမှတ်များရာမှ အသိမှား အမြင်မှား စိတ်ထားကလည်း ကစားနေ။ သို့ဖြင့်ပင် အငွေ့တောင် သည်လောက်ကောင်းအတွေ့ဆိုဟူသော အတွေး ပြေးဝင်လာပြီ။

ထိုမှနောက် …

အမြင်လောက် စိတ်ကစား၊ အကြားက နားယားလာအောင် ကလိခြင်းကို ခံရမည်ကား မုချ။ တစ်ဖန် အကြားနားဆင်၊ အနံ့က ဝင်လာတဲ့ကာ တွယ်ဖွဲ့လာခြင်းကို ခံရမည်ကား မုချ။

အကယ်တိတိ … အာရုံအရှိ ငါးပါးအလှည့်တွင် အမြင်မှာ ကြည့်ခွင့်၊ အကြားမှာ နားကျက်စားခွင့်၊ အနံ့မှာ နမ်းခွင့်အထိ သုံးပါးမိ လှည့်ခွင့်အပေးခံရသူများအဖို့ ကျန်နှစ်ပါး၏ ဖြားယောင်းခြင်း ဟင့်အင်းပင်ဆိုချိန်မရှိ။ လည်စင်းလျက်က အမိခံလိုက်ကြရသည်ချည်းသာ။

စိတ်စဉ်ကစား အာရုံကြား သွားလာကျက်စားမိက အာရုံများ ဖြားယောင်းခံရမည်။

http://www.dhammadownload.com



ရှေ့စိတ်ကြား နောက်စိတ်တို့က လှည့်ပတ်ကစားနေက စိတ်စိတ်ချင်း မျှား ဖြားယောင်းခံရမည်။

မျောက်သည် ဆော့သော အလေ့အထရှိ၏။

ထိုဆော့သော အလေ့အထကြောင့်ပင် အသစ်ကမ်း အဆန်းထင် စမ်းချင်စိတ်လည်း အားကြီး၏။ အတုမြင် အတတ်သင် နှံမင်စိတ်လည်း အားကြီး၏။ အလိုလိုက်စား လိုရာအကြား ပျော်ပါးလိုသော ပုထုဇဉ်စရိုက် လူ့အမိုက်များနှင့် တူသလိုလိုပင်။ ထိုစဉ် ...

မျောက်သားစားလိုသော တောမုဆိုးသည် အကြံတစ်မျိုးထုတ်၏။ လိုက်ရန်လည်း မလို၊ ခွေးကိုလည်း အကိုက်မခိုင်း၊ မျောက်ကိုယ်တိုင် အဖမ်းခံစေသော နည်းသစ်တစ်မျိုး။

မျောက်တို့၏ မျက်စိ အကလိဆုံးကား မျောက်နဲ့စေးခေါ် သစ်ဆေးတစ်မျိုးတည်း။ မုဆိုးသည် ထိုသစ်စေးများကို နေထွက်ပြုလာခါစ၏ နေရောင်ကျရာဘက်ရှိ ကျောက်တုံးကြီး၏ နံပါးတွင် အလျားလိုက် ထူထဲစွာ သုတ်လူးပေးထားလိုက်ပြီး မိမိကား သင့်တော်ရာချုံအုပ်အတွင်းမှပင် ထိုင်ရင်းစောင့်နေလိုက်တော့သည်။

ထိုစဉ် ... သစ်ပင်မြင့်ဝယ် အသင့်ရှိနေကြသော မျောက်အုပ်ကြီးသည် နေကလည်း ပြူတူ ပြူတူ၊ အစေးကလည်း ကလူ ကလူကြောင့် အောင့်၍ပင် မနေနိုင်တော့ရာ ပထမအကြီးအကဲမျောက်ကြီး ဆင်းလာပြီး စိတ်မရိုးမရွဖြစ်အောင် ဖြားယောင်းနေသော ထိုအစေးဖွဲ့ကို ယာလက်ဖြင့် ဖိအုပ်အုပ်၍ ဆုပ်ကြည့်၏။ အစေးကိုကား မအုပ်မိ၊ မိမိလက်သာ အစေးဖြင့် ငြိမိနေတော့၏။ သို့ကြောင့် ...

http://www.dhammadownload.com



ဝဲလက်အကူဖြင့် ထောက်ဖြတ် ဖြတ်ရာ ဝဲလက်ပါ မိရာဝင်ပါခဲ့ရ၏။ သို့ကြောင့် ထိုလက်နှစ်ဖက်အမိ၊ ယာခြေဖြင့် ထိထိမိမိ ကန်ဖြတ်ပြန်ရာ ယာခြေပါ အမိခံရ၏။ သို့ကြောင့် ကျန်ခြေတစ်ဖက်ဖြင့် ယက်ကန်ကန်ဖြတ်ပြန်ရာ ယင်းခြေပါ ငြိရာ အမိပါသွားပြီ။

ထိုအခါ ထိုမျောက် ထန်စိတ်လည်းပေါက် မာန်စိတ်ဖောက်ဖြင့် တစ်ကိုယ်လုံး၏ အားအကိုးဆုံးသော ဦးခေါင်းဖြင့် ထောင်းထောင်းထဆောင့်တိုက် ဝင်တိုက်ချေရာ၊ ခမျာ ... ပဉ္စငါးပါး တစ်ပါးမျှမကျန် အားလုံးအားလုံးပင် အမိခံလိုက်ရချေပြီ။

မျောက်နဲ့စေးနှယ်၊ အာရုံကြွယ်၊ ကြီးကျယ်ကြောင်းရင်းများ ဆိုစကားအတိုင်း ပရိယာယ်ကြွယ်လှသော အာရုံ၏ ဖြားယောင်းရာအကြားဝယ် ... မျောက်သွေးပါ လူသားများလည်း ကားရားနှင့် ပြားပြားချည်းသာ။

ကာမဘုံဖွား အို ... လောကီသားများတို့ ...

သင်တို့သည်လည်း အာရုံတို့၏အဖွဲ့ ကိုယ့်ဝေဒနာက ကိုယ့်ပြန်ချဲ့၊ ကိုယ့်သညာကလည်း ကိုယ့်ပြန်ရွဲ့ကာ ကိုယ့်ဝိညာဉ်ကပါ ကိုယ့်အား ပြန်လည်၍ လှည့်စားနေပါသည်ကို အမှားကြားဝေ့ အတွေ့နောက် အမေ့ကောက် လိုက်မနေကြပါကုန်လင့်။

အာရုံငါးပါး၊ လှည့်လည်သွား၊ အာရုံများက ဖြားယောင်းမည်။

သူတစ်ပါးအကြား၊ ကိုယ့်စိတ်ထား၊ ကိုယ့်စိတ်များက ဖြားယောင်းမည် ... ဆိုသည်ကို ကြိုတင် စဉ်းစား၊ ဆုံမိလျှင် အကင်းပါးကြပါလေကုန်။

http://www.dhammadownload.com



အကယ်တိတိ ... သတိမဆက် သိမစွက်ဘဲ သူ့ဘက်လိုက်စားမိရာမှ အမေ့အပေါ် အမက်လွှမ်း မျှောက်စမ်းစမ်းမိကြပါသော် မျှောက်တစ်အုပ်လုံးအသက်ဆုံးရှုံးရသည်ပမာ။

ကိုယ့်ကိုယ်နှင့် သူ့စိတ်၊ သူ့ကိုယ်ရှိတ် သူ့စိတ်လည်း ဆုံး ကိုယ်လည်းရှုံး။

ကိုယ့်စိတ်နှင့် သူ့ကိုယ်၊ ကိုယ့်သူရှိတ် ကိုယ့်စိတ်လည်းဆုံး သူလည်းရှုံးဖြင့်ကြသော် လူလုံးချည်းကျန်အပြန်မလှ၊ အလှည့်ကြား အဖျားမိကုန်ကြတော့မည် ဟရို့။

၁၃၆၂ ခု၊ ဝါဆိုလကွယ်၊ မောနေ့ထူး
[၁ – ၄ – ၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၂၄။ ထင်ရှား

သဘာဝမြေတို့၏ အပြသည် မနောတံခါးဝ အကျအနပင်ပေါ်ထင်၏။

သို့တစေလည်း ...

မနောဝိညာဏ်၏ ဝတ္ထုဖြစ်သော ဉာဏ်အမြင်ဖြင့် မြင်တတ်သူကား ရှာမှ ရှားပင်။

ထိုအတွင်း ဝိညာဏ် မနောဝိစ္ဆ၏ ဉာဏ်အမြင်ဖြင့် ထွင်းထွင်း ဖောက်ဖောက် ဉာဏ်အမြင်ပေါက်မှသာ လောကတွင် ပေါ်ထင်တာစား ရှာမှ ရှားကလေးဆိုကာ ဝိုင်းလှည့်၍ ဂုဏ်တင်ခံကြရချေသည်။

တစ်ဖန် ထိုသို့ လောကဘုံခွင်ဝယ် ဂုဏ်တင်ခံရသည်အထိ စွမ်းရည် ပြည့်ရှိလေသူသည်လည်း တွင်းပြင်နှစ်စား ဖုံးဖိတ်အတား အားလုံးကို ဖယ်ရှားပြီးမှသာ ထင်ရှားမည်။

လူတို့နေ့စဉ် ထိတွေ့နေကြရသော ဥတုငွေ့များသည် ...

http://www.dhammadownload.com



နံနက်၊ နေ့လယ်၊ နေစောင်း။ နေဝင်ချိန်များကလည်း တစ်ခုအရှိ တစ်ခုလုထွက် ထွက်နေကြသည်။

တစ်ဖန် နေ့ ည နှစ်ခုတို့ကလည်း ရန်ဘက်များဖြစ်နေကြသဖြင့် တစ်ခုအရှိ တစ်ခု လုယက်ဖျက်ဆီးနေကြသည်။

တစ်ဖန် နွေ၊ မိုး၊ ဆောင်းတို့ကလည်း လုဘက်များဖြစ်နေကြသဖြင့် တစ်ခုအရှိ တစ်ခု လုယက်ဖျက်ဆီးနေကြသည်။

ထိုသုံးခုတို့အကြားထဲမှ လူသား ထွေရာနှော ရောကျော်စား ထားရာနေ အခြေမြဲ နေမြဲနေခွင့်ရ လူသားမဟုတ်။

တစ်ဖန်လည်း လူတို့နေ့စဉ် စားသုံးခွင့်ရနေကြသော အာဟာရ သတ္တိများကလည်း ...

နံနက်စာတွင် ချို၊ ချဉ်၊ စပ်တို့ဖြင့် တစ်နပ်ပြီးချေရာ သူတို့အချင်းချင်းလည်း လွှခန္ဓာစီမံပုံချင်း မတူကြ။

ညစာတွင် အီ၊ ချဉ်၊ စပ်တို့ဖြင့် တစ်ထပ်ပြီးစေရာ သူတို့ချင်းလည်း လွှခန္ဓာစီမံပုံချင်း မတူကြ။

ထိုမှအပြန် နောက်ရက် နောက်ရက်များကျပြန်လျှင်လည်း ...

ချဉ် ငန် စပ်ဖြင့် တစ်ရှိ၊ ဖန် ခါး ချဉ်ဖြင့် တစ်နဲ၊ အမျိုးမျိုးတွဲဖက်ကာ စားသုံးခွင့်ကြုံလေရာ တစ်နပ်နှင့် တစ်နပ် အစာများ သတ္တိပြကွဲပြား နေကြတော့၏။ တစ်ရက်နှင့် နောက်တစ်ရက် အစာများကလည်း သတ္တိပြချင်း သဘောလွဲနေကြ၏။

သတ္တိစုံ စီမံပုံချင်း မတူကြလေသော ထိုအစာ ...

ခတ်ဖက်ခတ် အပြန်အလှန်သတ်နေကြလေသော ထိုအစာ ...

http://www.dhammadownload.com



လူသားတို့သည် ခွေးနှင့်ကြောင် လှောင်အိမ်တစ်ခုတည်း အတူတွဲထား လက်မှဆွဲသွားနေရသည်ပမာ၊ ဝမ်းဗိုက်သွင်း အားခင်းမျိုး သိုလှောင်မြုပ် ထိုအစာမှ ဖွား ထိုအားများကိုထုတ်၍ နှုတ်ကလည်း ဆို၊ ကိုယ်ကလည်း ကြံတ်၊ စိတ်ကလည်း ကြံခွင့်ရနေကြရရာ ထိုလူသား၏ ထိုအဆို၊ ထိုအကြံတ်၊ ထိုစိတ်များလည်း အမျိုးအစား တစ်သားတည်းကျနေမည် မဟုတ်ချေ။ သို့ကြောင့် ...

ထိုလူသား၏ ထိုဥတု အာဟာရတို့၏ အားကိုယူ၍ စိတ်ဖန်၊ ကံတူးခြင်းများသည် ...

တစ်ယောက်တည်းသော်မှလည်း ယနေ့သည်လိုကြံ၍ သည်သဏ္ဌာန်ဖြင့် သရုပ်ဆောင်နေသော်လည်း နက်ဖြန် သည်ဟန်မဟုတ်ချေ။

သည်အချိန် သည်ဏှခြေဖြင့် သည်လိုငြိမ်နေသော်မှလည်း နောက်အချိန်များတွင်ကား တဟားဟား လှန့် တနန့်နန့်လုပ် ခြေမငြိမ်လက်မငြိမ် သရုပ်ပေါ်လွင်နေတတ်သည်။

ယနေ့ ကြေးစည် တနောင်နောင်ဖြင့် ဘုရားဆောင်ဝယ် လှောင်ပိတ် သူမြတ်စိတ်မွေးနေသော သူတော်စင်အသွင် အမြင်ပေါက်နေသော်မှလည်း နက်ဖြန့်တွင်ကား အပေါင်းအသင်းများနှင့် လည်ပင်းဖက် အရက်ဆိုင်ထက် ခွက်လှည့်လျက်လည်း ဖြစ်နေတတ်ပြန်သည်။

လူသားများ၌ ထိုသို့သော ဥတုတွင်း အာဟာရသွင်း မမှန်ရာမှ စိတ်မမှန် ကံမဖြောင့် အားများရာဘက် ဆောင့်တိုး တိုးနေပါသည်ကို

သူတော်ကောင်းဖြစ်ချင်သူများက မကောင်းရာဆို ဖယ်ရှား၊

http://www.dhammadownload.com



ကောင်းရာကိုချည်း ခြားနားကာ သတ္တိတင် သူတော်ကောင်းအသွင် လောကတစ်ခွင် ပေါ်လွင်ထင်ရှားသည်။

သူယုတ်မာဖြစ်လိုသူများက ကောင်းရာဆို ဥပေက္ခာပြု မကောင်းရာကိုချည်း အတွင်စုစည်းကာ သတ္တိတင်ပါမူကား သူယုတ်မာအသွင် လောကတစ်ခွင် ပေါ်လွင်ထင်ရှားမည်။

အဖြူသည် အမည်းကြားဝင်မှ ပို၍ပေါ်ထင်သည်။

အမည်းသည်လည်း အဖြူကြားထားမှ သာ၍ထင်ရှားသည်။

ငါတို့၏ ဘုရားအလောင်းတော်ကား မဟာဘုတ်အရာအားဖြင့် ပုတီဖွားတည်း။

ပုတီသဘော မကျော်ဓော၊ နမြောတတ်လှ မွဲတတ်စွ ဆိုရိုးအတိုင်း အကောင်းဖြင့်ပေါ် ကျော်ရန်လမ်းမရှိ ကံရိက္ခာသုံး ကုန်းကောက်တတ် စရာမရှိ။

ဘုရားအလောင်းတော်နှင့်အတူ အာ–ဗော–ကာ–ယ–ဆန်–ရွှေ–ခထ်–အတိုင်း–အာနန္ဒာ–ဗောဓိပင်–ကာဠုဒါယီ–ယသော်ရော–မြင်းမြီး ဆွဲမောင်ဆန်–ရွှေအိုးကြီးလေးလုံး–ခဏ္ဍကမြင်း–ဖွားဖက်တော် ခုနစ်သင်း တို့လည်း အလောင်းတော်ကမှ ပုတီဖြစ်နေလျှင် ၎င်းတို့လည်း ပုတီချည်း ပင်။

တစ်ဖန် ထိုပုတီရှင် ရှေ့သွားထွက်နှင့် နောက်ဖွားဖက်တို့တွင်လည်း အတိတ်ကပါလာကြသော ကောင်းမွေ့ ဆိုးမွေ့များလည်း နှစ်ထွေနှစ်စား ပင်။ ပစ္စုပ္ပန်၏ ဥတု၊ အာဟာရ၊ ကံ၊ စိတ်ထားများကလည်း နှစ်မျိုးနှစ် စားချည်းပင်။

http://www.dhammadownload.com



သို့ကြောင့် ...

အဆိုးကြားမှပင် အဆိုးကိုဖယ်ရှား အကောင်းဖြင့် ကျော်ကြားလာခဲ့ရပါသည်။ အကောင်းချည်းထား အကောင်းချည်းစားရ၍ အကောင်းပေါ်ပေါ်၊ အကောင်းကျော် ကျော်လာရသည်မဟုတ်ချေ။ အဆိုးကြားမှ တိုးလား ဝှေ့လား ဖယ်ရှားလာခဲ့ကြရသူချည်းပင်။

ရှေ့သွားထွက်နှင့် နောက်ဖွားဖက်များ ထိုသို့ကြိုးစားကြရာတွင် ထိုအကြားမှပင် မဟာဘုတ်က ၄င်းတို့အုပ်စုသည်ကား ပုတိ(အပုပ်)တွေပါဟူ၍ ထုတ်ဖော်နေပါလျက်သားနှင့် ...

ဤကား ဘုရား။ ဤကား ညီတော်အာနန္ဒာ၊ ဤကား ကာဠုဒါယီမထေရ်၊ ဤကား ဆန္နမထေရ်၊ ဤကား ယသော်ဓရာထေရီမှ ကျော်ကြားလာကြရသည်။ သို့တစေလည်း ဘုတ်ကျချင်း တူပါလျက် ...

ထိုအားလုံးပင် ဘုရားဖြစ်မလာကြပြီ။

ထိုအားလုံးလည်း အပုပ်စပ် ထိုးမတပ်ကြပြီ။

အဖုံးကွယ် အဆွယ်တားကို ဖယ်ရှားသွားနိုင်စွမ်းသော သတ္တိကစကားပြော၏။ ထိုသတ္တိကား တစ်ပါးတည်းမူပိုင်တည်း။ မဟာဘုတ်ကား အများဘုံဆိုင်တည်း။

လောကလူ့ခွင်၏ ပေါ်ထင်မှုမှန်သမျှ အဖုံးနှင့် အတား ဖယ်ရှားရာမှချည်းပေါ်ထွက်လာရ၏။ မည်သည့်ပေါ်ထင်မှုမဆို အဖုံးအကာ အတားကြားမှ ဘွားခနဲပေါ်လာရခြင်းများတည်း။

ကာမဘုံဖွား လောကီသားတို့ ...

သင်တို့သည်လည်း ထင်ရှားလိုကြပါသလော၊ ထင်ရှားနေကြပါပြီလော။ မထင်လျှင် အရာရာ ရှားပါးနေကြပါမည်။ ထင်လိုလျှင် အကာတား ဖယ်ရှားနိုင်ရပါမည်။

သင်လိုပဟာမျိုး ရှားသဖြင့် သင်ကား ထင်ရှားနေပါပြီ။

ထိုထင်ရှားခြင်းကား အကောင်းစားဖြစ်မှ အကောင်းတရားကြား သင်ကား ထွန်းကားနေမည်တည်း။။

ဒုမိဘ ရှ နတ်တော်လပြည့်ကျော် (၁၀)၊ မောဒနယျ။
[၈ – ၄ – ၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၂၅။ အဆီအနှစ်

ဆူဖြိုးရာမှဖြစ်သော အဆီ၊ အားအဖြစ်တည်လိုလျှင် အနှစ်ကျသည်အထိစောင့်။

မှတ်ဉာဏ်ထက်ရာမှဖြစ်သော တရား၊ အားအဖြစ် ထားလိုလျှင် အဆုံးအထိစောင့်။

လူသားများ အစာစားသုံးကြရာတိုင်းတို့၌ ...

အစသော် ထမင်း၊ သား၊ ငါးစသည်များကိုသာ မျှသွင်းပေးလိုက်ကြရ၏။

အစာအိမ်တွင်း ဆင်းမိလျှင်ကား ပါစက တေဇောအားက ဝါးမျိုလိုက်သောအခါ ...

ချို၊ ချဉ်၊ ငန်၊ ဖန်၊ စပ်၊ ခါးများအစား ... မြေဓာတ် ရေဓာတ် လေဓာတ် မီးဓာတ်များချည်းသာ ထွက်ပေါ်စေချေရာ အစာမှပင် သွေး၊ တစ်ဖန် သွေးမှပင် အဆီကြည်၊ တစ်ဖန် အဆီကြည်မှပင် အဆီခဲဟူ၍

http://www.dhammadownload.com



တစ်ဆင့်ပြီးတစ်ဆင့် အနုမှ အနု၊ အညက်မှသည် အညက် အဆင့်ဆင့် သန့်စင်လျက်က ရွေးစစ်လာခဲ့ပြီး နောက်ဆုံး အားကိုဖြစ်စေတတ်သော ခြင်ဆီအဖြစ် အနှစ်တည်စေပြီ။

ထိုသို့ အဆီဖြစ် အနှစ်တည်စေရာမှ အဆင့်ဆင့်ဖယ်ရှားတွန်း ကန်ထားသော ဝါးဖတ်များကား အချို့ကား ရွေး၊ အချို့ကား ချေး။

ချေးသော်မှ ဦးချေး၊ မျက်ချေး၊ နှပ်ချေး စသည်များကား အနု တကာ့ အနုစားချေးများဖြစ်ကြပြီး မစင်ချေးကား အကြမ်းတကာ့အကြမ်း ချေးများပင်။

မစင်ချေးသည် အစားအစာတို့အတွင်းရှိ ကိုယ်ခံမြေကြမ်း။

မစင်ချေးသည် အရသာဓာတ်များထားရာ၏ ထုပ်ပိုးကိရိယာ။

သည့်အတူသာလျှင် ...

လူသားများ၏ စီးပွား၊ ဥစ္စာ၊ ပညာ၊ အာဏာနှင့် သိက္ခာများ ရယူသိမ်းရာ အလုပ်အကိုင်အားလုံးတို့တွင်လည်း ...

အစသော် ကာယအားဖြင့် ကိုယ့်အားကိုယ်ထုတ်၊ အလုပ်ကို ဝါးမျို ပေးရခြင်းသာ။

ဉာဏအားဖြင့်လည်း ဉာဏ်အားစိုက်ထုတ်၊ အလုပ်ကို ဝါးမျိုပေးရ ခြင်းသာ။

မိမိလက်တွင်း စင်းစင်းကြီး ရောက်လှာ ရလှာရတော့လျှင်ကား

ငါပိုင်အဖြစ် သတ်မှတ်ပေးခြင်း အစွဲအလမ်းမှသည် သိမ်းဆည်းရ ခြင်း စောင့်ရခြင်းအထိ ဖြစ်ပေါ်စေခဲ့ပြီး နောက်ဆုံးအားအဖြစ် တဏှာ၊

http://www.dhammadownload.com



မာန၊ ဒိဋ္ဌိတို့က တစ်ဖက်၊ သဒ္ဓါ၊ ပညာ၊ သီလတို့က တစ်ဖက်အဖြစ် အနှစ်တည်စေပြီ။

ထိုသို့ အဆီဖြစ် အနှစ်တည်စေရာမှ အဆင့်ဆင့် သိုထားမိသော စားဖတ်များကား အချို့ကား ကံ၊ အချို့ ဉာဏ်။

ဉာဏ်သော်မှ နှလုံးမသာယာစေသော ဒေါမနဿ အသိ၊ စိုးရိမ်စိတ်မချသော သောကအသိ၊ ကလက်ဉာဏ်ထ အလိုကို ပွစေသော ရမ္မက်သိများက တစ်ဖက်နှင့် ...

မိမိအလုပ် မိမိနှစ်လိုအားရသဘောကျစေသော ပီတိအသိ၊

နှစ်လိုအားရ သဘောကျသဖြင့် ကိုယ်စိတ်ချမ်းသာစေသော သုခအသိ၊

ကိုယ့်စိတ်ချမ်းသာမှုကို ပေးသဖြင့် ဒါဆို ဒါတစ်ခုဩသာ တည်စေသော သမာဓိ အသိ စသည် ဉာဏ်များ ဖြစ်ပွင့်လာကြပြီး အကြွမ်းတကာ့အကြွမ်းဆုံးကား တဏှာဖြစ်ပြီး အနုတကာ့ အနုဆုံးကား သမာဓိအနှစ်တည် ပညာအဆီပင်။ ထိုတွင် ...

ဒေါမနဿ၊ သောက၊ တဏှာတို့ကား ကံမှဖြစ်သော ဉာဏ်ချေးလုံး။

ပီတိ သုခ သမာဓိများကား ဈာန်မှဖြစ်သော ဉာဏ်ချေးတုံး။

ထိုဉာဏ်တို့ဖြင့် သီလကို ဖွားသစ်ပေးနိုင်လျှင် အပါယ်မျိုးတုံးသွားစေသောကြောင့်တည်း။

ထိုဉာဏ်တို့ဖြင့် သဒ္ဓါကို ဖွားသစ်ပေးနိုင်ခဲ့လျှင် ကာမမျိုးတုံးသွားစေသောကြောင့်တည်း။

နတ်တလုစာစဉ်

http://www.dhammadownload.com



ထိုဉာဏ်တို့ဖြင့် ပညာကို ဖွားသစ်ပေးနိုင်ခဲ့လျှင် ဘဝမျိုးပါ တိုးသွားစေသောကြောင့်တည်း။

ဈာန်မှဖြစ်သော ဉာဏ်နှစ်ချေးသုံးတိုးပါ ကမ္ဘာမှာ ငါဟူသည်မရှိတော့ပါပြီ။ ယနေ့ လောကသားများသည် ...

ကမ္ဘာမှာ ငါအမည်ရဘဝကို စွန့်မချရဲကြသဖြင့် ထိုချေးသုံးတိုးလုံးလုံးမသုံးကြဘဲ ငါ သူလုံးထွေး၍ အပါယ်စာ တဏှာကျွေး တဏှာ မာန ဒိဋ္ဌိများကိုသာ လက်သပ်မွေးနေကြရာ ငရဲကြောက်လှပါသည် စကား အလကားပြောနေခြင်းမျှသာ။

ကြိုက်ညှဉ်း မကြိုက်ညှဉ်း ကင်းလိုခြင်းစကား အလကားပြောနေခြင်းမျှသာ။

အို၊ နာ၊ သေ ဘဝဒုက္ခ မရလိုပါ စကား အလကားပြောနေခြင်းမျှသာ။

ကာမဘုံဖွား အို ... လောကသားများတို့ ...

သင်တို့သည် ...

အဆီကို ဖြစ်စေသော အနှစ်ကိုလျှင် ရှာကြံကြမည်လော။

အဆီကို ညစ်စေသော အကာကိုလျှင် ရှာကြံကြမည်လော။

အဆီနှစ်ကား ပီတိ သုခ ဧကဂ္ဂတာတို့မှဖြစ်သော သိက္ခာများတည်း။

အဆီညစ်ကား တဏှာ မာန ဒိဋ္ဌိတို့မှဖြစ်သော ကိလေသာများတည်း။

အကယ်တိတိ … အဆိအနှစ်ကိုကား မကြိုးစား။ လွယ်ကူရာ အဆီ ညစ်ကိုချည်း ထိုးစားနေချေသော် … တစ်ဘဝလာလည်း အချည်းနှီး။ နှစ်ဘဝလာလည်း အချည်းနှီး။ အလာမှာလည်း လက်ချည်း၊ အပြန်မှာ လည်း လက်ချည်းဖြစ်နေတော့သဖြင့် ခရီးစရိတ်မျှမပေါ ခရီးလမ်း ပန်းရှာ ကြတော့မည်ဟရို့။

ဘ၃၆၂ ခု ဝါခေါင်လဆန်း (၁၂)၊ မောနေယျ။
[၂၂ – ၄ – ၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၂၆။ ဝိပြင်

ဝတ္ထုရုပ်တို့၏ အပြ အာရုံပုံရိပ်အဖြစ် ဝီဝီသသ ကျလာခဲ့လျှင်ကား တစ်ဖက်ရှိ မျက်စိ စသည်တို့၏ အကြည်ပြင်ဝယ် ပေါ်ထင်လာစမြဲ။

မိမိစိတ်၏ အကြံအစည်များ ကိုယ်လှုပ် နှုတ်ဖွင့်အဖြစ် ပြင်ပသို့ ထုတ်ဖော်ပြသခွင့်ရလျှင်လည်း မိမိ၏ ဓာတ်ရုပ်အသွင် ဝိပြင်လာစမြဲပင်။

လောကပါလခေါ် လူတို့ကို အစဉ်စောင့်ရှောက်နေသော တရားနှစ်ပါးကား ဟိရီနှင့် ဩတ္တပ္ပများတည်း။

ထိုတွင် ...

ဟိရိကား မကောင်းမှု ပြုကျင့်ရမည်ကို ရှက်ခြင်းပင်။

အာရှခေါ် အရိယာတိုက်တွင် အရိယာသူတော်ကောင်း အရိယာသူမြတ်လောင်း အရိယာသူတော်စင်များ နေခြည်ထိုး လရောင်မိုးပမာ အထူးများပြားနေရကား ၄င်းတို့မြင်ရာ ကြားရာ ယုံမှားစရာ ရှေ့သွားကျင့်မိက ထိုမကောင်းမှုသည် တိရစ္ဆာန်သုံး တိရစ္ဆာန်ကျင့်ထုံးများဖြစ်နေ၍ အရှက်ရတတ်သောကြောင့်တည်း။

နတ်တလုစာစဉ်

http://www.dhammadownload.com



ဩဝါဒပ္ပ မကောင်းကျိုး ထမ်းပိုးပြန်ခံရဦးတော့မည်ကို ကြောက်ခြင်းပင်။ မင်းမိန့်ဘေးကား ပြေးနိုင် လွတ်သေး၏။ သူတစ်ပါးတို့ကြွေးတောင်းခံ ပြန်လည်ဆပ်ရခြင်းများကလည်း ရှောင်ပြေးလွတ်သေး၏။ မိမိ၏စေတနာက လိုက်လံအကျိုးပေးခြင်းကိုကား မိမိသွားရာ သူလည်းပါနေတော့ရကား ဘယ်အကြား သွားနေနေ ဧကန်ခံရမည်ဖြစ်၍တည်း။

ထိုသို့သော ဟီရိဩဝါဒပ္ပတရားနှစ်ပါးတို့က လူတို့စိတ်ထား မမှားစေရန်ကိုလည်းကောင်း၊ အမှား၏အကြား သွားရောက်မကစားရန်ကိုလည်းကောင်း၊ စိတ်မှားရင့် နှုတ်သို့ ထိုးမဖွင့်ရန်ကိုလည်းကောင်း၊ စိတ်ထားယုတ် ကိုယ်ပါမလှုပ်ရန်ကိုလည်းကောင်း၊ အရှက်လို့ အကြောက်ကြီးဖြစ်ကြလေသော မိဘ ဆရာသမား သူတော်ကောင်း အစားစားတို့အား ထိုအယုတ်ထား အားကစားသမားများအား တားပေးရန် ဆုံးမသွန်သင်အပြစ်တင်ပေးကြရန် အပ်နှံထားပြီးဖြစ်ရှေရာ ထိုမိဘ ဆရာသမားသူတော်ကောင်း အစားစားများကလည်း တားရန် ဆီးရန် ကြပ်မတ်ပေးရန် ဟန်ပြင်လျက်ကသာ။ သို့ကြောင့် ...

တိရစ္ဆာန်ပြန် လူသားတိုင်း တိရစ္ဆာန်သို့ မရိုင်းစိုင်းဝံ့၊ ဓာတိရပ်ပြင်ပမထုတ်ဝံ့။

နတ်ပြည်ပြန် လူသားများလည်း ကာမလိုက်စား သွားရည်ထားမများဝံ့၊ ဓာတိသွေး အများအစားလိုက်မပေးဝံ့။

သို့တစေလည်း ...

စရိုက်တောဆိုး အတိုးလွန်ထားပြီးသူများကား မသွားနှင့်ဆို ပို၍သွားလိုကြသည်။

နတ်တလူစာစဉ်

http://www.dhammadownload.com



စရိုက်ကောင်းလှည်း အကြွမ်ကြွမ် တက်စီးထားဖူးသူများကလည်း မစီးရဆို ပိုကဲမည်။

အခက်အခဲကြားမှ တိုးသွားရသော စေတနာခြေရာထင်အားကြီး ခရီးလည်း ရောက်တတ်လှသောကြောင့်တည်း။

မရှိသိ ဖိသဖြင့် အရှိထိ မသိနိုင်သူများ သူတစ်ပါးအတား ကားဆီး ခွခုန် မဖြုန်တတ်သောကြောင့်တည်း။

ထိုအခါမျိုးများတွင် ဘဝ ဘဝါ ကမ္ဘာ ကမ္ဘာတို့မှ ငရုတ်၊ တမာ၊နံ နံပင်တို့ပမာသော မွေးရာပါဉာဉ် ပင်ကိုယ်ပါ အကျင့်တို့သည် ကိုယ်တွင်း မှ ရှန်း၊ နှုတ်နှင့် ကိုယ် တစ်ကိုယ်လုံးလုံးကြီးအထိ ထိုးဖွင့်ထွက်ပြူလာကြ ချေရာ ...

ရာဂအလျဉ် သူ့သရုပ် ကိုယ်လှုပ်နှုတ်ဖွင့်ဖြင့် ပီပြင်လာရသည်။

ဒေါသအလျဉ် သူ့သရုပ် ကိုယ်လှုပ်နှုတ်ဖွင့်ဖြင့် ပီပြင်လာကြပြီ။

မောဟအစဉ် သူ့အလုပ် အတွင်းငုပ် လိုက်ပါနေရာမှ ထတွဲကာ ဇာတိပြလှာပြီ။

မိမိ၏အာရုံပိုရိပ်များ သူတစ်ပါးတို့၏ ဇာတ်ခွင်အကြည်ပြင်ထက်သို့ မိမိစိတ်၏ အကြံအစည်အတိုင်း ထိုပီပြင်လာခြင်းများတွင် ...

အချို့ အကုသိုလ်လွှဲဆော်ရာမှဖြစ်ပြီး အချို့ကား ကုသိုလ်လွှဲဆော် ရာမှသာ ကံပျော်ဘဲ ခဲပစ်ခံရသောအခါ ကန့်ဝယ်ပြေးဆင်း ဗေဒါခင်း အတင်းဖျက်ပမာ ...

စိတ်ကလည်း ကြို၊ နှုတ်ကလည်း ဆို၊ ကိုယ်ကလည်း ကမ်း အပေး အယူတို့ဖြင့် တာဝန်ထမ်းကြသည်။

နတ်တလှုတစ်ခု

http://www.dhammadownload.com



အကုသိုလ်အမြှု သူ့ဟာ ကိုယ့်ဟာအဖြစ် ယူရာ၌ကား အများက လည်း ရှုတ်ချ တစ်ပါးကလည်း အာရုံကျ မကျ အတပ်မသိရ၍ သူတကာ ကွယ်ရာတိုး ပုန်းလျှိုးကွယ်လျှိုး။

ကုသိုလ်၏ အလှူ ကိုယ့်ဟာသူ့ဟာအဖြစ် ယူစေရာ၌ကား အများ ကလည်း အားပေး၊ တစ်ပါးကလည်း တအားလွေး တွေးပင်နေစရာမလို တော့၍ သူတကာကြောင်တောင်ထား ပြောင်မှ ပြောင်က စား ...

အခါတစ်ပါး ...

ငါတို့၏ ဘုရားအလောင်းတော်သည် ဂင်္ဂါကမ်း၏အနီး တောအုပ် ဝယ် ဖွတ်ဘဝ ရောက်နေရှာ၏။ ထိုစဉ် ဒေဝဒတ်အလောင်းသည်လည်း ဂင်္ဂါကမ်း၏ မနီးမဝေးသော ထိုတောအုပ်တွင်းမှာပင် ရသေ့အဖြစ်ဖြင့် တောဝင်နေ၏။

ရသေ့ကား ရသေ့အလုပ်လုပ်၊ ကံဖယ်ရှား ဈာန်တရားအားထုတ်၊

ဖွတ်ကား ဖွတ်အလုပ် လုပ်၊ ဈာန်မကစား ကံအလုပ် ဖွတ်နှင့်တန် ရာလုပ်။

ထိုဖွတ်နှင့် ထိုရသေ့ အတွေ့ချင်း ခရီးကြာလာသောအခါ ရင်းနှီး လာကြပြီ။

ရသေ့ကား ရသမျှသေ့ကာ ရသေ့မျိုးမဟုတ်၊ ဈာန်အလှရသရွှေ့ သေ့နေသော ရသေ့မျိုးဟူ၍ ကိုယ့်အပေါ် သူ့ယုံစွက် သူ့စိတ်နှင့် ကိုယ့်ကို အယုံဖြင့် ဖက်ပေးထားပြီးပြီ။

ဖွတ်ကား ဆန်လျှင် စပါး ဖွပ်စားသော ဖွတ်မျိုးမဟုတ်၊ အကု သိုလ်ကမွဝင်ဖြို ပြန်ကာလှန်ကာ ဖွပ်နေသော ဖွတ်ကလေးဟူ၍ သူ့ အပေါ် ကိုယ်ယုံစွက် ကိုယ့်စိတ်နှင့် သူ့ကိုယ် ယုံမိုလ်ဖြင့် ဖက်ထားပေးပြီးပြီ။

http://www.dhammadownload.com



ရသေ့ခေါ်ရာ ဖွတ်က လာ၏၊ ရသေ့ကျွေးရာ ဖွတ်စားလှာ၏။

ရသေ့နှင့် ဖွတ် ကိလေသာဝဋ်က စွပ်ထားခြင်း။

ထိုစဉ် ဈာန်အပြီးကိန်း၍ ငြိမ်းချမ်းခြင်းမရှိသေးသော စိတ်သည် အတိတ်ကိုလည်း ဖွကစား၊ အနာဂတ်ကိုလည်း ချပြထား၊ ပစ္စုပ္ပန်၌လည်း ခြေကားရား လက်ကားရားပြုကျင့်တတ်သော မွေတာရှိရာ ...

ရသေ့သည် ယဉ်ပါး၍ ရဲတင်းနေသော ဖွတ်ကိုကြည့်၍ စိတ်ယားကျိလာ၏။

ရသေ့သည် ဝပီး၍ အကောင်ကြီးပြင်းလာသည်ကိုတွေ့၍သဘောခွေ့နေ၏။

သို့နှင့် နောက်တစ်ညနေ တောင်ပို့မှ ဖွတ်ထွက်အလာ စောင့်ကြိုကာဖြင့်သက်နှီး၏အကြားတုတ်ကိုလည်းဆောင်ထား၏။ တုတ်မိလောက်ရာအေသ အစာကိုလည်း ချပေးထား၏။

ဖွတ်ကလေးကား အတွင်းသွေးတို့က အချက်ပြနေသော်မှ စိတ်ချလက်ချ။

ထိုစဉ် ရသေ့သည် ဝိုင်ဗြိအထင်ဖြင့် ဓာတိရုပ်သွင် သူတစ်ပါးကောက်ကျစ်တတ်သောညဉ် ဝိပြင်ထင်ရှား ဖွတ်ကလေးကိုတအား တုတ်ဖြင့် လှမ်းရိုက်လိုက်ချေရာ ... သေကံမရောက်သေးသော ဖွတ် သေဘေးမှ လွတ်ခဲ့ပြီ။ ရသေ့သာ နဂိုညဉ်ဝိပြင်လာမှု အဖတ်တင်ကျန်ရစ်သည်။

ကာမဘုံဖွား အို ... လောကီသားများတို့ ...

သင်တို့သည်လည်း ညဉ်တို့၏ အစီအရင် ဝိဝိပြင်ပြင် ပြနိုင်ကြပါ၏လော မေးလိုပါ၏။

နတ်တလူစာစဉ်

http://www.dhammadownload.com



ဝီပြင်စွာ ပြနေပါပြီဆိုသော် ထိုဝီပြင်မှုကား ကုသိုလ်ဘက်မှာလား။ အကုသိုလ်ဘက်မှာလား မေးလိုပါ၏။ အကယ်တိတိ ... ကုသိုလ်ဉာဉ် ဝီပြင်စွာ ပြသနေပြီဆိုသော် အားလုံးဖို့ သာဓုခေါ်၏။ ဝျပ်ဝီတိ အကုသိုလ်ဘက် ဝီပြင်မှု အရိပ်ထွက်နေပါသော်ကား ငါစိတ်ကွက်၊ သူစိတ်ကွက် မိတ်ပျက်ဖို့သာ ပြင်၊ ငါ့သာခု သူ့သာခု ယခုပင် ရုပ်သိမ်းပစ်လိုက်ပြီ။

၁၃၆၅ ခု နတ်တော်လပြည့်ကျော် (၈)၊ မောနေ့ည။
[၂၉ - ၄ - ၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၂၇။ တော်တည့်

မတော်လျှင် မတည့်၊ အံမဝင် ဘောင်မမိ၊ တော်လျှင်ကား တည့်နေတော့ပြီသာ။

လူလျှင် လူလျှင်း အချင်းချင်းတို့ တစ်ခုလျှင် တစ်ခုရှုယ် အရှုယ်ချင်းကလည်း တူမည်၊ တစ်စိတ်ပေါ် တစ်စိတ်ချ ဆန္ဒအားဖြင့်လည်း တူပြီဆိုလျှင်ကား …

မျက်စိချင်းချိတ် အရိပ်ချင်းတည့်နေတော့ပြီသာ။ နားချင်းလားအကြားချင်း တည့်နေတော့ပြီသာ။ နှာချင်းဆွဲ အနံ့ချင်းလည်း တည့်နေကြပြီသာ။ အရသာချင်းဆက် လျှာချင်းလည်း ဖက်မိနေပြီသာ။ ကိုယ်ချင်းထေ့ အတွေ့ချင်းလည်း တည့်နေကြပြီသာ။ အကာယ်တိတိ …

ဒွဲချင်းဆွယ် အရှုယ်ချင်းတည့်နေသည်ပင်ထား။ သူ့အလား ကိုယ့်အလား ဆန္ဒအားချင်း မတည့်တော့လျှင်ကား …

ကိုယ်က သည်ကချောင်း။ သူကား ဟိုဘက်စောင်းတော့မည်သာ။

နတ်တလုစာစဉ်

http://www.dhammadownload.com



ကိုယ်က ဟိုဘက်ပြောင်း၊ သူကား သည်ဘက်စောင်းတော့မည်သာ။

စောင်းခြင်းသည် အတည့်လမ်းကြောင်း ပြောင်းသွားခြင်း၏ သင်္ကေတတည်း။

အစောင်း အစောင်းချင်း တည့်သွားခြင်းသည် အထိ မိသွားခြင်းကြောင့်သာ။ အထိ မမိသော အစောင်းမှန်သရွေ့ အတွေ့၏အတည့်သို့ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်။ ထိုအထိ မိတည့်ခြင်းများကလည်း အနေတော်မှသာ တည့်နိုင်၏၊ အနေမတော် မတည့်နိုင်။

အရွယ်ယှဉ် ခွင်ကျ ပြင်ပမျှ တော်ရုံမျှဖြင့် တော်ဝင်နန်းထိုက် မဖြစ်သေး။

ပုလင်းတူ ဘူးဆို့ သဘောချင်း နှစ်မြို့ရုံမျှဖြင့်လည်း တော်ဝင်နန်းထိုက် မလျှာသင့်သေး။ စင်စစ် ... ထိုတော်တည့်၏ ရည်ညွှန်းချက်သည် မှန်ကန်ဖြောင့်မတ်ခြင်းသည် စာရင်းဝင်၏။ ယင်းမှန်ကန်ဖြောင့်မတ်ခြင်းကလည်း ချင့်ညာဏ် ပွင့်ညာဏ်များ အားကောင်းခြင်း၊ အရာရာအပေါ် သဘောထားကြီးခြင်း၊ သည်းခံခွင့်လွှတ်ခြင်းများ၏ ကိုယ်စားပင်ဖြစ်၏။

ယနေ့တော်တည့်ဟူသော ထိုဆိုင်းဘုတ်အောက်ဝယ် အထွတ်အထိပ်ရောက်ပြီးဖြစ်သော အရိယာသခင်ကြီးများ နေရာယူလျက်က ရှိနေချေပြီ။

ထိုအရိယာအရှင်သခင်ကြီးများ၏ ခြေရင်းဖြစ်သော ရှေ့တန်း၏ ဝဲမှ ယာတို့တွင်ကား ဘာသာ့ဦးစီး၊ နိုင်ငံ့ဦးစီး၊ ပညာ့ဦးစီးနှင့် တရားသူကြီးများ နေရာယူလျက်က ရှိနေပါချေပြီ။

နတ်တလေ့စာစဉ်

http://www.dhammadownload.com



ထိုသူတို့သည်သာ ...

လမ်းဝင်လည်း မချော်၊ တော်လည်း တော်၊ တည့်လည်း တည့်၊ အထိဝယ် မိနေသောကြောင့်တည်း။

လမ်းဝင်လည်း မှန်၊ တန်လည်း တန်၊ တန်းလည်း တန်း၊ နန်းဝယ် မြန်းမိနေသောကြောင့်တည်း။

သင်သည် ... ထိုစာရင်း အဝင်အပါ တော်ဝင်လောင်းလျာဖြစ်လိုခဲ့သော် သစ်ကြီးများကို ခုတ်လှဲလျက်က မြေကိုကား ယာ၊ သစ်ကိုကား အိမ်အပါယူလိုသော တောင်သူလယ်သမားသည် အချို့ကား ခွန်၊ အချို့ကား ကပ်ပါး(ရဲတင်းအကြီးစား)၊ အချို့ကား ငါးမန်းစွယ်တို့ကို လက်နှစ်ဖုံ စုံကိုင်ကာ ခုတ်ပိုင်းဘိသို့ ...

သူတော်ကောင်း ဥစ္စာ ခုနစ်ဖြာ ရဲတင်းသော ဝီရိယ တွေ့သမျှ အဖုံဖုံ အစုန်အဆန် မှတ်ချက်ယူ သတိတို့ဖြင့် တော်အောင်ထည့်၊ တည့်အောင် တည့်၊ ကြည်အောင် စောင့် အားဖြောင့်မွေးပါလေ။

၁၃၆၁ ခု၊ သီတင်းကျွတ်လဆန်း (၁)ရက်၊
ပုံတောင်ပုံညာ၊ လယ်မြေ။
[ ၄ – ၅ – ၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၂၈။ မှန်ကန်

သင့်ဘက်ကသာ မှန်ပါစေ၊ သူ့ဘက်က တုံ့ပြန်ချက်ကား မှန်အကြည်ခံပေါ် အရောင်ထိုး အရိပ်နိုးများက ကန်ထွက်လာပါမည်။ တုံ့ပြန်ခြင်း၏ အရာမှန်သမျှ အမှန်၏ ကန်အားကြောင့်ချည်းသာ။

မှန်သည် နောက်ခံအကြည်ဓာတ်အားကိုလည်း ရယူ၏။ အသွင်တူမှုကွဲအားဖြင့်လည်း တစ်ဖက်သို့ တုံ့ပြန်ချက်ပေးသေး၏။ ထောင်ထားသော မှန်တစ်ချက်၏ ရှေ့သို့ သင်သွားရောက် ရပ်ကြည့်နေသော် သင့်မျက်နှာနှင့်ကား အသွင်တူ၏။ သို့သော် မျက်နှာမှုရာ အရပ်ကား အရှေ့နှင့် အနောက်သို့မဟုတ် တောင်နှင့် မြောက်၊ သို့မဟုတ် အထက်နှင့် အောက် ကွဲပြားနေမည်သာ။ ထိုကွဲပြားနေခြင်းသည်ကား သင့်အတိုက်အား တန်ပြန်လွှင့်ထုတ်လိုက်သော နောက်ခံအကြည့်ဓာတ်၏ စွမ်းအားတည်း။

လူတို့တွင်လည်း ...

နတ်တလုစာစဉ်

http://www.dhammadownload.com



အတွင်းနှလုံး အကြည်ပြင် စာတ်ခွက်ပေါ်ဝယ် မနောစာတ်ဟူသော အာရုံကိုလည်း ဖမ်း၊ သဘောနှင့် သဘာဝများကိုလည်း ခြားနားသွားစေရန် ခွဲခြမ်းပေးနေသည့် မှန်ကိုယ်စိရှိကြရာ ...

သင့်အမူအရာ စိတ်တွင်းပါ သဘာဝအလိုက် သူ့အားသွားတိုက်နေမိတော့၏။

သူ့အမူအရာ စိတ်တွင်းပါ ဆိုလိုချက်အလိုက် သင့်အား လာတိုက်နေမိတော့၏။ ထိုသို့ တိုက်ရာ၌ သင့်၏အမူရာကား မျက်နှာသည် သင်က သူ့ဘက်လှည့်တိုက်သော်လည်း သင်မြင်ရသော မှန်ထက်မြင်ကွင်းကား သူ့ဘက်လှည့်မဟုတ်၊ ကိုယ့်ဘက်လှည့်သာ။ ဘာ့ကြောင့်နည်း။

အကြည့်စာတ်၏ ရောင်ပြန် အမှန်အတိုင်း ကန်ထုတ်ပို့လိုက်သောကြောင့်တည်း။ သည့်ပမာလျှင် ...

လူတို့၏ ဆက်ဆံခြင်းများ၌လည်း အသွား တစ်တိုင်သုံး အပြန်လည်း တစ်တိုင်နှုန်းပမာပင်။ မိမိက အိုးမဲသုတ်မျက်နှာ မကောင်းသော အမူရာမျိုးဖြစ်ခဲ့သော် တစ်ဖက်ကလည်း ထိုနည်းလည်းကောင်းသာ။

မိမိက နှံ့သာရည်လူးမျက်နှာ ကောင်းသောအမူရာမျိုးဖြစ်ခဲ့လျှင်လည်း တစ်ဖက်ကလည်း ထိုနည်းလည်းကောင်းသာ။

မကောင်းကို အကောင်းထင်၍ မကောင်း၊ အကောင်းဖြင့် တုံ့ပြန်ရာ။

အကောင်းကို မကောင်းထင်မိ၍ အကောင်း၊ မကောင်းဖြင့် တုံ့လှတ်ရာ။

http://www.dhammadownload.com



ထိုအရာမျိုးတို့ကား မကောင်းသောမစင် ခွေးအကောင်းထင် အမင်မှားလေသည့်ပမာ မိမိမှန် တစ်ဖက်သို့လှည့်မခံ၊ မိမိဘက် မိမိလှည့် လျက်က ခံထားခြင်းကြောင့် ဖောပျံ(ပြန်)ဟပ်ခြင်းသာ။ တစ်ဖက်၏ တကယ့်မူ အမှန် မိမိသို့ ရိုက်ခတ်သပေါ်လာခြင်းကား မဟုတ်ပြီ။

လောကဝယ် မှန်လျက် မကန်သောအရာတို့သည် များစွာရှိကုန်၏။ မမှန်ဘဲလျက် ကန်သောအရာတို့သည်လည်း များစွာရှိကုန်သေး၏။ ထိုအရာအားလုံး ...

သူကျလိုရာ ကျလေ့ရှိသော စိတ်မမှန်ခြင်း၏ လက္ခဏာများပေတည်း။

ပေါ့သွပ်သွပ်နိုင်လှသော စိတ်ကမြင်း၏ သရုပ်သကန်များပေတည်း။

အသိရခက်လှသော စိတ်လျှို့ဝှက်ချက်၏ ခြေရာများပေတည်း။

သင်သည် အာရုံတို့အတိုက် တစ်ဖက်သို့ အလိုက်ပေးရာတိုင်း၌

မှန်ရာမှ ကန်သော ရောင်ပြန်များမှ ဟုတ်ပါလေစ။

မနောဓာတ်သက်၏ မှတ်ချက်များမှ ဟုတ်ပါလေစ။

ထိုပုစ္ဆာနှစ်ခုကို အိပ်ရာဝင်တိုင်း သင့်ကိုယ်သင် တစ်နေ့တာ တို့ ပြန်ချက် စာရင်းစစ်ချက်ရေး၍ မေးကြည့်နေပါလေ။

ဘုဓိဝ ၈၊ သိတင်းကျွတ်လဆန်း (၁)၊ ပုံတောင်ပုံညာ၊ လယ်မြေ။
[၁၁ – ၅ – ၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

နတ်တလုတစဉ်

http://www.dhammadownload.com

## ၂၉။ စွဲနှစ်

အာရုံဝတ္ထု တစ်ခုခုတို့အပေါ် အစွဲမိလျှင် အငြိဖြစ် သူကြားနှစ်မြုပ်သွားသည်သာ။

အစွဲနှား ဆွဲအားများ အသုတ်လိုက် အသုတ်လိုက်ကပ်၍ မြုပ်သတ်နေကြသောကြောင့်။

ဤလောကကြီး၏ ဝမ်းဗိုက်အတွင်းဝယ် ...

ဘာသာရေး စီးပွားရေး နိုင်ငံရေး အချစ်ရေး အိမ်ထောင်ရေးမှသည် အရေးတို့သည် ရေးမကုန်နိုင်လောက်အောင်ပင် များပြားလှချေ၏။

ထိုအရေးအားလုံးတို့၌ပင် ...

အဖြစ်တွင် တစ်၍ အပတွင် ရစ်နေလျှင် အထင်ကြီးခြင်း၊ မြတ်နိုးခြင်းမှတစ်ဆင့် စွဲလမ်းခြင်းသို့ ဖွင့်၍ဝင်သွားကြတော့လေရာ အစွဲဟူသောသဘောသည် ဦးစွာဆီးကြိုပြီး ထို့နောက် စွဲသလောက်ညှစ် ဖျစ်သလောက်အရာဝင်သွားတော့ကာ ထိုစွဲရာအကြား ကားခနဲ နှစ်ဝင်သွားတော့သည်သာ။

http://www.dhammadownload.com



ထိုအရေးအားလုံးတို့တွင် ...

ယုံကြည်စိတ်ချခြင်းအရာက ခြယ်လှယ်၏။ ထိုယုံကြည်စိတ်ချခြင်း သည် ...

ပြင်ပကြည့်၍ သိသောအသိဖြင့်လည်း ယုံကြည်မည်၊

တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့်လည်း ယုံကြည်မည်၊

ကိုယ်တိုင်ကြား စကားအပြောကောင်းခြင်း၌လည်း ယုံကြည်မည် ဆိုက ... ထိုအယုံတို့သည် ကိုယ်ပိုင်ဉာဏ် အဆီကင်းနေခြင်း။ အတွင်း သဘောစောကြောဝေဖန်မှု ကင်းရှင်းနေခြင်းများကြောင့် အစွဲမိ အငြိဖြစ် အနစ်ဝင် ကြာလျှင် လှုပ်သယောက် မြှုပ် ပြန်လည်ထုတ်၍ပင် မရတော့ ပြီ။ ထိုသော ...

မယားချစ်သဖြင့် မယားတွင်းနစ်နေသူများက သက်သေခံနေချေ ပြီ။

လင်ကိုစွဲသဖြင့် လင့်ကဲအလှုပ် မြှုပ်နေသူများက သက်သေခံနေ ချေပြီ။ အပြမှာ ရစ်၍ အပြစ်တွင်သာ နစ်ဝင်သွားကြပါကုန်သော ထိုအစွဲ သမားအားလုံးတို့သည်ပင် သားကောင်ထောင်ဖမ်း အပြရှင်၏ တစ်ကွက် ကောင်းပေါ်ကြည့် ဝိတိဖြစ်မိရာမှ ပြကွင်း၏ အတွင်းကြား နစ်ဝင်သွားကြ ခြင်းပေ မဟုတ်လော။

အို ... ကာမဘုံဖွား လောကီသားအပေါင်းတို့ ...

သင်တို့၏ နံဘေး အရေးတွေကဖြင့် ပြေးမလွတ်အောင် ဝိုင်းရံနေ ကြပါပြီ။ မျက်စိတစ်ချက်လှုပ် တစ်ချက်ခုတ်ရန် ဟန်ပြင်နေကြပါပြီ။ နား တစ်ခါစွင့် နင့်သွားရန် အားခဲနေကြပါပြီ။ နှာတစ်ချက်ရမ်း ဖမ်းမိရန်လည်း

http://www.dhammadownload.com



ဟန်ပြင်ပြီးသားပင်။ လျှာတစ်ချက်ခဲ စွဲသွားရန်လည်း ပြင်ဆင်ပြီးသားပင်။ ကိုယ်တစ်ချက်လှုပ် မြုပ်သွားရန်လည်း အဆင်သင့်ပင်။ အတွေးတစ်ချက် လှည့် ငြိသွားရန်လည်း ဝိုင်းရံပြီးသားပင်။

သင်တို့၏ ဘဝခရီးသွားသည်ကား ...

ကျားရဲ သစ်ရဲတို့ ပေါများသော တောကြား ခရီးရှည်သွားနေရသည်ပမာ ...

မိကျောင်း မကန်းတို့ သောင်းကျန်းလှသော ရေလက်ကြား လက်ပစ်ကူးသွားနေရသည်ပမာ ...

ဘေးရန်တွေ ထူပြောလှပါချေ၏။ အကယ်၍သာ သတိဖြင့် မစိစစ် အပြတွင်သာ ယစ်ယစ်မူးမူး မြူးနေကြသော် လက်ရှိဝယ် စွဲနစ် နောင်တွင် ဝဲရစ်ခံကြရတော့မည် ဗျာတို့။

ဒုတိယ မူ နတ်တော်လပြည့်ကျော် (၈)၊ မောနေယျ
[၂၇-၅-၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၃၀။ မရ မနေ

မရသော အရာဝတ္ထုမှန်သမျှ မိမိ၏လက်ဝယ်စေ နေမည်မဟုတ်ချေ။

မရမှ ထဖြစ်သောအရာသည်ပင် မိမိ၏ စိတ်ဝယ်စေ နေမည်မဟုတ်ချေ။

လူတို့သည် သူတစ်ပါးထံရှိ အရာဝတ္ထုပစ္စည်းအပေါ် ငါပိုင်သိမ်းပိုက်လိုမှု အားကြီးလာသောအခါ မိမိသတ္တိဥဒ္ဒအထင်ကြီးမှု မာန်သည်လည်း ဝင်လာတတ်စမြဲပင်။ တစ်ဖန် သူ့ပစ္စည်းအပေါ် မြတ်နိုးမှုမာန်သည်လည်း ဝင်လာစမြဲပင်။

ထိုမာန်သည် မပေးလိုမှန်းသိ ပို၍ပင် ရောင့်တက်လာချေရာ မရ ရသောနည်းဖြင့်ဟူသော မရမနေစိတ် မုန်ယိုဖိတ်၍ ဆောင့်တက်လာချေပြီ။

http://www.dhammadownload.com



ထိုအခါသည် မတရားသဖြင့်ရယူရန် ဖန်တီးသောကာလပေတည်း။

ထိုအခါသည် ဖြားယောင်းဖျက်ဆီးရန် ဖန်တီးသောကာလပေတည်း။

ထိုနှစ်မျိုး တစ်မျိုး တစ်မျိုးတို့ဖြင့် ကြိုးစား၍ ရလာသောအရာသည် သူ့ထံမှစိတ် မိမိလက်ဝယ်သို့ရှိတ်လျက် မပါတော့ချေရကား ရသော်မှလည်း မရသာ၊ ပစ္စည်းနေသော်မှလည်း စိတ်ကားမနေသာ။ တစ်ဖန်...

ပညာရှာရာ၌ ထိုပညာ မိမိလက်ဝယ်သို့ မရောက်လာသော ...

ဥစ္စာရှာရာ၌ ထိုဥစ္စာ မိမိလက်ဝယ်သို့ မရောက်လာသေးသော်

လူလူချင်း ရှာရာ၌ ထိုလူ မိမိလက်ဝယ်သို့ မရောက်သေးသော်

ပညာရှင်ဘဝဖြင့်လည်း နေခွင့်ရမည်မဟုတ်၊ ဓနရှင်ဘဝဖြင့်လည်း နေခွင့်ရမည်မဟုတ်၊ အိမ်ထောင်ရှင်အဖြစ်ဖြင့်လည်း နေခွင့်ရမည် မဟုတ်ချေ။

ရသောသူ ရရာဖြင့် နေရ၍ မရသောသူ မရရာဖြင့် မနေရသည်မှာ မွေတာ။ မရသောသူ၏ ရရာဖြင့်နေခြင်းကား မရရာ၏ ရရာကား မဟုတ်ချေ။

လူသားတိုင်းလျှင် ...

မရလိုသော မရရာကို မရှာဖွေ၊ ရလိုသော မရရာကိုသာ ရှာဖွေနေတတ်ကြပါသည်။

ထိုရလိုသော မရရာသည် တစ်ဖက်မှာသာ လက်ကိုင်ရှိချေရာ ထိုလက်ကိုင်ရှိသူ၏ သဘောဆန္ဒမပါဘဲနှင့် လုံးဝသိမ်းပိုက်ခွင့်မရချေ။

http://www.dhammadownload.com



ထိုသိမ်းပိုက်ခွင့်မရခြင်းကို သိမ်းပိုက်ခွင့် အရရှုံးခြင်းသည်ပင် မရမနေဆိုထားရာ ထိုပစ္စည်းမရသမျှ ထိုပစ္စည်းနှင့်အတူတကွ မနေရပြီ။ ထိုပစ္စည်းနှင့် အတူတကွနေရသည့်တိုင် ကိုင်ခွင့်သာရ ပိုင်ခွင့်ကား မရနိုင်ပြီ။ ပိုင်ရှင်မရသောပစ္စည်း လက်ထဲဆုပ်ကိုင်ထားရခြင်းကား ပစ္စည်းထိန်းမျှသာ။

ကာမဘုံဖွား လောကီသားများတို့ ...

သင်တို့သည် ...

သူ့ထံရှိ မရ၍မနေပါသည်ကို အရစေရန် ကြိုးစားမည့်အစား ကိုယ့်ထံရှိ မရ၍မနေပါသည်ကို အရစေရန် ကြိုးစားကြပါလေကုန်။

ကိုယ့်ထံရှိမရ၍ မနေသော အရာဝတ္ထုများကား မဂ်၊ ဖိုလ်၊ နိဗ္ဗာန် တရားများဖြစ်ကြပါသည်။ ထိုတရားများကိုသာ မရမနေ အရစေနိုင်ပါမူ မိမိတို့ စုဆောင်းပြီးသား နောက်ကံအလိုက် ရှေ့ကံများလည်း ဆိုက်၍လာမည်ဖြစ်တော့ရာ ရလိုသော လောကီစည်းစိမ်မှန်သမျှ မရလည်းနေ၊ ရလည်းနေလာတော့မည် ကေန်ပင်။

၁၃၆၁ ခု၊ နတ်တော်လပြည့်ကျော် (၈) ရက်နေ့ညဦး
[၈ – ၇ – ၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၃၁။ စွဲညစ်

စွဲမိစွဲရာ တစ်ခုခုသို့ စိတ်ဝင်ဖြစ်လျှင် စိတ်ညစ်၊ ကိုယ်ဝင်ဖြစ်လျှင် ကိုယ်ညစ်၊ ထိုရာအရပ် အညစ်တို့ကား ထပ်လျက် ထပ်လျက်ကသာ။

အစွဲမှန်သမျှ အစေးခာတ်နှင့် အညစ်ထပ်များ ပတ်လျက်ရှိနေခြင်း ကြောင့်တည်း။

တဏှာစေး အမြွေးယှက်လျက်ရှိကြလေသော ဝဋ္ဋမှသက် ဝဋ္ဋ ပျက်ရာမှဖြစ်လာသော တစ်ဖက်အာရုံ အဆင်းစုံ၊ အသံစုံ၊ အနံ့စုံ၊ အရသာ စုံ၊ အတွေ့စုံ၊ သဘာဝစုံ အဖုံဖုံတို့သည်လည်းကောင်း၊

မာယာကွန်ရက် ဖြန့်ကျက်လျက်ထားရှိကြလေသော ဝဋ္ဋသက် သက်တစ်ဖက်၏ ကိုယ်အမူအရာစုံ၊ နှုတ်အမူအရာစုံ၊ စိတ်အမူအရာစုံ အဖုံဖုံတို့ကိုလည်းကောင်း၊

အကြည်ဓာတ်ခွက် တပ်ဆင်လျက် ထားကြပြီးသော ဤမှာဘက်ရှိ တစ်ဖက်သူတို့သို့ အစေးဖြင့် ချွဲလျက်ကလည်း ဆွဲအားသုံးနေချေသည်။

နတ်တလုစာစဉ်

http://www.dhammadownload.com



အာရုံချင်း တိုက်လျက်ကလည်း ဝိုက်ဆွဲ ဆွဲလျက်ရှိနေချေသည်။

လူတို့၏ တစ်နေ့တာသည် ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ် မှန်းသွား သွားလျက်ကပင်၊ ငါနှင့်သူ ကြုံဆုံရာတိုင်း တိုက်ကြလေကုန်၏။ ထိုစဉ် ...

မိမိမှ လွှတ်လိုက်သော အာရုံပုံတိုက်ကြောင့် သူတစ်ဖက်အစွဲဖြစ် လျက် အညစ်သို့လိုက်ရ၏။

ထိုသူတစ်ဖက်မှ လွှတ်လိုက်သော အာရုံပုံဆွဲကြောင့် ကိုယ့်ဘက် လည်း အစွဲဖြစ် အညစ်ပုံခဲ့၏။

ရံတစ်ခါ မျက်လုံးမှု၊ ရံတစ်ခါ နားစသည်မှု သူကပ်ရာ ပေကျံ နဂိုရေဟာန်ပျက်ကြရ၏။

ရံတစ်ခါ စိတ်မှု၊ ရံတစ်ခါ စိတ်နှင့် ကိုယ်အထိ အစေးထိလျက် နဂိုရေပျက် စွဲညစ်ခံကြရ၏။

တစ်နေ့မဟုတ် နှေ့ရက်၊ လ သက်ပြည့်အထိ တည်သုံးတည်အရေ လည်စေမြဲ။

တစ်ခါမဟုတ် တိုက်မိနေရာ အနာပျောက် အခေါက်ခေါက် လမ်း လျှောက်ပြစ်မြဲ။

ထိုသို့ သူ့အာရုံပုံအစွဲဖြင့် ကိုယ့်၌ အညစ်ဓာတ် တရစပ်ပတ်ခံနေရ ခြင်း။

တစ်ဖန် ကိုယ့်အာရုံ ယုံအစွဲဖြင့် သူ၏ အညစ်ဓာတ် တရစပ်ပတ်မိ နေတော့ခြင်းများတွင် ဇာလညွှန်ရေကြောင့်ဖြစ်သောညွှန် ကိုယ်ဆင်းမိ၍ အကျုံ အကိုင်လွန်ရာမှ စွဲသောညွှန် ညစ်ပေသွားသော် ကိုယ်၌သာကပ်

http://www.dhammadownload.com



သော ထိုညှနံအစွဲ ပကတိရေပြန်ဆေးပေးက တစ်ခါတည်းပြီး လျှော့ကျ သန့်စင်ပြီးဖြစ်တော့သည်။

ကာမညှနံ၊ စိတ်အလိုကြောင့်ဖြစ်ရသော ညှနံသို့ စိတ်ဆင်းသွားမိရာမှ အကျွံ ကံသုံးစုံ သူကိုယ်တိုင်၌ လွန်မိရာမှ အကျွံ၊ ထိုအကျွံတို့ကား အစွဲဖြစ် အညစ်ပေဆဲ။ မဂ္ဂင်ရေဖြင့်ဆွဲ၍ မသန့်စင်နိုင်ခဲ့သော် အညစ်စင် အထပ်ထပ်ပတ်နေတော့ရကား ကျွံရုံနှင့်မပြီး ကျွံမှ ကျွန်အဖြစ်သို့ ခရီးပြင်းကြီး ရှိတက်သွားတော့သည်။

ထင်းမီးခဲ နင်းမိ ကိုင်မိရာတို့မှ အစွဲက အမာရွတ်အဖြစ် သေရာပါ စွဲသည့်ပမာတည်း။

လူတို့၏ ကိုယ်ခန္ဓာအတွင်းရှိ အစာဟောင်းအိတ်၏ အနေအထားသည် မစင်စွန့်ခွက်ကြီးထဲ မစင်စွန့်ချအပြီး မဆေးဘဲ ပစ်ထားသည့်ပမာ အသက်နှင့်အမျှ ဖြစ်နေကြသည်ဆို၏။

သို့ဆိုသော် ...

လူတို့၏ ဘဝတိုင်း ဘဝတိုင်းတို့က အာရုံစွဲများ စိတ်ဖြင့်စားဝါးမိကြရာမှ ထဖြစ်သော အညစ်စပ်မှုကလည်း သံသရာနှင့်အမျှ မဂ္ဂင်ရေဖြင့် မဆေးဘဲ ပစ်ထားခဲ့ကြသဖြင့် အညစ်ညစ် အထပ်ထပ် အညစ်မှ အညစ်သို့ချည်း ပတ်နေကြရရာ စိတ်ခန္ဓာ မစင်ခွက် အဘာယ်မျှရှိတက်နေကြလေမည်မသိ။

ဘုဗ်ာ ဖူး နတ်တော်လပြည့်ကျော် (၈)၊ မောနေယျ
[၁၅ – ၇ – ၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

နတ်ထလုစာစဉ်

http://www.dhammadownload.com

# ၃၂။ မသက် မသာ

တစ်ဖက်က မသက်ညှာ မသာပေါ်ရန် ကိန်းသေပြီ။

ကောင်းရာသို့ စိတ်မသက် မသာယာကွက်ချည်း နင်းမိမည်။

လူတို့၏ ဘဝတစ်သက်တာသည် တစ်ဖက်ဝင်မှ အသက်ရှင်ခွင့်ရကြ၏။

မိမိခန္ဓာ ဆာလောင်မွတ်သိပ်နေသော် တစ်ဖက်အစာ ဝင်မပေးက အသက်မရှည်နိုင်။ မိမိခန္ဓာ ချမ်းတုန်နေသော် တစ်ဖက်အနွေးထည်နှင့် လုံမီးဝင်မပေးက မရပ်တည်နိုင်။

မိမိခန္ဓာ ပူအိုက်နေသော် တစ်ဖက် ရေနှင့် လေတို့ အကူမရက သက်သာရာ မရစေနိုင်။ သို့ကြောင့် သက်ရှိတိုင်း လူသားတိုင်း သူတစ်ပါးနှာခေါင်းဖြင့် အသက်ရှူခွင့်ရနေခြင်းသာ။

ထိုသို့ သူပေး လူပေးဖြင့် မိမိဘဝ သွေးအေးစေခွင့်ရရာ၌ ...

http://www.dhammadownload.com



မိမိ၏ အသက်အပေါ် ထိုတစ်ဖက်က ဉာဏ်တာစွာ ဆက်ဆံပေးမှသာ အပူဘေး အေးခွင့်ရချေသည်။ အကယ်တိတိ ... ထိုတစ်ဖက်က မိမိ အသက်ကိုမကြည့်၊ သူ့ဘက်ကြည့်လျက် သူ့စိတ်ရှိအတိုင်းသူ့လက်ရှိလက်မိကို ဆက်ဆံနေပါသော် တစ်ပူပေါ် နှစ်ပူဆင့်ဖို့သာ ရှိတော့သည်။

ထိုမိမိ တစ်ဖက်အကူ လက်ခံယူရာတွင် ...

ထိုတစ်ဖက်ကား သက်ရှိဖြစ်စေ ဉာဉ်စရိုက်အလိုက် ဝါသနာအား ဖြင့်လည်းကောင်း၊ ကျင်လည်ခဲ့ရာ ဘဝအားဖြင့်လည်းကောင်း၊ တည်ဆောက်ထားရာ ဓာတ်အားများဖြင့်လည်းကောင်း အရှင်းရှင်းအဆမတူညီ။

ထိုတစ်ဖက်ကား သက်မဲ့ဖြစ်ချေသော် တည်ဆောက်ထားရာ ဓာတ်အားချင်းလည်း အဆမတူတတ်၊ ပေါက်ဖွားရာ ကာလဒေသချင်း များကလည်း မတူတတ်။

ထိုတစ်ဖက်၏ နှစ်မျိုးစလုံးတို့နှင့်မိမိ တစ်ခုချင်း တူကြသော်မှ စုံလုံးတူကား ဖြစ်နိုင်ခဲလှသည်။

ထိုသို့လျှင် သူ့ဘက် ကိုယ်ဝင်ပေးမှ သူ့အသက်ရှင်ခွင့်ရဘိသို့။

ကိုယ့်ဘက်ကိုလည်း သူဝင်ပေးမှသာ မိမိအသက်ရှင်ခွင့်ရချေရာ

မိမိဘက်မှနေကြည့်သော် တစ်ဖက်ရှိ အာရုံတို့ကား အတိုက်၊ မိမိကား အခံသာ။ မိမိထံ သူကလာလာ မိမိကပင် သူ့ထံသွားသွား သူ့အာရုံနှင့် ကိုယ့်အကြည်ဓာတ် နှစ်ရပ်တို့တွင် မိမိကား ဖက်အရာ၊ သူက ဆူးပမာ။

အပူလွန် တေဇော အဓိကဓာတ်တို့ဖြင့် တည်ဆောက်ထားသော

http://www.dhammadownload.com



ခန္ဓာရှင်သည် ယင်းတေဇောဓာတ်အားဖြည့်ပေးရာ ချဉ် ပူ စပ်တို့ အထည့်ခံရမှသာ နေသာမည်။

သို့ကြောင့် အပူ အခိုးပေး အရက်သောက်သုံးသူ အရက်သမားသည် မိမိခန္ဓာက ခံနိုင်ရည်အားရှိသလောက်သာ တစ်ဖက်အရက်က လာကူနေပါလျှင် အတိုက်မရက်စက်သဖြင့် မိမိ၌ အဖျက်မနာပါ။ မကောင်းသော်လည်း မသာမပေါ်သေး၍ တော်သေးဆိုရ၏။ ခံစား၍ရသမျှ ဝေဒနာပေါ်၍ချည်းဆိုသည်ကို လူတိုင်းပင် အသိ။

ဝေဒနာပေါ်ပေါက်လာသမျှလည်း တစ်ဖက်အတိုက်ခံရရာမှ ဒဏ်ရာရ၍ချည်းဆိုသည်ကိုလည်း အသိ။

သို့တစေလည်း ...

ထိုအရက်က မသက်မညှာ မိမိသို့ လာတိုက်ပါသော်ကား ခများသေဖို့သာရှိတော့သည်။

ယနေ့ အရက်ကြောင့် သေပွဲဝင်ရသူမှန်သမျှ ထိုအရက်က မသက်ညှာ၍ချည်းတည်း။

ယနေ့ ထိုအရက်က မိမိအား ရက်စက်ခြင်းသည် ကိုယ့်အစွဲက သူ့ထဲဝင်ရောနေသောကြောင့်တည်း။

ကာမသွေး ကျေးတိုင်း ဆာတတ်သည်၊ သတိထားကြကုန်။

ကာမခွေး မွေးတိုင်း လာတတ်သည်၊ သတိထားကြကုန်။

ဒုဗိဉ်ာ ခု၊ နတ်တော်လပြည့်ကျော် (၇)၊ ဗောနေ့ယျ။
[၂၂-၇-၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

နတ်တလုစာစဉ်

http://www.dhammadownload.com

## ၃၃။ စောင်

သူ့သို့သွားရောက်၍ မျှောင်ကပ်ထားခြင်း။

ကိုယ့်လက်တွင်းသို့ ပစ္စည်းသိုထား မျှောင်ကပ်ထားခြင်း။

ကိုယ့်အနီးအပါးသို့ အရန့်အဖြစ်ထား၍ မျှောင်ကပ်ထားခြင်း။

ထိုအားလုံးတို့သည် အရေးကြုံက သုံးရန် စောင်ထားခြင်းများပင်။

ရန်လိုသောသူသည် ရန်စ,ရတတ်သူ၏အနီးသို့ အဆင်သင့် မျှောင်ကပ်ထားခြင်းဖြင့် ရန်ကို စောင်ထားလေ့ရှိ၏။

ငွေကြေးဥစ္စာ အသပြာ ကြီးပွားလိုသူကလည်း ရသမျှငွေ ကိုယ့်လက်ထဲ ကျစ်ကျစ်ပါ ချွေလျက်က စောင်ထားလေ့ရှိ၏။

သည့်အတူ ညအခါ အချမ်းဒဏ်တွေ့က ကာကွယ်ရန် ခြုံစောင်၊ အိမ်ထောင်ပြုလိုက ပြုနိုင်ရန် လူစောင် စသည်ဖြင့် စောင်တို့သည် များလှချေ၏။

ထိုသို့ များပြားလှသော်လည်း ...

နတ်တလုစာစဉ်

http://www.dhammadownload.com



ဘဝဝဋ်ကာမဝဋ်တွင်းမှ လွတ်အောင်ဟူသော ရည်ညွှန်းချက်များ ခြင်း။

ဂူလိုဏ်တောတောင် ချောင်သို့ ဝင်ရောက်မြှောင်သူကား နည်းပါး လှချေ၏။

အရေးကြီး ကိုယ်လုံရန် သီလ သမာဓိ ပညာများ စောင်ထားသူ ကား နည်းပါးလှချေ၏။

ထိုသိက္ခာများ မိမိ၏စိတ်လက်တွင်းသို့ ကျစ်ကျစ်ပါသွင်း မြှောင် ထားစောင်ထားခြင်း မရှိသေးသမျှ ကိုယ်ရေးကြီး ရန်လိုဖို့ ခဲယဉ်းမည်။

သူပို့ လူပို့ရန်ကား သင်မလိုလားလျှင် သူ သည့်နေရာရှိ ကိုယ် ဟိုနေရာသို့ သွားရောက်နေထိုင်က လွတ်၏၊ လုံ၏။

ကိုယ်တွင်းဆင်း၍ စိတ်ရင်းကပ်ထိုင်နေကြသော ကိုယ်တိုင်စောင် ရန်များကား သင်သွားရာ အမြဲပါနေချေတော့ရာ သိက္ခာမပါ မည်သို့လုံပါ အံ့နည်း။

လူသားတိုင်း ဘေးအထိရန်ကင်း မာန်ပါကင်းကင်းဖြင့် နေလိုကြ ၏။

သို့တစေလည်း နေလိုခြင်းကိုသာ ဆန္ဒပြုကြပြီး နေရရန်ကိုကား အားမထုတ်ဖြစ်ကြပြီ။

လူသားတိုင်း သူတကာနှင့် တွဲဖက်ဖြစ်ရသောရန်ကို မလိုလား။

သို့တစေလည်း ချစ်ခြင်းဖြစ်ရန်ကိုကား အမြဲပင် မြှောင်၍ စောင် ၍ထားလျက်ကချည်းသာ။

နတ်တရားစာစဉ်

http://www.dhammadownload.com



လူသားတိုင်း သူတကာ့ထံမှ လာသောရန် တွန်းလှန်ဖို့ အမြဲကြိုးစားကြ၏။ သို့တစေလည်း ထိုသူတကာသို့ သွားရောက် စ,လေ့ရှိသော ကိုယ်တွင်းရန်ကိုကား မတားဆီး။

လောကတွင် ကြောက်စရာအကောင်းဆုံးကား သင်အမြဲစောင်ထားသော ကိုယ်တွင်းဖြစ် ရန်များတည်း။

လောကတွင် အနှင်ရ အခက်ခဲဆုံးကား သင့်စိတ်ဝယ် အမြဲနေသော အမျှောင်များတည်း။

ယနေ့ သင့်၌စောင်မရှိတော့လျှင် မည်သူမျှ သင့်အား မျှောင်တော့မည်မဟုတ်ချေ။

ယနေ့ သင့်၌ အမျှောင်မရှိတော့လျှင်လည်း မည်သူမျှ သင့်အား စောင်မည်မဟုတ်ချေ။

မျှောင်လျှင် အစောင်ခံရမည်၊ စောင်လျှင်လည်း အမျှောင်ခံရမည်သာ။

လူ့ဘဝ၏ အရေးတကြီးများထက် အရေးတကြီးသည် ...

(က) အနေတတ်ရန်နှင့် (ခ) အသေတတ်ရန် ... တို့သာ ဖြစ်ရာ သင့်၌အစောင်အမျှောင်မထားလျှင် အနေလည်းတတ် အသေလည်းတတ် သွားပြီ။

၁၃၆၁ ခု၊ နတ်တော်လပြည့်ကျော် (၈)၊ စနေနေ့။
[၂၉ – ၇ – ၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

နတ်တလုစာစဉ်

http://www.dhammadownload.com

# ၃၄။ ချစ်

သူတစ်ပါးသို့ ခယစိတ်ဖြင့် ရစ်၊ ချစ်စိတ်ဖြစ်ပေါ်စေသည်။

အချစ်တွင် အစဉ်ရစ် ချည်ခင်မျှင် အခင်ဖြစ်ပမာ ခင်မှုပါ ပါလာပြီ။

အနာဂါမ်အစထား ဘုရား ရဟန္တာများ၏ မချစ် မခင်ခြင်းကား သူတစ်ပါးတို့ကို ခယစိတ်ဖြင့် ရစ်ပတ်တွတ်သော သံယောဇဉ်အလို တရားအမြစ်ပြု ဖယ်ရှား တွယ်ကပ်မထားတော့သောကြောင့် ...

ချစ်ဟူသော ဤစကားသည် ပိယ–လိုလားခြင်း၊ ပီ–နှစ်သက်ခြင်း ဟူသော ပုဒ်ရင်းများမှ ဆင်းသက်လာရော ...

တစ်ဖက်၏ စကား နှစ်သက်လိုလားလာခဲ့လျှင် ပိယဝါစာ ဆိုထိုက်စွာ၏။

တစ်ဖက်၏ အမူအရာများ နှစ်သက်လိုလားလာခဲ့လျှင် ပိယရူပါ ဆိုထိုက်စွာ၏။

နတ်တာလုစာစဉ်

http://www.dhammadownload.com



တစ်ဖက်၏ သဘောထား နှစ်သက်လိုလားလာခဲ့လျှင် ပီယမနာ ဆိုထိုက်စွာ၏။

ထိုတစ်ဖက်သို့ လိုလားနှစ်သက်နေချိန်တွင် ဘဝင်လေမြူး အူကပါ နူးလာပြီး နှလုံးသည်းပွတ်တို့ပါ တစစ်စစ်နှင့် တစ်စုံတစ်ခုသော အမွေးနုဖြင့် ခြစ်သကဲ့သို့ ခံစားခွင့်ရနေသောကြောင့် 'ချစ်'ဟူသော သဘောသွား လူတို့၏အကြား တာစားလျက်က ရှိချေသည်။

လိုလားနှစ်သက်သော ကြိုက်ကွက် အသည်းထက် အကွရာတင်ထားလိုက်ပြီ။

တစ်ဖက်၏ လှပသောပြကွက် အသည်းထက် အကွရာတင်ထားလိုက်ပြီ။

ထိုအသည်းထက် အကွရာတင်ထားခြင်းကပင် စိတ်ကလောင်ကြိုက်သွေးထည့်၍ အသည်းထက် ရေးခြစ်နေခြင်းမဟုတ်လော။

ချစ်ခြင်းသည် အရိယ၊ အနရိယနှစ်နယ်လုံးကိုင် ဘုံဆိုင်ပင်ဖြစ်၏။

အရိယာတို့က ဝေနေယျအားလုံးကို အဝေးမှာထားလျက် ချစ်နေကြပါ၏။ ကိုယ့်အတွက် ကိုယ့်ဘက်သို့ လိုက်လာစေသော အကြိုက်မဟုတ်။ သူ့အကျိုး သူ့၌တိုးရန် လိုလားနှစ်သက်ခြင်းမျှတည်း။

အနရိယတို့ကား တစ်ယောက်ဆို တစ်ယောက်ကို ပူးကပ်စွာထားလျက် ချစ်နေကြပါ၏။ သူ့အတွက် သူ့ဘက်သို့ လိုက်သွားစေသော အချစ်မဟုတ်၊ ကိုယ့်အကျိုး ကိုယ့်၌တိုးရန် လိုလားနှစ်သက်ခြင်းမျှတည်း။

နတ်တလူတချင်

http://www.dhammadownload.com



"နင့်ကို ငါချစ်သည်၊ နင်ချစ်တာ ငါ့သိပါတယ်ဟယ် ... "စကားက ကိုယ့်ကို လိုလားခြင်းကို ပြနေ၏။

"နင့်ကို ငါချစ်သည်"ပြော၍ မနောက သူငါ့ရဆိုးဘူးအကြံ ကိုယ့်ဖို့လိုလားနေခြင်းကို ထောက်ခံနေ၏။ သို့ကြောင့် ထိုကိုယ့်ဖို့ချစ်၍ အမြစ်ကို ကြိုက်ထားသူ၏ အချစ်ကို ခံလိုက်ရသောသူသည် ...

ပင်မြင့်ပန်းကို နမ်းလိုလွန်းလို့ တက်ကြိုက်ရာ ပန်းခမျာ အချိုးမှာ အနာရ အနမ်းနွမ်းရပုံပမာသာ။

ကြက် ဝက် ငါးကို စားလိုလွန်းလို့ဖမ်းကြိုက်ရာသူတို့ခမျာ အသတ်မှာ သေရ၊ အနှပ်မြေကျပုံပမာသာ။

ချစ်တိုင်းလည်း မကိုက် ကြိုက်တိုင်းလည်း မကောင်း၏ သရုပ်သကန်များတည်း။

သတ္တဝါတိုင်း အချစ်ကို စစ်၍မသုံး။ အချစ်ရော အကြိုက်ရော လုံးထွေးပစ်လျက် သုံးကြ၏။ စိတ်အချစ် ကိုယ်ဖြင့် ဖျစ်ညှစ်၍ ထုတ်ပြလိုသော ဆန္ဒ နှစ်ဖက်စလုံး ပြင်းပြနေသောကြောင့်။

သတ္တဝါတိုင်း အချစ်ကို စစ်၍မသုံး။ သို့ကြောင့် အချစ်စစ် အချစ်မှန်ခံစားခွင့် မရရှာကြ။ စိတ်ချစ်ရာ တဏှာတိုး ရာဂဆိုးတို့ ထိုးထလာရာ အကြား နှစ်ဖက်စလုံး ပါသွားကြသောကြောင့်။

သတ္တဝါတိုင်း မိမိစိတ်နှင့် တစ်ဖက်အာရုံကြား စည်းသားထားခြင်း အလျဉ်းမရှိ။

စည်းမလုံ ချွေးတိုး ချွေးဆိုး၏ကိုက်ခဲခြင်းကိုလည်း နှစ်ဖက်စလုံး ပင် ခံလိုနေကြ၏။

နတ်တလုစာစဉ်

http://www.dhammadownload.com



ထိုသတ္တဝါတို့၏ အချစ်ကို စစ်မခံခြင်း၊ အချစ်မှန်ကို မကြည့်လိုခြင်း များသည် အတူတူနှင့် အနူနူတို့အကြား မ,တရားဟူ၍ကား မဆိုသာ။

ဘုဇိဝ ရု သီတင်းကျွတ်လဆန်း (၁၁)၊
ပုံတောင်ပုံညာ၊ လယ်မျေး၊
[၅ - ၈ - ၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၃၅။ သေ

ကိစ္စတစ်ခုပြီးစီးသွားတော့သဖြင့် အာနိသင်များ မလှုပ်ရှားတော့လျှင် သေစာရင်းသွင်းရပြီ။

အင်အားသတ္တိများ တက်ကြွရာမှ ပျက်ကျသွားတော့လျှင်လည်း သေစာရင်းထဲ သွင်းရပြီ။

လူတို့ပြောကြ ဝေါဟာရတွင် ကိန်းသေ၊ မီးသေ ထိုနှစ်ထွေလည်း သွေနေရာနှင့်သူ ပါဝင်လာမြဲပင်။ ထိုစဉ် ...

ကိန်းသေရှိ 'သေ'သည် သေချာခြင်းကိုလျှင် ညွှန်းဆိုရာ လုပ်ရန်ရှိ ကိစ္စတစ်ခု၏ အခြေအနေ ထုတ်ဖော်နေခြင်းမျှဖြစ်ရာ အာနိသင်တစ်ခုတစ်ခုတို့ မလှုပ်ရှားတိုင်း နောက်နောက်အာနိသင် အသစ်အသစ်များ အစားထိုး အစားထိုးသွင်းပေးကာ 'သေ'ပေါင်းများစွာ ချာချာလည်ရဦးမည့် သေ။

http://www.dhammadownload.com



မီးသေရှိ 'သေ'သည်ကား ပွဲပြီး မီးသေ၏ စကားပင်ဖြစ်ရာ မည်သို့မျှ ပြန်လည်မလှုပ်ရှားတော့သော 'သေ'ပင်။

လူတို့၌ရှိသော သေခြင်းမှာမူကား ...

မဆုံးသော သေခြင်း။ ကိန်းသေရှိ 'သေ'ကဲ့သို့သော ဘဝဖြစ်စဉ်တစ်ခု တစ်ခု အာနိသင်ရပ်ဆိုင်းသွားတိုင်း နောက်အသစ်များ အစားထိုးပေးရသည့် 'သေ'မျိုး။

ဆုံးသွားပြီဖြစ်သော သေခြင်း။ မီးသေရှိ 'သေ'ကဲ့သို့သော ဘဝဖြစ်စဉ်အားလုံး ပျက်ကျသွားပြီးနောက် အသစ်ထပ်မံအစားထိုးစရာမရှိတော့သော 'သေ'မျိုး။

ထိုနှစ်မျိုးစလုံးတို့နှင့်ပင် ဆက်ဆံသည်။ ထို့တွင် ...

လူသားတစ်ဦး၏ တစ်ဘဝ ခြေချစအခါ ပဋိသန္ဓေယူရာမှသည် မွေးဖွားပြီးနှင့် အသက်ရှင်ဆဲတစ်လျှောက်လုံးဝယ် ဖလင်ကော်ပြားကပ်ရုပ်သေများသည် တစ်ခုနှင့်တစ်ခု အသေချင်း ဆက်လျက်က ရစ်စက်ငင်စက်တွင် တင်ရိုက်ကာ မီးအားကြီးမား ဆလိုက်အလင်းတန်းဖြင့် ထိုးဆိုက်၍ ဆက်တိုက်ပြလိုက်သည်နှင့် ထိုအသေရုပ်ကလေးများ ထရှင်လာစေ၏။ သွားစရာရှိ သွား၏၊ စကားပြောစရာရှိ ပြောကြား၏၊ လုပ်စရာမှန်သမျှလုပ်ရန် တာဝန်ကျက လုပ်ပြ၏။

သည့်ပမာလျှင် ...

ခန္ဓာရှိရုပ်ကလည်း အတ္တ၊ ဇီဝမှ ဆိတ်သုဉ်း၏ ... သက်မဲ့။

ခန္ဓာရှိနာမ်ကလည်း အတ္တ၊ ဇီဝမှ ဆိတ်သုဉ်း၏ ... သက်မဲ့။

သို့စဉ်လျက် ထိုသက်မဲ့နှစ်ခုက စကားထပြောခြင်း၊ ရယ်မောခြင်း၊

http://www.dhammadownload.com



သွားဟယ် လာဟယ် လုပ်ဟယ် ကိုင်ဟယ်ဖြင့် လှုပ်ရှားပြသနေခြင်းများသည် ထိုရုပ်သေကလေးပေါင်း မြောက်မြားစွာတို့ကို ကံအရှိန်တိုက်၊ စိတ်အရှိန်တိုက်၊ ဥတု အာဟာရတို့၏ အရှိန်တိုက်များနှင့် ခန္ဓာတွင်းနေအတိုက်အခံဓာတ်တို့၏ အရှိန်တိုက်များက ကိစ္စအလိုက် ဌာနအလိုက် တွန်းအားပေးနေခြင်းကြောင့်ပင်။

ကံစိတ်တို့၏ အခိုးသတ္တိသည် မီးအားပမာ ဘဝကို ထွန်းပြနေပါသည်။

ဥတု အာဟာရတို့၏ အာနိသင်သည် ပြစက်ပမာ ဘဝကိုလှုပ်ရှားစေပါသည်။

ထိုစဉ် ... ဇာတ်လမ်းဇာတ်ထုပ် ပြီးဆုံးသွားပါက မီးလည်းမှိတ်၊ စက်လည်း ရပ်၊ ပြီးပါပြီဟူသော ဆိုင်းဘုတ်ကို အဖတ်ခိုင်းခြင်းဖြင့် မလှုပ်ရှားတော့သည့်ပမာ ...

လူတို့တွင်လည်း အတိတ်ကောင်းကံပြုစုစဉ်က စေတနာ၏ပြင်းအား ပျော့အားများအတိုင်းလျှင် ဤဘဝ၏ သက်တမ်းတို့ရှည်များ ဖြစ်ထွန်းလာကြရရာ ထိုစေတနာအခံ ကံအရှိန်အဟုန် ကုန်ဆုံးသွားတော့လျှင် ပြီးပါပြီဆိုင်းဘုတ် တင်ပေးရစမြဲသာ။

သို့မဟုတ် တစ်ဘဝလုံးလုံး ကိုယ့်မသာ ကိုယ်ထမ်း လမ်းလျှောက်လာပြီး ယနေ့ သချိုင်းကုန်းအဝ ပစ်ချလိုက်ခြင်း။

ကာမဘုံဖွား အို ... လူသားများတို့ ...

သင်တို့၏လက်ထဲဝယ် ကိန်းသေ မီးသေ 'သေ'နှစ်ထွေ ဂဟေဆက်လျက်ရှိနေကြပါ၏။

နတ်တလုစဉ်

http://www.dhammadownload.com



ထိုသို့ရှိနေကြရာ ...

ကိန်း၏အသေသည် သည်ဘဝနောက် နတ်ဘဝရောက်ဖို့ သေချာသည်။ သည်ဘဝနောက် ဤလူ့ဘဝ တစ်ဖန်ပြန်ရောက်ဖို့ သေချာသည်ဟူသော 'သေ'အမျိုးအစားသာ ဖြစ်သင့်ကြပါသည်။

မိး၏အသေသည်လည်း ဘဝလမ်းခရီး မဂ္ဂင်ယာဉ်ကိုစီးလျက်က ရှေ့သို့ ထွက်လေရာတိုင်း ...

ငါ့ခွဲကြီး၊ သူ့ခွဲကြီး စခန်းပေါ် ကျော်တက်၊ ဒိဋ္ဌိမီး အသေသတ်ဖျက်ချ၍လည်းကောင်း၊

သူခင်ကြီး စခန်းပေါ် လှမ်းကျော်ထွက်၊ တဏှာမီး အသေသတ်ဖျက်၍လည်းကောင်း၊

ငါခင်ကြီး စခန်းပေါ် လှမ်းကျော်ဖျက်၊ ဘဝရာဂ မာနမီး ငြိမ်းသတ်၍ လည်းကောင်း၊

အပါယမီး၊ ကာမမီး၊ ဘဝမီးများ သေဆုံးခြင်းဟူသော 'သေ'အမျိုးအစားသာ ဖြစ်သင့်ကြပါသည်။ သို့မဟုတ်ပါဘဲ ယင်းတို့အတွက် မိမိ၏ဘဝနှင့်အသက် ဆက်လက်ပေးရာ၌ ကိန်းသေ မီးသေများ ဖြစ်နေကြပါမူကား နေရင်းလည်း သေမဆုံး၊ သေရင်းလည်း သေမဆုံး၊ သေပြီးရင်းသေခြင်းဖြင့်သာ အရှုံးပေါ်ကြရတော့မည် ဟရို့။

၁၃၆၂ ခု၊ ဝါခေါင်လဆန်း (၄)၊ စောနေ့ယူ၊
[၁၂ – ၈ – ၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၃၆။ ကြောက်

ကိုယ့်ထံရှိ ဒေါသစိတ် အောက်သို့ကျရောက်က ကြောက်။

ကိုယ့်ထံရှိ ဒေါသအပေါ်က် စိတ်အပြင်သို့ မကျရောက် မကြောက်။

အနာဂါမ်အစရှိသော ဘုရား ရဟန္တာများ၏ မကြောက်ကား သူတစ်ပါးတို့သို့ ဒေါသစိတ်ရင်း အလျဉ်းမကျရောက်တော့သောကြောင့် ...

ဒေါသစိတ် အထက်တက်ရောက်လာခြင်းသည် မကြောက်ကို ဖြစ်စေ၏။

ဒေါသစိတ် အောက်သို့ပြန်ဆင်းသွားခြင်းသည် အကြောက်ကိုဖြစ်စေ၏။

ကြောက်,မကြောက် ထိုနှစ်ပါး ဒေါသစိတ်၏ အားကစားကွင်း နှစ်ခုတည်း။

ဒေါသ ကစားရာ ထိုအားကစားနှစ်ကွင်းစလုံးပင် ...

http://www.dhammadownload.com



ဒုစရိုက်မှု ပြုရာ၌ မရှက်ခြင်းကို ဆရာတင်၍ ခတ်ကွင်းပြင်ဆင်ရာများဖြစ်ကြလေရာ မနိုင်ရာတွေ့ က ကြောက်၊နိုင်စရာတွေ့က မောက်သော အရှက်မဲ့ကြောက်,မကြောက်မျိုးများတည်း။

သုစရိုက်လောကရှိ သူတော်စင် သူတော်ကောင်းအလောင်းတော်တို့၏ စိတ်ရင်းရှိ ကြောက်ခြင်းများကား နိုင်ရမှာ ကြောက်၍ ရှုံးမည်ကို အမြဲထောက်ခံလေ့ရှိသောကြောင့် အရှက်နှင့် ဖွဲ့ထားသော ကြောက်, မကြောက်မျိုးများတည်း။

တစ်ဦးသည် မြွေဆိုးကိုကြောက်ပြီး မိမိရှိဒေါသခိုးကိုကား ပစ်ထောက်ခံ၏။

တစ်ဦးက မိမိ၏ ဒေါသဆိုးကိုကြောက်ပြီး မြွေမျိုးကိုသာ ပစ်ထောက်ခံ၏။

ထိုသူနှစ်ယောက်ရှိအကြောက် မည်သည့်အကြောက် သင်ထောက်ခံမည်နည်း။

အရှက်မဲ့နေလျှင် အကြောက်ဝင်လာဖို့ သေချာ၏။

အကြောက်မဲ့နေမိလျှင်လည်း အရှက်မဲ့ဝင်လာဖို့ သေချာနေပြန်၏။

လောကတွင် အရှက်မဲ့ အကြောက်မဲ့သမားဟူ၍ ရှားရှားပါးပါး နှစ်ဦးသာ တွေ့မိ၏။

ထိုနှစ်ဦးကား ...

http://www.dhammadownload.com



အရိယနှင့် အနရိယ၊ သို့မဟုတ် ဒုစရိုက်ပြည်သားနှင့် သုစရိုက်ပြည်သားနှစ်ဦးတည်း။

၎င်းတို့တွင် ...

ရန်သူကို ရန်သူလိုသဘောထားရှုမြင်မှုမက ထိုရန်သူအား ကျူးပင်ခုတ် ကျူငုတ်မကျန်ပမာအသေသတ်ပြီးသော အရိယာကြီးများသည် ...

တစ်ဖက်သားအကျိုးပြု ... ကောင်းမှုပြုကျင့်ပေးရမည်ကို နည်းနည်းမျှ မရှက်တတ်။

အကျိုးဆောင်း အကြောင်းပေါ်မည့်အရေး တွေးပြီးလည်း နည်းနည်းမျှ မကြောက်တတ်။

တစ်ဖန် ရန်သူကို မိတ်ဆွေလိုသဘောထားရှုမြင်မှုမက ထိုရန်သူအား သူခိုးစားပြမယား သူခိုးစားပြအပါးမှ မခွာရုံမက သူကပါ အလိုတူအလိုပါ အကူအညီပေးသည့်ပမာ လက်သင့်ခံပေါင်း တောင်းသမျှ အကုန်ပြုကျင့်ပေးနေသော အရိယာကြီးများသည်လည်း ...

တစ်ဖက်သား အကျိုးသက် မကောင်းအောင် ဖျက်ချရမည်ကို နည်းနည်းမျှ မရှက်တတ်။

အကျိုးဆောင်း မိမိထံ တွဲလှယ်အကြောင်း ပေါ်လာမည့်အရေး တွေးပြီးလည်း မကြောက်တတ်။

အရိယာသည် မကောင်းမှု၏ ကွယ်ရာအခင်းဖြစ်၍ ကောင်းမှုပြုကျင့်ရန် လက်မရှိခြင်းတည်း။

နတ်တလုတစဉ်

http://www.dhammadownload.com



အနုရိယာသည် ကောင်းမှု၏ကွယ်ရာ အခင်းဖြစ်၍ မကောင်းမှု ပြုကျင့်ရန် လက်မရှိခြင်းတည်း။

သို့မဟုတ် ကောင်းမှု မကောင်းမှု ဆိတ်ကွယ်နေရာ ရထားကြသူ များ။

၁၃၆၁ ခုနှစ် သီတင်းကျွတ်လဆန်း (၁၁)၊
ဗုံတောင်ဗုံညာ၊ လယ်ဓမ္မ။
[၁၉ – ၁၀ – ၂၀၀၃ ထုတ် ဝေါပြုလာကျွန်မယ်]

http://www.dhammadownload.com

## ၃၇။ တမလွန်

မသေမီ ဖွေသိတ,ရာကို မလွန်ဆန်နိုင်သော် တမလွန်သမားခေါ်ရမည်။

လူမှကွယ်လွန် လူတမယ်ကား လွန်မြောက်သွားသော် တမယ်လွန် ဟူ၍ ခေါ်ရမည်သာ။

လူကိုပစ် လူ့အဖြစ်က လွန်သော်လည်း ရှေ့တစ်ဘဝ မလွန်နိုင်သော် တစ်မလွန်ခေါ်ရမည်။

လူတွင်သာမက တိရစ္ဆာန်များပါ အာရုံခံစားခွင့်ကြုံလှာလေတိုင်း စိတ်ကျက်စားရာ အာရုံပေါ်တွင် သတိဆိုသော မှတ်ချက်ချမဝင်ဘဲနှင့် မြင်မြင်ရာနောက် ကြားကြားရာနောက် ကောက်ကောက်ပါ လိုက်စားနေခဲ့သော် ...

ဘဝင်လေခုန် နှလုံးသွေးလည်း တုန်လျက်ကသာ။

**နတ်တလုစာစဉ်**

http://www.dhammadownload.com



နှလုံးသွေးခုန် တစ်ဖက်အာရုံရှင်၏ ပုံရိပ်လည်း ပေါ်ထင်နေရစ်ပြီသာ။

ထိုပေါ်ထင်လာသော အရိပ်လွှာကို မနှောအကြည် မနှောဆိုဖြင့် အသည်းပြင်ပေါ် အစက်ချ ပုံတူကူးချပေးလိုက်လေသောအခါ ...

ကြိုက်စိတ်ဖြင့် ခင်တွယ် အနီရောင်ခြယ်လျက်က စွဲနေရစ်တော့သည်သာ။

မုန်းစိတ်ဖြင့် ကြည်ဖယ် အမည်းရောင်ခြယ်လျက်က စွဲနေရစ်ခဲ့တော့သည်သာ။

မသိလိုက်ပါ စိတ်ဖြင့် ရှိတ်ဆွယ် အမွဲရောင်ခြယ်လျက်က စွဲနေရစ်ခဲ့သည်သာ။ သို့ကြောင့်လျှင် တွေးတိုင်းမြင် ထင်တိုင်းပင် ကြည့်ရှုရနေသည် မဟုတ်လော။

လူတို့၏ တစ်နေ့တာကာလ ထိုဆန္ဒသုံးဌာနနှင့် ကင်း၍မရ။

လူတို့၏ တစ်သက်တာကာလလည်း ထိုသုံးဌာနနှင့် မကင်း။

သေခါနီး၏ နောက်ဆုံးအချိန်တွင်း လူ့စိတ်နည်း၍ စွဲစိတ်တို့ကချည်း ကြီးစိုးလာချေလျှင် အစွဲနှင့် ကင်း အလျဉ်းမနေတတ်သော စိတ်ကလေးများ တစ်ခုမဟုတ် တစ်ခုကို လိုက်လံရှာဖွေနေတော့မည်သာ။ အာရုံပုံနှိပ်၏ ပုံရိပ်တို့ကား ...

ဘဝင်လေခုန် အဟုန်ဖြင့်လည်းကောင်း၊ နှလုံးသွေးလှုပ် သဒ္ဒပကတိရုပ်ဖြင့်လည်းကောင်း အစွဲသန် အမြန်ရောက်လာမည်၊ အစွဲသေး ဖြည်းဖြည်းနှင့်နှောင့်နှေး ရေးရေးပေါ်လာမည်။ ထိုအခါ အာရုံအမြင်ခွင်ချစွဲစိတ်က ထိုသူ့အား တ,လျက်ကသာ။

http://www.dhammadownload.com



ကြိုက်စိတ်ဖြင့်တ ပြိတ္တာဘဝ တစ်ခဏဆို သွားရပြီ။ 'တ'ရာကို မလွန်ခြင်း။

မုန်းစိတ်ထကြွ ငရဲကျ တစ်ခဏဆို သွားရပြီ။ 'ချ'ရာကို မလွန်နိုင်ခြင်း။

စွဲရှုံ့မှုထ တိရစ္ဆာန်ပြ အစွဲကျရာ သွားရပြီ။ 'ပြ'ရာကို မလွန်နိုင်ခြင်း။

ထိုအစွဲနှင့် ခွဲ၍ စိတ်ချည်းထဲ သက်သက်သွားနိုင်သူ ဤမှမှုလူဟူ၍ ဆိုရပြီ။

အာရုံပုံ မစုံမက် ဖြစ်ပျက်တင် ပယ်ဖျက်၍ နတ်ပြည်ဘက် တတ်နိုင်သဖြင့် ...

အာရုံကို မတွဲပြန် ကိုယ့်ကိုယ်ကို ရှာန်ဖြင့်ရှု၍ ဗြဟ္မာ့ထဲ ပို့နိုင်သဖြင့် ...

အာရုံလည်း မသိ ကိုယ့်ကိုယ်လည်း မဖက် အစွဲပယ်ဖျက်၍ အရိယာဘုံထက် တက်နိုင်သဖြင့် ...

ထိုနောက်ဆုံး ယောကျ်ားအစွဲကို ဖြိုချသွားနိုင်သူ လူသတ်သမားသည်သာ ...

တ,ချရာ သွန်၊ ပြရာကျွံထွက်သွားသော တ,ချရာလွန်သမားတည်း။

အပါယ၊ ကာမ၊ ဘဝအားလုံးကွယ် အမယ်မယ်လွန်မြောက်သွားသော အမယ်လွန်သမားတည်း။

အစွဲဖြင့် တမ်းသော အနာဂတ်ခန်း၏ တစ်ဂဏန်း လွန်မြောက်သွားသော တစ်ကုန်လွန်သမားတည်း။

http://www.dhammadownload.com



ထိုသူ၌ ကာလသုံးပါးထဲ ပြေးဆွဲပေးနေသော ပဋိစ္စသမုပ္ပါယ်စက် တစ်ရထား ဖျက်သိမ်းကာ ထားပစ်ခဲ့နိုင်သဖြင့် တ,ပလပ်၊ မယ်ပလပ်၊ တစ်ပလပ် တပ်စရာမရှိ။

၁၃၆၁ ခု၊ သီတင်းကျွတ်လဆန်း (၁၀)၊
ဖုံတောင်ပုံညာ၊ လယ်မျော။
[၂ – ၉ – ၂၀၀၃ ထုတ် ဓမ္မဖြူသာဂျာနယ်]

http://www.dhammadownload.com

## ၁၈။ သက်ညှာ

အပြစ်ရှိလျက် သက်သက်မဲ့ ငဲ့ညှာလျှင် သက်ညှာသည်ဟု ဆိုရမည်။

အပြစ်ရှိလျက် အသက်မဲ့ကဲ့သို့ ငဲ့ညှာလျှင်လည်း သက်ညှာသည်ဟု ဆိုရမည်။

အပြစ်ရှိလျက် မိမိအသက်ကဲ့သို့ ငဲ့ညှာလျှင်လည်း သက်ညှာသည် ပင် ဆိုရမည်။

စင်စစ် အသက်၏အညှာသည် နှလုံးသည်းပွတ်တည်း။

လူသားတိုင်း နှလုံးသားရေးရာဖြင့် ဘဝကိုတည်ဆောက်ကြသည် ဆိုရာဝယ် ...

ပြင်ပသိများ ဖြစ်ကြလေသော မြင်မှုသိ ကြားမှုသိ စသောအသိ ငါးမျိုးတို့၏ သိသာသိ၍ မတတ်သော အရာအားလုံးကို အတွင်းသိအစင်း သိဖြစ်သည့် တစ်ခုတည်းသော မနောသိက နှလုံးအိမ်တွင် ရုံးဖွင့်လက်ခံ ကာ သဘာဝကျနစွာ အမိပ္ပါယ်လည်း ဖွင့်ပြပေး၏။ သူသဘောကျလျှင်

http://www.dhammadownload.com



ဆက်လုပ်ရန် လှမ်းအမိန့်ပေး။ သူ့သံဘောမကျသော် ရပ်တန်းက ရပ်ကြရန် လှမ်းသတိပေးခြင်းဖြင့်ပင် ဘဝကိုတည်ဆောက်နေကြခြင်းတည်း။

အရပ်သည်က ပစ္စည်းအပ်၊ အတတ်သည်က လက်ခယူဆိုက မမှား။

ကလေးတို့က တွေ့ရာတောင်း၊ မိဘများက ကောင်းမကောင်း စစ်ပေးဆိုကလည်း မမှား။

ကုန်လုပ်သားက ကိုယ်ဝေ့ထမ်း၊ ရုံးလုပ်သားက စိတ်လှေ့ဖမ်း ဆိုကလည်း မမှား။

ထိုအပြင်သိများကို ဖြည့်အားပေးရသော အတွင်းသိမနောရှင်သည် သူ့နှလုံးအိမ်တည်ဆောက်မှုနှင့် သဘောတူသဖြင့် ဓနောတူဖြစ်လာသော တစ်ဖက်သားတို့အပေါ်ဝယ် မိမိအသက်ကို ...

မနိုင်းရက် မစေရက် အပြစ်မပေးရက်ပမာလည်း ညှာပေရှာမည်။

အနုတကာ့ အနု အယုတကာ့ အယုဖြင့် တာသည့်ပမာလည်း တာပေဦးရှာမည်။

ရာဇပြိုလ်ပိုင်ရှင် မိမ္ဗိသာရသည် ...

သားတော်အဇာတ ပဋိသန္ဓေရပြီဆိုကတည်းက မိမိကိုရန်သူသို့မြင် ရန်မူလို့ပင် သုတ်သင်တော့မည်ကို ကိုင်မကြည့်ဘဲနှင့်ပင် အပိုင်သိသိလျက်ကသာ။

သို့တစေလည်း ...

သားဟူသော ချစ်ခြင်း သူ့နှလုံးအိမ်တွင်းသို့ စီးဆင်းလာသည်နှင့် သတ်လိုက သတ်၊ သူ့အား အသက်ကဲ့သို့ မှတ်လိုက်ပြီ၊ ငါ့အသက်နှင့်

http://www.dhammadownload.com



သွှအသက် တစ်ဆက်တည်းအညှာ နှစ်မြွာပူးအသည်းပမာ။ ထိုစဉ် ...

သားက လင်သတ် မမြင်အပ်ရာဖြစ်ရပ်ကို မမြင်လိုသော ဝေဒေဟီ သည် ...

ပထမကိုယ်ဝန်ကျဆေးသောက်၍ ဖျောက်ဖျက်ပစ်ရန် ခွင့်လည်းပန်၊ စီမံလည်း စီမံ၊ မရခဲ့။

နောက် လက်သည်နှိပ်လျက် ကြိတ်ချေဖျက်ရန် ခွင့်လည်းပန် စီမံလည်း စီမံ၊ မရခဲ့။

ထိုသို့ အစီမံ အာဏာဖြင့် ကာရံလိုက်သောအခါ ...

ဝေဒေဟီခမျာ ဖြေလို့လည်း မဆည်သာ၊ နေလို့လည်း မကြည်သာ ပြီ။

သို့နှင့်ပင် လင်သတ်မည့်သား မမွေးချင်ဘဲ မွေးဖွားပေးခဲ့ရပါပြီ။

မမွေးခင်ကပင် လင်၏ရန်သူ လင်ရန်မူမည့် တစ်မူထူးခြားအသတ် သားဖြစ်နေခြင်းကြောင့် မြစ်ရင်းပညတ် တင်သတ်မှတ် အဇာတသတ်တွင် ခဲ့သည်။ ထိုသည့်သား လူလားမြောက်မြောက် တစ်ဆယ့်ခြောက်တွင်ကား မင်းအောက်မှဝင် မင်းမြောက်စဉ် ဖခင်ကိုလျှင် သတ်စေပြီ။

မသတ်မီက သတ်မည်ကိစ္စ ဒိဋ္ဌမြင်လေ ခွန်းမိန့်ခြွေမို့ မသေခင်က အသေစာရင်း သွင်းပြီးခြင်းကြောင့် ...

ပြစ်ရှိလျက်သား မျက်မပွား သက်ညှာသနား ခွင့်လွှတ်ပြီ။

၁၃၆၁ ခု၊ သီတင်းကျွတ်လဆန်း (၁၂)၊
ပုံတောင်ပုံညာ၊ လယ်မွေး။
[၁၆ – ၉ – ၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

နတ်တလုစာစဉ်

http://www.dhammadownload.com

## ၃၉။ မသိ မသာ

မသိလျှင် နား၊ ကြားလျှင် မသာပေါ်တတ်သည်။

မသိလျှင် မိုက်၊ တိုက်မိကလည်း မသာပေါ်တတ်သည်။

မသိခြင်းတရားသည် ရန်သူကို ရန်သူမှန်းမသိခြင်း၌ ပါဝင်၏။ ရန်သူကိုလျှင် မိတ်ဆွေထင်မှတ်နေရာ၌လည်း ပါ၏။ သည့်အတူ ...

အကောင်း အကောင်းမှန်းမသိ၊ အဆိုး အဆိုးမှန်းမသိမှသည် အကောင်း အဆိုးထင်၊ အဆိုး အကောင်းထင်ခြင်း။ မသတိစရာကို သတိစရာထင်၏။ ရွံ့စရာကို သာယာစရာထင်ခြင်း အားလုံး၌ပင် အကျုံးဝင်၏။

ထိုမသိသူအားလုံး ...

နေရာတွင် အသာစီးမရ၊ သေရွာခွင် မသာခရီးကြွဖို့ မုချပင်။

မသိခြင်းသည် သိခြင်းတရားကို တားဆီးသော ကိရိယာထူးဖြစ်သည်။ မသိသူနှင့် မသိခြင်းများကို သိသူသည် သိခြင်းဖြင့် ထိုး၍ လွှမ်းမိုးလာတတ်လွန်းသောကြောင့် ...

http://www.dhammadownload.com



မသိလျှင် ကြိုက်လျှင် ကြိုက် မကြိုက်သော် တိုက်လျှင်လည်း တိုက် မိုက်လျှင် မိုက်၍ရသည်။

မသိလျှင် ငိုက်လျှင် ငိုက် မငိုက်သော် လိုက်လျှင်လည်း လိုက် ရိုက်လျှင် ရိုက်၍ရသည်။

မသိခြင်းလောက် လွတ်လပ်သောနေရာ လောကမှာ ဘယ်နေရာမှာမှ ရှာမတွေ့၊ သို့ကြောင့် ထိုမသိခြင်းသည် သူလွတ်လပ်ရေးပေးထားသော မသိသူများကို လိုက်လံတားဆီးနေသော မသိရှိမှုတရားများကို မသိသူ၏ ထံပါး အနားပင်သီခွင့်မပေးချေ။

မသိသူသည် မသိခြင်းပေးသော အခွင့်အရေးများကို အားပါးတရ အသုံးချ၏။

မသိခြင်းက ပေးသော အခွင့်အရေးများကား အာရုံကြော မျှော လိုက်နေရုံဖြင့် သက်သာစေခြင်း၊ မသိကြိုက်နှင့် ပေါင်း၍ အကောင်းချည်း ဖြစ်စေခြင်း၊ ကာလသုံးပါးရောထွေး၍ ကြောက်တွေး မတွေးစေခြင်း၊ ကာလသုံးတန်၏ စာရင်း လက်ခံထားမပေးခြင်း စသည်များတည်း။

သို့ဖြင့်ပင် မသိရာ အတင်းကြိုက် ဘဝ ဘဝချင်းရင်း၍ လိုက်ခဲ့ရ ပေါင်းများခဲ့လှပြီ။

သို့ဖြင့်ပင် ကြိုက်၊ တိုက်၊ မိုက်စွဲ တစ်ခုမဟုတ် တစ်ခုဆွဲ၍ လွဲခုန်ခဲ့ ရပေါင်းလည်း များခဲ့လှပြီ။

သို့ဖြင့်ပင် အထက်လျှင် တစ်ခဏ အောက်အောက်ထာဝရဖြင့် တစ်ဘဝပြီး တစ်ဘဝရခဲ့ပေါင်းကလည်း များခဲ့လှပြီ။

ဤသည်ပင် မသိရာမှ သေသော မသာစာရင်းများ၏ အချုပ် အဝက်တည်း။

http://www.dhammadownload.com

## ၄၀။ ပုန်းလျှို ကွယ်လျှို

ဘေးရန်မှ ပုန်းလိုကွယ်လိုသဖြင့် မြိုင်ယံကို တိုး လျှိုးဖြစ်စေသည်။ လျှိုကိုတိုး လျှိုးဖြစ်သွားသောကြောင့်ပင်။

တောများ၌ ရေကျကောင်းရာ မြောင်းထိပ်ဝယ် ကန်နှင့်တကွ လယ်ကိုဆယ်လျက်က ရေကျကို နွားသည် ထမ်းပိုးအောက် လျှိုဝင်သည့်ပမာ ထိုးခံထားသော လယ်တောကို လျှိုတောဆိုရသည်။ ငါတို့အနီးအပါးရှိ —

ညောင်ကောက်လျှို၊ နတ်တလုလျှို၊ အောင်ခမ်းလျှိုစသည်များတည်း။ သည့်အတူပင်လျှင် တောင်၏ ရေကျရာအရပ်သို့ ထိုးခံ လျှိုဝင်လျက်က ပေါက်ရောက်လာသော တောကိုလည်း လျှိုပင်ဆိုရသည်။ ဘေးရန်ကို ပုန်းလို ကွယ်လိုသူတို့အတွက် အကာအကွယ်ပေးတတ်သော လျှိုတည်း။

ထိုလျှိုတို့သည် —

http://www.dhammadownload.com



စိတ်သည် သူ့ပင်ပန်းမည်ကိုကြောက်၍ သူ့ပိုင်ကိုယ် ညှိုးနွမ်းမည်ကိုလည်း ထောက်ဆ၏။

သူသက်သာ၍ ကိုယ်မှာ မနာစေလိုသော ထိုစိတ် မသိအုပ်စု၏ အရိပ်မှ မခိုလှုံ မည်သည့်အရိပ် ခိုလှုံရမည်နည်း။ သက်သာခြင်းမှန်သမျှ အဆင်းလမ်းဆိုသည်ကို သူမသိရှာလေ။

ဂင်္ဂါမြစ်ကမ်းနေ ကျီးတစ်အုပ်သည် ဆင်သေကောင်အလောင်း တစ်လောင်း ချောင်းမှ မြစ်၊ မြစ်မှ ပင်လယ်သမုဒ္ဒရာဆီသို့ စီးမျောနေရာ လိုက်ပါလျက်က အစုန်ကြားမရှာဘဲသော အစာစားနေကြကုန်၏။

ချောင်းကုန်ရာ မြစ်ဆက် ဆင်သေကောင် သူ့ထက်နား သူ့အစား မပျက်။

မြစ်ဆုံး၍ သမုဒ်ကွင်းချဉ်း ဆင်သေကောင် သူ့တက်နင်း စားကြဘိ မဝမချင်း။

ထိုစဉ် အလောင်းတော်ကျီးက ခရီးလှေ့လာ၏။ မဆုံးနိုင်မှန်းသိ၏။ ပင်လယ်ပြင် ဆုံးစမထင်ကြောင်း။ သို့နှင့် ကျီးအပေါင်း အသိပေးလိုက်ရာ လိုက်နာသော ကျီးတစ်သိုက် ဆင်ကိုယ်နှိုက်က ပျံတက်ခဲ့ကြပြီ။ ဒေဝဒတ် လောင်းကျီးကား ဆင်သေကောင် ဝဝကြီး သူ့တစ်ကောင်တည်းဆို တစ်ဘဝ ကိစ္စပြီးဟု့ဆိုကာ ဆင်ပုပ်မည်လည်း မသိ၊ ပင်လယ်လှုပ် လှိုင်းပုတ် မသိဖြင့်ပါသွားရာ ခမျာ မသာဖြစ်ရရှာချေပြီကော။

၁၃၆၁ ခု၊ သီတင်းကျွတ်လဆန်း (၁၂)၊
ပုံတောင်ပုံညာ၊ လယ်ဓမ္မ။
[၂၃ – ၉ – ၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com



ဗုဒ္ဓလှို၊ ဓမ္မလှို၊ သံဃလှိုမှသည် ဣတ္ထိယလှိုအထိ များလွန်းလှချေ၏။

နွားထမ်းပိုးလှို နိုဝင်ရာမှန်သမျှ လှိုပင်တည်း။

လှိုရာအမျိုးမျိုး ဝင်ရောက်တိုးခြင်းမှန်သမျှ လှိုးတည်း။ ထိုတွင်

ဗုဒ္ဓ၏ သံဃာ၏ ကြီးမားသော မေတ္တာတော် ကရုဏာတော် ရေလှိုင်းကြီးများ စီးဆင်းကျရာသို့ ရှဉ်းကာပ်၍ တောင်းပန်၊ မွေပြဝါဒခံလိုက်လျှင်ပင် ဗုဒ္ဓ၏ မေတ္တာတော်ရေအကျ ထိုးဝင်ခံလိုက်ရပြီးဖြစ်ရာ ဗုဒ္ဓလှိုသို့ တိုး ဗုဒ္ဓလှိုးဖြစ်သွားတော့ချေပြီ။

ဗုဒ္ဓသည် ကိလေသာ့ဘေးရန်ကို ကာကွယ်ပေးရာ လှိုဖြစ်ပြီ။

ထိုဗုဒ္ဓလှို တိုးဝင်သွားသူကား ဗုဒ္ဓလှိုးသာ။ မွေအကြား တိုးဝင်သွား ဓမ္မလှိုးသာ။ သံဃာအကြား တိုးဝင်သွား သံဃာလှိုးသာ။ ပုန်းသူလည်း လှိုး။ ကွယ်ပေးသူလည်း လှိုးတည်း။ တစ်ဖန် ...

ဗုဒ္ဓသည် တရားတော်၏ စီးဆင်းခြင်းကို လှိုဝင်ထားသော တော။

ပုန်းခိုလိုသူသည်ကား အကွယ်လိုသဖြင့် ထိုတောကိုတိုး ဝင်လှိုးခြင်း။

ကာမဘုံဖွား လောကီသားများတို့ ... သင်တို့သည် ...

လှိုချင်ကြပါသလော၊ သို့တည်းမဟုတ် လှိုးချင်ကြပါသလော။

လှိုချင်သပဆိုလျှင် ရေကျရာ ကန်သင်းထား ရေတားလုပ်ကြပါကုန်။

အကယ်တိတိ ... လှိုးချင်လျှင်ကား တောင်အမြောင်လှိုကြား တိုးသွားကြပါကုန်။

http://www.dhammadownload.com



ထိုသို့ တိတ်တိတ်ပုန်းလျှိုး အကွယ်ကြား တိုးဝင်သွားရာ၌ ...

သင်တို့သည် ...

ဘုရားလျှိုကိုတိုး ဘုရားရှိုးသို့ လျှိုးသွားကြမည်လော။

မယားလျှိုကိုတိုး မယားရှိုးသို့ပင် လျှိုးသွားကြလေမည်လော။

အကယ်တိတိ ...

ဘုရားလျှိုကိုတိုး ဘုရားအကြားလျှိုးသော် အကွယ်အကာရမည် မုချ။

မယားလျှိုကိုတိုး မယားအကြားလျှိုးသော် အကွယ်အကာ ရှာရမည်ကေန်ကို အပြန်အလှန် ဝေဖန်စဉ်းစား သည်လောက်ဆို အကင်းပါးသင့်ကြပြီ ဗျာတို့။

၁၃၆၁ ခု၊ နတ်တော်လပြည့်ကျော် (၈)၊ မောနေ့ညျ။
[၁၀– ၉ –၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၄၁။ မသိလိုက် မသိပါ

မသိရာသို့လိုက် မသိရာနောက် ပါတော့သည်။

မသိရာလိုက်စား မသိရာများသာ ပါလှာမည်။

ယနေ့ သတိမေ့မေ့ဖြင့် အတွေ့နောက်သို့ချည်း လိုက်နေသည်မှန်သမျှ မသိလိုက် လိုက်နေခြင်းများပင်။

ထိုမသိလိုက်သမားနောက် အသိကား လိုက်မည်မဟုတ်။

မသိလိုက်သဖြင့် မသိကြိုက်အားကြီးလာလေ မသိစရာများချည်း ပါလေသာ။

မသိ၍လိုက်စားမသိကြိုက်သမားများကသာလက်ခံမည်ဖြစ်သော ကြောင့် ...

မသိ၍လိုက်စား မသိမိုက်မှားချည်းသာ နောက်ပါ၊ပါမည်ဖြစ်သောကြောင့် ...

နတ်တလူစာစဉ်

http://www.dhammadownload.com



သတ္တဝါတိုင်း ခေတ်ခိုက်ရာ အကြိုက်ကျ ခေတ်စာသွင်းပေးနေရပါသည်ကို အလျှဉ်းမသိ။

အကြိုက်နှောက် စိတ်နှောက်ထတတ်လွန်းသောကြောင့် ထိုအကြိုက်က တိုက်မည်ပိုက်မည်ကိုလည်း မသိ။

ထိုမသိ ဉာဏ်မသိတို့ဖြင့် ...

အယုံနှောက် အရဲခွင့် ကြိုက်ခန်း လိုက်ခန်းကြီးများ ဖွင့်ကြလေရာ

တစ်ဖက်ကြိုက်က မိမိအကြိုက်ကို မပိုက်၊ ခုခံတိုက် အတိုက်ခံရသော် တလိုက်လိုက် တစ်ခိုက်မှုသာ၊ တစ်ခိုက် ခိုက်ကလည်း တရှိုက်ရှိုက် ထုတ် ပြွတ်ကျနေရစ်တော့ပြီသာ။

အကယ်တိတိ ...

ထိုတစ်ဖက်ကြိုက်ကလည်း ကိုယ့်အကြိုက်ကို လိုက်လိုက်လျောလျော သဘောကြည်ဆိုက် အလိုက်သင့် သိမ်းပိုက်ခံလိုက်ရချေသော် ကိုယ့်ရှိ အကြိုက် သူ့လက်ဝယ် အပ်လိုက်ရတော့သဖြင့် သူ့ဘဝအကြား အကြိုက်ကျသွားတော့ရာ ...

တလိုက်နှင့်လည်း မပြီးတတ်၊ ပိုက်တောင်းတောင်း ပေါင်းလိုက်လိုက်ပေးနေရတော့သည်သာ။

တခိုက်နှင့်လည်း မပြီးတတ်၊ ခိုက်တိုင်း ငြိ ငြိတိုင်းခိုက် အလိုက်မနေသာ။

တစ်ရှိုက်ဖြင့်လည်း မပြီးတတ်၊ ဖွဲတိုင်း ရှိုက် ရှိုက်တိုင်းဖွဲ အတွဲမပြွတ်သာ။

http://www.dhammadownload.com



ကန်ပျော်ငါးတို့သည် မိုးကျ၍ ရေဆင်း ကန်တွင်းငုတ်ရာမှပေါ် လာကြရစမြဲသာဖြစ်၏။

ငါးပေါ်၍ အစာရှာ ငါးစား တံငါတို့ကလည်း ငါးအကြိုက် ဝိုက်၍ ကန်ရိုးတစ်လျှောက် ရောက်လေ့ရှိ၏။

ထိုစဉ် တံငါသည် မြှုံးကွင်း ခြပုံးသွင်းလျက်က ထိုကန်တွင်း ချပေး ထားလိုက်၏။

ငါးတို့ကလည်း ဓာတ်ခိုက်ရာ ခြအကြိုက်ကျနေစဉ်ဖြစ်၍ အနံ့ရ ဆတ ဆတစမ်း၍ ဝင်လိုက်၏။

ထိုငါးများ ပျော်လိုက်သည့်ဖြစ်ခြင်း။

တစ်ညလုံးလုံး တပြုံးပြုံး တရှန်းရှန်း မြှုံးအတွင်းဝယ် ကြိုက်ခန်း လိုက်ခန်းကြီး ဖွင့်နေကြ၏။

နံနက်လင်း၍ ကိုတံငါ ရေမှာဆင်း မြှုံးခြင်းကြီးကို လာရောက်မ,ယူ မည်ကိုလည်း သူတို့မသိ။

မြှုံးဖော် ကုန်းပေါ်ရောက်သည်နှင့် ခြကြိုက်သော ငါးတစ်အုပ် တံငါ က ချတော့မည်။ အဖျက်အချလုပ်တော့မည်ကိုလည်း အလျဉ်းမသိ။ သူ တို့သိသည်မှာ လတ်တလော အတွေ့ ခွေ့ကြိုက် ကြိုက်ခြင်းမျှသာ။

အိုဗျို ကာမဘုံသား အကြိုက်ချသမားတို့ ...

သင်တို့သည်လည်း မသိရာနှိုက် မသိလိုက် လိုက်လျက်က မသိပါ မပါချင်ကြပါနှင့်။

မသိလိုက်၏ မသိကြိုက်တို့နောက်မှာ မသိမှု အဝိဇ္ဇာလည်း ပါလေ မြဲပင်ဖြစ်ပါ၏။

နတ်တလုစာစဉ်

http://www.dhammadownload.com



သင်တို့သည် ထိုမသိလိုက်ဖြင့် အာရုံပေါ် မသိပါ ပါနေသမျှ အကြိုက်က နိုက်၊ အပိုက်ကလည်း နိုက်၊ ငိုက်လျှင်လည်း အတိုက်ခံရချေ ရာ ရှိုက်မဆုံး လှိုက်မဆုံးဖြစ်ကြတော့မည် ဟာရို့။

၁၃၆၁ ခု နတ်တော်လပြည့်ကျော် (၇)၊ မောနေ့ယျ။
[၇-၁၀-၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၄၂။ ပျို့မြစ်

သစ်ခွတို့မည်သည် အပိုဖြစ်စေ၊ အမဖြစ်စေ ရေသောက်မြစ်စို့ သူ့နဂိုအတိုင်း နေခွင့်ရကြလေရာ နုပျိုလန်းဆန်း စိမ်းလန်းခြင်းကို ရစေ၏။

သူ့အောက်ရှိ သူလိုက်မှီရာ မြေဆီ၏ ဩဇာသတ္တိ မကုန်မချင်း ပြင်ပနေအပူမြိုက်လည်း သူမဖြုံ၊ ပြင်ပလေ သူ့တိုက်လည်း မဖြုံ၊ ပြင်ပနွေ ဘယ်နှစ်ခါဆိုက်ဆိုက် တုန်လှုပ်မည် မဟုတ်ချေ။

လူတို့တွင်ကား ထိုသို့မဟုတ်ချေ။

အရွယ်လောက်လား ကာလသား ကာလသမီးများအဖြစ်သို့ ရောက်သွားလေသောအခါ အမကိုကား အပျို၊ အဖိုကိုကား လူပျိုဆိုရ၏။ ဘာ့ကြောင့်နည်း။

အပျိုကားစိတ်ရောကိုယ်ပါ သူ့ဓာတ်၊ သူ့သဘာဝအတိုင်း နေခွင့်ရခြင်း၊ တစ်ဖက်သို့ စိတ်မကူးခြင်းများကြောင့် လန်းဆန်းကြ၏။

နတ်တလုစာစဉ်

http://www.dhammadownload.com



လူပျို့မှာမူကား ကိုယ်ခန္ဓာခေါ် လူကသာ နုပျိုလန်းဆန်းမည်၊ စိတ်မှာကား ညည် ဗီဇ ဝါသနာတို့က ထိုးကျင့်နေကြခြင်း၊ တစ်ဖက်ဆီသို့ စိတ်အမြဲကူးဝင်နေခြင်း၊ လေအုပ်စု၏ သဘာဝအတိုင်း စိတ်ကစားနေခြင်း များကြောင့် မလန်းဆန်း၊ သားကောင်ချောင်း သားစားသတ္တဝါပမာပင် တည်း။

ထိုအပျို့ ထိုလူပျို့တို့သည်ကား ...

သစ်ပင်များကဲ့သို့ ထီးထီးသန့်သန့် နေနိုင်စွမ်းမရှိကြချေ။ ဗီဇနှင့် ဝန်းကျင်တို့၏ အမြောက်အပင့်ဖြင့် တစ်ဦးနှင့် တစ်ဦး အပေးအယူလုပ်ကြ ရာမှ အမြစ်ချင်းချင်း ချဉ်းနင်းစပ်ယှက်ကြတော့ရာ ... အမြစ်ရေရှိသ လောက် သူ့နဂိုများ ပျက်စီးယိုယွင်းသွားကြရလေပြီ။ ရေမိုစ်ရသလောက် လည်း အပျို့မှ အပြိုသို့ ရောက်ကြရလေပြီ။ ဗီဇနှင့် ဝန်းကျင်တို့၏ လှိုင်း ခတ်ဒဏ်များ မတော်လှန်နိုင်ကြခြင်းများကြောင့်တည်း။

ယနေ့ လူသားတို့ ...

အမြစ်ပျိုဆဲဖြစ်လျက်က လူအိုစာရင်းထဲသို့ ဆွဲအသွင်းခံနေရခြင်း များသည် အမြစ်ချင်းလိမ် ရေသောက်အိမ်သို့ အတူပူးတွဲဆင်းပွဲကြီးများ ခင်းကျင်းနေကြခြင်းကြောင့်သာ။

ဘုန်းကြီးငယ် အိုတယ်မရှိ သစ်ပင်ဖိုနှင့် တူပါဘိ။

သီလရှင်ငယ် အိုတယ်မရှိ သစ်ပင်မနှင့် တူပါဘိ။

ကာမဘုံဖွား လောကသားတို့ ...

ပျိုခြင်းကား အမြစ်ရေစို တစ်ကိုယ်ချင်းသွားနိုင်စွမ်းရှိခြင်း။

ပြိုခြင်းကား အမြစ်ရေစို နှစ်ကိုယ်ပင်းလျက်က သွားနေကြခြင်း။

ထိုနှစ်ခင်းကား အရင်းကျကျ လေ့လာကြပြီး ပျိုလိုသလား။ ပြိုလို သလား ကိုယ့်ကိုယ်ကို မေးကြည့်လျက်က ပျိုလိုလျှင် လက်ရှောင်၊ မရှောင်နိုင်သော်မှ ကိလေနွေ လေနေလှိုင်း ရိုက်ခတ်တိုင်း နည်းနည်းပါး ပါး ဆိုင်းကြည့်ကြပါဦးဗျာတို့ ... ။

ဒုဗိဝ ပြည်နှင့် ဝါဆိုလဆန်း (၁၀)ရက်၊ ဝေရွှေ။
[၁၄-၁၀-၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၄၃။ ရောင့်ရဲ

စိတ်အမှောင့် ရောင့်တက်လာလျှင် ဘာမဆို ရဲတင်းလာချေပြီ။

မရောင့်လျှင် မရဲ၊ ရောင့်မှသာ အရဲပေါ်တတ်သောကြောင့် …

အကယ်တိတိ …

စိတ်အမှောင့်၏ ထိုအရောင့်ကို ရဲတင်းစွာ ကပ်ရောက်ဖြတ် တောက်ချနိုင်တော့လျှင်ကား ရောင့်ရဲသူဟူ၍ပင် ဆိုရချေတော့မည်။

အရောင့်ကဲ ရဲတင်းစွာ ဖြတ်တောက်ချနိုင်သူကား ရှာမှရှားသော ကြောင့်။

သတ္တဝါတို့၏ စိတ်အစဉ်သည် …

ဘဝင်လေဆောင် နှလုံးသွေးအမှောင့်ကြောင့် ရှေ့ကိုလည်း ရောင့် တက်သွားတတ်ကြ၏။

ဘဝင်လေဖောက် နှလုံးသွေးအနှောက်ကြောင့်လည်း နောက်ကို လည်း ရောင့်ပြန်ပြန်တတ်သေး၏။

http://www.dhammadownload.com



ညှို့ဓာတ်ကဲသော အာရုံ၏ အဆွဲ တွဲခန့်ပါသွားသောကြောင့်လည်း ကိုယ်မှသက်၍ တစ်ဖက်ရောင့်ပါသွားတတ်သေး၏။

စင်စစ် ...

စရိုက်ချင်းကွဲသော ကိုယ်နှင့်စိတ် သတိမရှိ မရိုတ်မိနိုင်ရကား

စိတ်သွားရာကိုယ်မလိုက် ကိုယ်နှိုက်ရာ စိတ်မစား မှောင့်ရာ မှောင့်၊ ရောင့်ရာရောင့်နေမည်ချည်းသာ။

ရုပ်သည် အနှေးကြိုက်၏၊ စိတ်ကား မြန်ချင်တိုင်းမြန် တန့်ပြီမရှိ။

ရုပ်သည် အကြမ်းကြိုက်၏၊ စိတ်ကား သက်သာရာဖြင့် ဒကာခံ တန့်ပြီမရှိ။

ရုပ်သည် ဆင်းရဲဒဏ်ခံနိုင်၏၊ စိတ်ကား ဆင်းရဲစကား နားမှပင် မကြားလို။

၄င်းတို့သည် အကြံတုံး ဉာဏ်တုံး အေးစက်စက်ရေခဲတုံး မယားနှင့် ကြီးရည် ဖန်ရည်ပြည့် အငြိမ်မနေလိုဘိသော လင် တစ်လမ်းတည်းအတူ ယှဉ်သွားမဖြစ်ကြသည်ပမာသာ။

ကိုယ့်ကိုမစောင့် ရှေ့နောက်ရောင့်ထွက်လျက်ရှိသော ထိုစိတ် မှောင့်သည် တစ်ဖက်ကိုယ်များကြားမှ ထွက်ပြူလာကြလေသော အာရုံ သွားများသို့ နောက်ယောင်ခံလျက် လိုက်ခံစားနေသော်လည်း မည်သည့် အာရုံခံစား ခံစား ကိုယ်မှဖြစ်သော ကိုယ်ပွားများချည်းဖြစ်နေကြသဖြင့် အားမရ၊ အားကျလျက်ကချည်းသာ။ တင်းတိမ်မဖက် အတင်းနက်လျက် က ချည်းသာ။

အားမရသော အမှောင့် အမြဲလျှင် ရောင့်တက်နေမည်။

မတိမ်လှာသောအတင်း အမြဲကျင်းဖြစ်နေမည်။

http://www.dhammadownload.com



မြန်စိတ်ကို တွန်းထိုးနေကြသော တဏှာ ပေမ ဝီရိယတို့ အပေးနေး ကိုယ့်အဇပါ အားမရတော့သောကြောင့် ...

ကိုယ်မှမွေးဖွား ကိုယ်ပွားများဖြစ်သော အာရုံထားများအပေါ် အားမရတော့သော ထိုအရိုင်းတို့သည် စိတ်ရောင့်ကို ရဲဆေးသွင်း အာရုံတွဲ အလဲလဲအခင်းကျင်းနိုင်းရှေ့မည်။

အရောင့်နောက်ကအရဲ ဖျက်ခွဲပေးနိုင်သော နောက်ထပ် ရဲပိုးတစ်ခု အားမပြုသမျှ ထိုအရောင် ထိုအရဲ မည်သည့်ကာလမျှမခွဲ တပူးတွဲတွဲ၊ အမဲသား စားဖူးသူသည် နွားမြင် လက်ညှိုးထိုးရင်း တိုးပုံမျိုးတည်း။ လူသားစားဖူးသောကျား လူအနားမှ မခွာ ချောင်းမြောင်းရင်းကချဉ်း ဖွတ်အတင်းကိုက်ချိုပုံမျိုးတည်း။

ကိုယ်တွင်းမှ ဝေတက်လာသော အာရုံပုံရိပ်များသည် အငွေ့သက်သက်မျှသာ။

တွေ့သော အတွေ့သည် အရောင်တင်ပုဆိုး၍ကြည့်လျှင် အရောင်တို့ထိလျှင်ကား ချည်ပိုးမျှပမာ။

ထိုအရိပ်ငွေ့ အတွေ့အထင် မှားသူတို့ကား တစ်ခါတစ်သက်နှင့်လည်း အားမရ၊ တစ်ကမ္ဘာဆက်၍ ဆက်၍လည်း အားမရ၊ အစွဲ၏ အခွဲများကသာ အသားကျနေတော့ရာ ...

ရောင့်သော အရဲမှ အရောင့်နှင့် အရဲခွဲသော အရဲမျိုး ပွဲမတိုးဝံ့ကြ။

၁၃၆၅ ခု၊ သီတင်းကျွတ်လဆန်း (၁၀)၊
ပုံတောင်ပုံညာ၊ လယ်ဓမ္မ။
[၂၅ - ၁၀ - ၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

နတ်တလှစာစဉ်

http://www.dhammadownload.com

## ၄၄။ အပျက်အစီး

ပျက်သောအရာသည် မည်သည့်ကာလမျှ အဖတ်တင်သည် မရှိချေ။

အပျက်၌ စည်းလုံးမိခြင်း၊ ပေါင်းစုမိခြင်း အလျဉ်းကင်းသောကြောင့်တည်း။

အပျက်၌ ပုပ်ခြင်း၊ အရည်ပျော်ခြင်း၊ စီးဆင်းခြင်းကြောင့်တည်း။

သက်မဲ့၌ ခန္ဓာပျက်သော် ပုပ်မည်။

သက်ရှိ၌ အကျင့်ပျက်သော် ယုတ်မည်။

ထိုယုတ်ခြင်းသည် ...

အချို့ခန္ဓာရှိ သွေးသားများယုတ်၍ အချို့စိတ်ထားလောက်သာ ယုတ်၏။

မည်သည့်အယုတ်မဆို ...

ယုတ်ခြင်းသည် လျော့ခြင်းသို့သာ ထိုးဆင်းသွားစေတော့ရကား

http://www.dhammadownload.com



တန်ဖိုးလျော့ကျခြင်းလည်း ဖြစ်နိုင်သည်၊ ဘဝလျော့ကျခြင်းလည်း ဖြစ်နိုင်သည်။

တန်ဖိုးလျော့ကျသော် ဘာမဆို သာသာထိုးထိုး အပိုးဖြင့် ပေးရမည်။

ဘဝလျော့ကျသော် မည်သူနှင့် ပေါင်းပေါင်း မကောင်းရာချည်း ရမည်။

ကြာသော် အပျက်ကြီးသဖြင့် အနိမ့်ခရီး လိမ့်စီး စီးဆင်းသွားရချေတော့မည်။

ယနေ့ စီးပွားရေး ပျက်စီးသွားသူများ၊ အကျင့်ပျက်စီးသွားသူများ၊ ယုံကြည်ချက်ဟူသော စကားမကြားနိုင်တော့ပြီဖြစ်ရာ ... ငါ့ဝမ်းပူဆာ မနေသာဆိုသော စကားအတိုင်း ကျရာပျော် ပေါ်လိုက်ရာ လောက၏ အမိုက်တော ဒိုက်သရောအဖြစ် မျောပါနေရရှာတော့သည်။

ကျရာတိုင်း၌ အမြင့်မရှိ၊ အနိမ့်၌ နိမ့်ပါးခြင်းမျှသာ။

ပေါ်ရာတိုင်း၌ အကောင်းမရှိ၊ အစောင်း၏ ချောင်းကမ်းပါးပမာသာ။

ယုံကြည်ချက်ကင်းမဲ့သဖြင့် စိတ်ဓာတ်ပျက်စီးလျက်ရှိသောသူသည် ဘာဖြစ်ဖြစ်ဟူသော ယုတ်စိတ်ကြီးက မာကျောလာလေရာ ယုတ်မာလျှင် ရုပ်ပါနာတော့မည်။ ယုတ်မာ၍ ရုပ်နာလာသောအခါ ပုပ်မှာကားသေချာပြီ။

သီရိမာသည် အချောအလှ ပြောမပြတတ်အောင် ရှိနေပါသည်။ သို့သော် အကျင့်ကား ပျက်၊ ပြည့်တန်ဆာမ အဆက်။

နတ်တလူစာစဉ်

http://www.dhammadownload.com



တစ်နေ့ ... ဥက္ကာရာ သူဌေးကတော် ဒါနဘက် အရေးပေါ်သဖြင့် လင်တော်အတွက် အဝှားပျော်တော်ဆက်ဖို့ သိရိမာဘက် လက်ဆက်ပေးထားရာ အပျက်သည် စီးတတ်သည့် သဘောအတိုင်း ဥက္ကာရာကိုပင် အသေပိုင်းခဲ့ပါသည်။ သို့သော် ...

ထိုသို့သော်ကား ဥက္ကာရာမိတ်ကောင်းရသဖြင့် စိတ်ကောင်းအလှ ပြန်လည်ရရှိသွားခြင်းပင်တည်း။

အို ... ကာမဘုံဖွား လောကီသားအပေါင်းတို့ ...

သင်တို့သည်လည်း စိတ်ဓာတ် ရုပ်ဓာတ် နှစ်ဖက်ခရီး မပျက်ချင်ကြပါကုန်လင့်။

ပျက်ခဲ့သော် စီးကျ။ အနိမ့်ဘဝ လှလှကြီး ရောက်ကြရပါတော့မည်။

အကယ်တိတိ ... ကယ်တင်ရှင်သဘောကြီး စောစောစီးစီး အကူမရခဲ့သော် လူ့တကာ ရေစီးကြောင်း အခေါင်းဗလာမျှောမလား။ အခေါင်းမကွာ မျှောမလားဆိုသည်ကို စောစောကပင် ကြိုတင်တွေး ခပ်ရေးရေးလေး ပြင်ဆင်ထားကြပါကုန်။

၁၃၆၀ ပြည့်၊ ဝါဆိုလပြည့်ကျော် (၇)၊ ဇေရွှာ။
[ ၉ – ၁၂ – ၂၀၀၃ ထုတ် ဝေါ်ပြုလာဂျာနယ်]

http://www.dhammadownload.com

## ၄၅။ အကြမ်းအရမ်း

ရမ်းခါလာခြင်းသည် ကြမ်းလာခြင်းကြောင့်ပင်တည်း။

ငြိမ်သက်နေခြင်းသည်ကား အတုံ့ဖြစ်သော နုညက်ခြင်းကြောင့်တည်း။

သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ လောကတွင်းရှိ အရာအားလုံးသည် အကြမ်းနှင့် အနု တုံ့ပြန်မှုအားဖြင့် နှစ်ခု နှစ်ခုရှိချေရာ အကြမ်းသည် အတက်၏ အထက်ဖြစ်ပြီး အနုသည်ကား တုံ့ပြန်ခြင်း၏ နိယာမအရ အကျ၏ နားသက်ခြင်းပင်။ ထိုတွင် ...

သက်မဲ့တို့ကား ပြင်ပလေတိုး ကြမ်းရာမှ ရမ်းခါလာကြရ၏။

သက်ရှိတို့ကား အတွင်းလေထ ကြမ်းရာမှ ရမ်းခါလာကြရ၏။

ထိုလေတို့ အားရှိန်အဟုန်မှ အားရှိန်အကုန်သို့ ဆိုက်လာမှုကား အကြမ်းမှနုသမျှ နုညက်ကြရတော့သည်သာ။

နတ်တလုစာခဲ့

http://www.dhammadownload.com



လူဆိုးလူမိုက်တို့၏ အကြမ်းသည် ဒေါသနှင့် မာနစိုးတို့ အကြွ၊ အတွင်းလေများ ထကြွလာကြရာမှ ရမ်းလာခြင်းသာ။

ထိုအနိုးများကား ဇိဖသတ္တိနိုးတို့ဖြင့် ရောပြွမ်းနေသော သွေးတိုး ကြမ်းကြရာချည်းဖြစ်ရာ သွေးတိုးကျ အနိုးမထသာကြပြီ။

သွေးတို့သည် မာနနှင့် ဒေါသကိုလည်း အနိုးထစေ၏။

သွေးတို့သည် ဇိဖသတ္တိကိုလည်း အနိုးထစေ၏။

ထိုလူဆိုး မည်မျှပင် ကြမ်းရမ်းစေ အိမ်သူသက်ထား သားမယား နှင့် တွေ့သောအခါ၊ အိုမင်းမစွမ်း သွေးသားခန်းသောအခါ မရမ်းမခါ ရမ်းသော်မှ မခါသာ။

တစ်ဖန် လူကောင်း လူမိုက်တို့၏ အကြမ်းသည် ရာဂနှင့် မာနနိုး တို့အကြွ၊ အတွင်းလေများကလည်း ထကြွလာကြရာမှချည်း ရမ်းလာခြင်း သာ။

ထိုအနိုးများလည်း ဇိဖသတ္တိနိုးတို့ဖြင့် ယှက်သန်းနေသော သွေး တိုးကြမ်းရာမှချည်း ဖြစ်တတ်လာရာ သွေးပေါင်ကျ အနိုးမထသာ။

သွေးတိုးသည် ရာဂနှင့် မာနကိုလည်း အနိုးကြွစေ၏။

သွေးတိုးသည် ဇိဖနှင့် ကာယကိုလည်း အနိုးကြွစေ၏။

ထိုလူကောင်း မည်မျှပင် သောင်းကျန်းစေ သူစိမ်းဖားဖား ရန်သူ များနှင့် တွေ့သောအခါ၊ အိုမင်းမစွမ်း သွေးသားခန်းသောအခါ ရမ်းပါဆို သော်မှ မရမ်း။

သို့ဆိုသော်သင့်၏အကြမ်းအရမ်းသည် လူကြောင့်လော၊ သို့တည်း မဟုတ် သွေးသားနှင့် ဇိဖသတ္တိများကြောင့်လော။

နတ်ထရုစာစဉ်

http://www.dhammadownload.com



ကာမဘုံဖွား အိုလူသားတို့ ...

သင်တို့သည် ကိလေသာအမွေ ဗီဇသတ္တိအခွေကို ပေပေကြီး ခံမနေကြပါကုန်လင့်။

မာန်ထသည်ကား ကိလေသာနှင့် ဗီဇသတ္တိများ။

ခံရသည်ကား သင့်ခန္ဓာနှင့် သင့်ကိုယ်စိတ်နှစ်ပါး။

အကယ်တိတိ ... သင့်သွေးမဆမ်း။ သင့်အသားများ ခြောက်ခန်းသွားတော့ပါလျှင် သင်သာလျှင် ခေါင်းတုန်လည်ရမ်း သေမင်းအခန်း တန်းဝင်ရမည်။ သူတို့ကား လိုရာရာ အကြိုက်ကျ နှိုက်ရလျှင် အပြီး။ သင့်ခရီးကား လိုက်ပါလိမ့်မည် မဟုတ်ချေ။

ဥဒ္ဒိဝ ပြည့်၊ ဝါဆိုလဆန်း (၁၁)၊ စနေသွား။
[၁၆ – ၁၂ – ၂၀၀၃ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၄၆။ တုံ့ပြန်

အရှိန်နှုန်းသဖြင့် တုံ့ခနဲဖြစ်သွားလျှင် ပြန်လှည့်လာရန် အချက်ပြခြင်းတည်း။

ပစ်လွှတ်အားနှင့် ထိုက်တန်စွာ တစ်ဖန်ပြန်လည်လာခြင်းကား တန်ပြန်တည်း။

တစ်ဦးသည် ခဲတစ်လုံးကို ကောင်းကင်သို့ တည့်မတ်စွာ ချိန်ရွယ်ပစ်လွှတ်လိုက်ရာ မိမိအင်အားသတ္တိ၏ တင်းခြင်း ပြင်းခြင်းနှင့် ထိုက်တန်စွာ ကောင်းကင်ထက်သို့ ထိုးတက်သွား၏။

ထိုအင်အားစွမ်းရည်များ အရှိန်ကုန်သည်နှင့် ခဲသည် တုံ့သွားစေပြီး တစ်ဖန် ပြန်လည်ကာ မိမိလာရာလမ်းအတိုင်း မိမိလာခဲ့သော ခရီးအတိုအရှည်အလိုက် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ကျလာပေလိမ့်မည်။

တုံ့ပြီးနောက် ပြန်လှည့်လာခြင်းကြောင့် ကျလာပေလိမ့်မည်။

http://www.dhammadownload.com



အင်အားနှင့်တန်စွာ တက်ပြီး တန်စွာပင် ပြန်လည်လာခြင်းကြောင့် တန်ပြန်ခြင်းတည်း။ သည့်အတူပင်လျှင် ...

လူလောက၌လည်း ကောင်းသောအရာကိုဖြစ်စေ မကောင်းသော အရာကိုဖြစ်စေ မိမိရှိစေတနာအင်အားသတ္တိ၏ စွမ်းရည်အလိုက် စိတ်သက်သက်ဖြစ်စေ၊ နှုတ်ဖြင့် တွဲလျက်ကဖြစ်စေ၊ ကိုယ်ဖြင့် တွဲလျက်က ဖြစ်စေ ပြုကျင့်မြဲပင်။

ထိုပြုကျင့်အား နှသဖြင့် တုံ့ခနဲဖြစ်သွားသော် အကျိုးသက်ရောက်မှုကား မိမိ၏ စေတနာစွမ်းရည်သတ္တိနှင့် တန်ရာတန်ရာများ တဖွားဖွား ကျရောက်လာမြဲသာ။

ကောင်းမှု၌ တန်ပြန်လာသော တုံ့ပြန်အားများမှာ ...

လူအများတို့ မျက်နှာမြင် ချစ်ခင်နှစ်သက်သည်၊

သူတော်ကောင်းများသာ မိမိထံ ဝင်ကြွထွက်ကြသည်၊

မိမိ၏ ကျေးဇူး ဂုဏ်သတင်း ပျံ့နှံ့သွားစေသည်၊

မည်သည့်နေရာမဆို ဝင်ရဲထွက်ရဲရှိသည်။

ဤလေးပါးသော တန်ပြန်ကျိုးများ လက်ရှိဘဝမှာပင် ထင်ရှားစွာ တိုးဝင်လာစေမည်။ သေလွန်သောကာလ သဒ္ဓါနှင့် တွဲဖက်ထားသော စေတနာ၏ အေးမြကြည်လင်သော စွမ်းရည်သတ္တိကြောင့် အေးမြရာ နတ်ပြည်သို့ သွားရောက်နေထိုင်ခွင့်ရသည်။

တစ်ဖန် လက်ရှိဘဝမှာပင်လျှင် မိမိ၏ရက်ရောသော စေတနာ၏ ဆွဲငင်အားများကြောင့် သူတစ်ပါးတို့၏ ပြန်လည်ရက်ရောခြင်းကိုလည်း ခံယူရဦးမည်။

နတ်တလှစာစဉ်

http://www.dhammadownload.com



မကောင်းမှုဘက်၌လည်း ခိုးမှု၊ လုယက်မှု၊ သတ်ဖြတ်မှုစသည် လွန်ကျူးပြီးသည်နှင့် မိမိကိုယ်ကို မိမိစိတ်က လုံခြုံစွာစောင့်ထိန်းမပေးနိုင်တော့ခြင်း၊ မိမိစိတ်ကိုလည်း မိမိစေတနာများက လုံခြုံစွာ စောင့်ထိန်းမပေးနိုင်တော့ခြင်းများနှင့်အတူ ...

တစ်ဖက်က လိုက်လံချောင်းမြောင်းသည်ဖြစ်စေ၊ မချောင်းမြောင်းသည်ဖြစ်စေ ...

အုပ်ချုပ်ရေးရဲများက လိုက်လံသည်ဖြစ်စေ၊ မလိုက်လံသည်ဖြစ်စေ ...

စိတ်ချောက်ချားခြင်းနှင့်အတူ ပုန်းအောင်းပြေးလွှားနေရတော့သည်သာ။ သည်မျှမကသေး၊ တရားခံဖော် အမှုပေါ်သည်နှင့် မိမိလွန်ကျူးခဲ့မိမှားသော စေတနာအရှိန်သတ္တိနှင့် တန်ရာတန်ရာပြစ်ဒဏ်များ ပြန်လည်လာဦးတော့မည်။

သည်မျှမကသေး၊ သေလွန်ချိန်ကာလ အမွေ့ရာဂ၊ အမွေ့ဒေါသများ တွဲဖက်ထားသော စေတနာ၏ လောင်မြိုက်အားကြောင့် ပူလောင်ပြင်းပြလှစွာသော ငရဲသို့ သွားရောက်၍ အပူလှိုင်းသတ္တိနှင့် တန်ရာတန်ရာ ခံစားရဦးမည်။

တို့ရာမှပြန်လာသော အင်အားသတ္တိသည် လက်ရှိဘဝအတွက် လက်ဆောင်တည်း။

ပြန်ရာမှ တို့လာသော အင်အားသတ္တိသည် နောင်ဘဝအတွက် လက်ဆောင်တည်း။

http://www.dhammadownload.com



တစ်ခါက ... မယားချစ်တတ်သော လင်သည် မယားအပေါ်မြတ်နိုးလွန်းလှသဖြင့် မခိုင်းရက် မစေရက် အိမ်မှာပင် လက်သပ်မွေးထားပြီး မိမိကသာ ရှာဖွေလုပ်ကျွေးနေ၏။

မယားကား မခိုင်းသဖြင့် ထမ်းပိုးညောင်းနေလေရာ အိမ်ရှိအတူနေ လူပျိုပေါက်စ မတ်ကလေးနှင့် တိတ်တိတ်ဖောက်ပြားကြ၏။ ကြာသော် အားမရပြီ။

သို့နှင့် လွတ်လပ်စွာပေါင်းသင်းနိုင်ရန် မတ်အား လင်ကို အသတ်ခိုင်း၏။ သတ်၏။ သေ၏။ လင်ကား မယားစွဲသန်သဖြင့် လင်းမြွေဘဝဖြင့် အိပ်ခန်းသို့လာ၏။ မယားကား ကြောက်လှချည်ရဲ့လေးဆိုကာ အသတ်ခိုင်း၏။ သတ်၏။ သေ၏။

သေသော်လည်း မယားစွဲကား မသေရကား ခွေးဘဝဖြင့် မယားနောက်သို့ တကောက်ကောက်လိုက်၏။ တစ်ရွာလုံးက ခွေးနှင့်ပေးစားကြ၏။ ထိုအခါ၌လည်း ရှက်လှချည်ရဲ့လေးဆိုကာ အသတ်ခိုင်း၏။ သတ်၏။ သေ၏။

သည်တစ်ခါတော့ မလာပြီ။ တစ်နေရာဝယ် လှေသူကြီးသွားဖြစ်နေ၏။ ထိုမယားကား အရောင်းအဝယ်ဖြင့် ထိုလှေကြီး တက်စီးလေရာ မြစ်လယ်ဝယ် လှေကားမသွားပြီ။ သို့နှင့် ...

ရေစာချရန် လူရွေးကြရာ ထိုမိန်းမပင် သုံးကြိမ်သုံးခါ မဲကျ၏။ လှေသူကြီးကား မတတ်သာသည့်အဆုံး ထိုမိန်းမလည်ပင်းဝယ် အိုးတစ်လုံးချည်လျက်က ရေထဲပစ်ချလိုက်ရတော့သည်။ စေတနာက ရေစာတောင်းခြင်းတည်း။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုမိန်းမ၏ စေတနာ အနှံ့ အတွဲ့ကား ပြန်လာချေပြီကော။

ထိုမိန်းမ၏ စေတနာနှင့် တန်ရာကား ပြန်လာခဲ့ချေပြီကော။

ကာမဘုံဖွား လောကသားတို့ ...

ကောင်းသောအရာများကပင် တွဲချက်ခံ တန်ပြန်စေလိုကြပါသလော။

မကောင်းသောအရာများကပင် တွဲပြီးပြန်လှည့် တန်ပြန်ရှိစေလိုကြပါသလော။

သာသနာနှင့် လူ့ဘဝ ကြုံကြိုက်နေရာဖြစ်သော ယခုဘဝကပင် လုပ်ရပ်နှင့်ထပ် ဆုံးဖြတ်ကြပါလေကုန်။

၁၃၆၅ ခု၊ နတ်တော်လပြည့်ကျော် (၁၃)၊ မောနေ့ယျ
[၂၀- ၁ - ၂၀၀၄ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၄၇။ အလွဲ အချော်

သွားလမ်းလွဲနေသော် စားလမ်းလည်းချော် သွားလမ်းလည်းချော် ပေရော့မည်။

သွားလမ်းကသာ တည့်နေလျှင် စားလမ်းလည်း တည့် သွားလမ်းလည်း မိနေတော့သည်သာ။

လူတို့သည် ကောင်းခန်းကိုလည်း မျှော်၏။ ကောင်းလမ်းကိုလည်း မျှော်၏။ မျှော်သည့်အတိုင်းလည်း ကောင်းမည်ထင်သည့်အရာကိုချည်း ရွေးလုပ်ကြ၏။

အချို့က စာရေး၊ အချို့က ဈေးသည်၊ အချို့က ကုန်သည်၊ အချို့က ပွဲစား။ ကုန်ကုန်ပြောရလျှင် အရက်သမား၊ ဖဲသမား၊ ပြည့်တန်ဆာမများသည်ပင် ကောင်းမည်အထင်ဖြင့် ပြုလုပ်နေကြခြင်းပင်။ မကောင်းဆိုပြီး လုပ်သူမရှိ။

http://www.dhammadownload.com



စင်စစ် ဘဝဝန် ခန္ဓာဝန်ထမ်းလျက်က ဘဝလမ်းဘက် တက်လျှောက်နေကြသူများအားလုံးတို့သည် ကောင်းစားခြင်းနှင့် ချမ်းသာခြင်းသို့ ရှေးရှုသည်ချည်းသာ။ သို့သော် ...

ထိုသို့သော်ကား အကောင်းသားပဲဆိုသော အရာမှန်သမျှက အလွဲချည်းဖြစ်နေရကား ကောင်းခန်းလည်း မရောက်၊ ချမ်းသာလမ်းလည်း မရောက်၊ တောက်လျှောက် လမ်းချော်သွားခြင်းပင်တည်း။

ရသာရုံကို အစာအဖြစ်ဖြင့် ဝမ်းစာဖြည့်တင်းရာ၌ ကြက်သားဟင်းတွင် ချိုသောအရသာနှင့် ကြက်ဟူသောအမည် နှစ်မျိုးတွဲနေချေရာ ...

လျှာပေါ်တင် အရသာအဖြစ် ဝင်သွားသည်ကား အချို။

စားသူ၏ စိတ်ဝယ် စွဲထင်းကျန်နေရစ်သည်ကား ကြက်။

ဤသူမှ မလွဲ မည်သူလွဲမည်နည်း။

သည့်အတူ မျက်စိအရသာခံ အဆင်းအာရုံနှင့် အဆင်းရှင်၊ နားအရသာခံ အသံအာရုံနှင့် အသံရှင်၊ နှာအရသာခံ အနံ့အာရုံနှင့် အနံ့ရှင်၊ လျှာအရသာခံ ရသာရုံနှင့် အရသာရှင်၊ ကိုယ်အရသာခံ အတွေ့အာရုံနှင့် အတွေ့ရှင်၊ စိတ်အရသာခံ အငွေ့အာရုံပုံနှင့် အတွေးခံရှင်ဟူ၍ နှစ်မျိုးနှစ်မျိုးစီရှိကြရာတွင်လည်း အတွေ့ကား တခြား အသိကား တလွဲ လွဲနေကြသည်ချည်းသာ။

လွဲနေသော် ချော်ပြီသာမှတ်။

လောက၌ အောက်တန်းစား အသုံးတော်ခံ ကြက်ဝက်သိုးဆိတ်စသည်ဘဝများကို မည်သူမျှမဖြစ်လို။

နတ်တလုစာစဉ်

http://www.dhammadownload.com



ကိုယ်ပိုင်ဘဝမဟုတ် အစွဲက ပစ်ချရာ ဘဝများဖြစ်နေခြင်းကြောင့် တည်း။

ကိုယ့်ဘဝ ကိုယ်မပိုင် သူကိုင် ကိုင်သလိုခံရမည့်ဘဝများ ဖြစ်နေခြင်းကြောင့်တည်း။

သို့တစေလည်း ...

ယနေ့ကြက်ဝက်သိုးဆိတ် တိရစ္ဆာန်ဦးရေ တိုးပွားနေခြင်းများသည် ကား အာရုံပြု လွဲမှားသွားရာမှ ကောင်းလမ်းချော် ဆိုးခန်းပေါ်ရောက် သွားခြင်းများပင်။

ကြက်မျိုး ဝက်မျိုး သီးခြားမရှိ၊ အာရုံလွဲနှင့် ထိသွားသော လူမှ ဖြစ်သော ကြက် ဝက်များသာတည်း။

လူမျိုး နတ်မျိုးလည်း သီးခြားမရှိ၊ အာရုံကောင်း အာရုံမှန်နှင့် မိ သွားသော ကြက်ဝက်တို့မှ ပြန်လည်ဝင်ရောက်လာခြင်းများသာတည်း။

တစ်ခါက ... မာဂဓတိုင်း မစလရွာဝယ် ဦးမာဃဆိုသူရှိ၏။ ၎င်း တွင် သုဓိတာ၊ သုစိတ္တာ၊ သုနန္ဒာ၊ သုမာလာဟူ၍ ဇနီးလေးယောက်ရှိရာ အငယ်သုံးယောက်တို့ကား လင်နှင့် စေတနာတူ၊ ဝတ္တုတူအားဖြင့် လင်ပြု ကျင့်သော ပရဟိတလုပ်ငန်းများကို ဝိုင်းဝန်း၏။ အကြီးကား အကြီးထုံးစံ အတိုင်း အပျင်းကြီးခြင်း၊ တဏှာ(မာန)အားကြီးခြင်းများကြောင့် လမ်း ဖော် မြက်ခုတ် ဗွက်ပုပ် မြေဖို့အလုပ် စက်ဆုပ်သဖြင့် ဝင်မလုပ်။ အောက် တန်းကျသည်ထင်သဖြင့်လည်း ဝင်မလုပ်။ သို့နှင့် ...

ဘဝနှင့်အတူ ပါလာကြသော ကံအရှိန်တို့က သေသဖြင့် ဘဝတွေ

http://www.dhammadownload.com



လည်း သေပေးကြရပြီ။ ဘဝ၏ဖြစ်စဉ်များ ရပ်ဆိုင်းသွားသဖြင့် ခန္ဓာများ လည်း စဲ၊ သေပွဲဝင်ကြရပြီ။

ထိုအခါ ဦးမာဃနှင့်အငယ်မသုံးယောက်တို့ကား တာဝတိံသာဝယ် နတ်ဖြစ်၊ အကြီးမ သုဇာတာကား ဗျိုင်းမဘဝသွားဖြစ်၊ လွဲကြပြီ။ သေခါနီး ငါးကိုမက်သော မက်မောအကျကြောင့် ငါးရှာစားရသော ဗျိုင်းဘဝထဲ လွှဲဝင်သွားခြင်းတည်း။

ဦးမာဃသည် တာဝတိံသာမှနေ၍ မယားအလှ သုဇာတာ၏ဘဝ ဘယ်ရောက်နေသလဲ နတ်မျက်စိလှည့်ကြည့်၏။ လူပြည်ဝယ် မတွေ့၊ နတ် ပြည်ဝယ် မတွေ့။

တွေ့မည့် တွေ့တော့ တစ်ခုသော ကန်အစပ် ရပ်လျက်က ငါး မျှော်နေသည်ကို။ သို့နှင့် သူ့အနားသွား ငါးအရှင်လတ်လတ် သတ်မစား ရန် အလှူခံ၏။ လှူ၏။

ထိုကုသိုလ်ကြောင့် သေသောအခါ အာရုံမှန် ပြန်လည်ရသွားရာ စတုမဟာရာဇ်နတ်ပြည်ဝယ် အသုရာမင်းကြီး၏ သမီးတော်သွားဖြစ်ရ သည်။ အာရုံမလွဲသဖြင့် ကောင်းလမ်းပေါ် မချော်မကောက်ရောက်သွား ခြင်းတည်း။

သည်တစ်ချီအလွဲကား ဦးမာဃတည်း။

သူမျှော်သည်က ငါးပါးသီလလုံသဖြင့် သုဇာတာလေး သူ့ဘုံရောက် သူက တော်ကောက်ရန် အကြံတည်း။

သုဇာတာသွားရသည်က ဦးမာဃရန်ဘက် အသုရာနတ်မင်းကြီး လက်ထဲတည်း။ ဦးမာဃ ရင်ချောင်ခွင့်ရသောအရာမှာ သုဇာတာအပျိုစင်

http://www.dhammadownload.com



အဖြစ်ဖြင့် နတ်ပြည်တက်လာခြင်းပင်။ နတ်တို့သည် လူကဲ့သို့ မိုက်မွေး မဟုတ်ကြ၍ သင်္ကေတထားရ၏။

အိပ်ပျော်နေဆဲ မိမိဝမ်းဗိုက်ပေါ် ရုတ်တရက်ရောက်လာသော် သားဖြစ်၊ သမီးဖြစ်။

အိပ်ပျော်နေဆဲ နံဘေးထဲ ယှဉ်တွဲရောက်လာသော် ကတော်၊ ယသော်။

အိပ်ပျော်နေဆဲ အခန်းထဲ မှုရောက်လာသော်ကား အခြွေရံ၊ အိမ်ထဲဆို ကျွန်။ နတ်ပြည်မှာလည်း ကာလသားများ အပိုးပန်း လွန်လွန်းလှသဖြင့် နောက်ဆုံးပန်းကုံးစွပ်ပွဲကျင်းပရာ သုဓိတာသည် သွေးကပြောသော သဘောထားဖြင့် ဦးမာဃအား ပန်းကုံးစွပ်လိုက်ရာ သွေးတွဲသဖြင့် မလွဲ၊ သွေးဖော်သဖြင့် မချော်၊ ကတော်အရာဝင်သွားပြီ။

ကာမဘုံဖွား လောကသားတို့ ...

သင်တို့သည်လည်း ... ငါးပေါက် မမှားကြပါကုန်လင့်။ အာရုံငါးပါး တံခါးငါးပေါက် သူ့အပေါက်နှင့်သူ လွဲချော်နေပါက နိဗ္ဗာန်အော်လျက်က တိရစ္ဆာန်ဘုံပေါ်ကိုချည်း ချော်လွဲကုန်ကြတော့မည် ဟာရို့။

၁၃၆၁ ခု၊ နတ်တော်လကွယ်နေ့ မောနေယျ
[၂၇–၁–၂၀၀၄ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၄၈။ မတူ မတန်

မတူသောအရာနှစ်ခုသည် တစ်ခုနှင့် တစ်ခု မူမှန်အံကိုက် မလိုက်ကြသဖြင့် မတန်ချေ။ လေးထောင့်နှင့် အဝိုင်း အတိုင်းချင်းမတူရကား အတိုက်နှင့် အခံ မညီသည့်အခါမျှ မတန်။

လောကကြီးတစ်ခုအတွင်းဝယ် သတ္တဝါအသီးသီးတို့မှီတင်းနေထိုင်ကြလေရာ … တိရစ္ဆာန်တို့တွင် ခြေလေးချောင်းသွားနှင့် ခြေနှစ်ချောင်းသွား သတ္တဝါန်လုံးရပ် မဟပ်မိ။ ခြေလေးချောင်းချင်းသော်မှလည်း ဆင်နှင့်ဆိတ်၊ ကျွဲနှင့် ဝက်၊ နွားနှင့် ခွေးများသည် တူသည်ဟု မဆိုသာ။

တစ်ဖန် …

ခြေနှစ်ချောင်းသွားနှင့် ဝမ်းလျှောသွား သတ္တဝါန်လုံးရပ်အားဖြင့် မဟပ်မိ။ ဝမ်းလျှောသွားချင်းသော်မှ ကုန်းနေမြွေနှင့် ရေနေ ငါး သတ္တဝါန် ခြားသေး။

http://www.dhammadownload.com



လူတို့တွင်လည်း ဗိဇသတ္တိသို့လိုက်၍လည်းကောင်း၊ ရေမြေလိုက်၍လည်းကောင်း အမျိုးချင်းလည်း မတူ အယူဝါဒအားဖြင့်လည်း မတူ၊ ဉာဉ် ဝါသနာ စရိုက်အားဖြင့်လည်း မတူလျှင် ထိုက်တန်သည်ဟု မဆိုသာ။

အဆိုးဆုံးမှာမတူတကာ့မတူအားလုံးတို့တွင် လောက၏ သဘာဝကာမနှင့် ဓမ္မ မတူကြခြင်းပင်တည်း။

လူလူချင်း အမျိုးချင်းမတူသည်က အပေါင်းကျွမ်းကျင် တန်ချင်သေး၏။ အယူဝါဒ မတူသည်က တစ်ဖက်တစ်ဖက်လိုက် ကိုက်သေး၏။ ဉာဉ် စရိုက် ဝါသနာချင်း မတူသည်က မျက်စိမှိတ်ပေါင်း ကောင်းသေး၏။

ကာမသတ္တိနှင့် ဓမ္မသတ္တိတို့မှာမူကား မည်သည့်နည်းနှင့်မျှ မတူကြ၍ မည်သည့်ကာလမျှ မတန်ကြချေပြီ။ မိုးနှင့် မြေပမာ အထက်နှင့်အောက် အတန်းအစား ကွာခြားလွန်းလှသောကြောင့်တည်း။

ကာမသည် ယုတ်ညံ့သောစိတ်ထားနှင့် ကိုယ် နှုတ် အမူအကျင့်များ အားကြီးမှုဖြစ်၏။ ဓမ္မသည် သန့်စင်သောစိတ်ထားနှင့် မြင့်မြတ်သော အမူအကျင့်ရှိမှုသာဖြစ်၏။ ထိုမျှမကသေး၊ လောကပါလတရားများ ဖြစ်ကြလေသော မကောင်းမှုပြုရမည်ကို ရှက်တတ်ခြင်း၊ မကောင်းဒဏ်ပြန်လည်ခံရမည်ကို ကြောက်တတ်ခြင်းများ၌လည်းကောင်း ...

နရသဒ္ဒိခေါ် လူ့ဘာဝ လူစိတ်ရှိသူများဟူ၍ အမွှန်းတင်ခံကြရသော ကိုယ်ချင်းစာထား မေတ္တာပွားခြင်းများ၌လည်းကောင်း ...

http://www.dhammadownload.com



နရဘောဂီခေါ် လူ့ဘဝရောက်တုန်းက သိအပ်ခံစားအပ်သော ပရမတ်သဘာဝ စိတ်၏အစာများဖြစ်ကြလေသော ဓမ္မရသ၊ ဝိမုတ္တိရသများ၌လည်းကောင်း သဘောထားများ ကွဲလွဲနေကြမည်သာ။

ထိုတွင် ...

ကာမလိုက်စား အတွေ့၌သိ အတွေ့ငြိသမားများအကြောင်းကို ခွေးတို့၏ တော်သလင်းပွဲကြီးက ကောင်းကောင်းကြီးပြောပြနေပါပြီ။ လူဆို ဤလိုမလုပ်ရာ။

ကိုယ်ချင်းစာကင်း မေတ္တာပျက်ယွင်းအကြောင်းကိုကား တောမှာ မွေးဖွား တောတွင်းသားချင်း နိုင်ရာစားစတမ်း ဓလေ့ထား သားစား တိရစ္ဆာန်များက သက်သေခံနေပါပြီ။ လူဆို သည်လိုမကျင့်တန်ရာ။

ပရမတ်ကင်းစိတ် အဆီပြည့် ဓမ္မပီတိ လုံးဝကင်းပြတ်သည့်အခြင်းကိုကား အပါယ်လောကသားတစ်ရပ်လုံးကပင် ရှင်းလင်းပြောပြနေပါပြီ။ လူဆို သည်လိုင်တ်ပြတ်မနေရာ။

ကာမအရာသည် လူတစ်ဦးတည်းပိုင် မဟုတ်၊ တိရစ္ဆာန်များနှင့်တကွ အပါယ်ခံလောကသားအားလုံးပါ ကိုင်ခွင့်ရမျှားချည်းသာ။

ဓမ္မအရာသည်ကား လူသော်မှ လူဖြစ်ရုံသာသာမျှတို့ပင် ကိုင်ခွင့်မရကြပါ။ ကိုင်ဖို့နေနေသာသာ အလွန်မွန်မြတ်သောအရာသာဆိုသည်ကိုပင် လက်မခံချင်ကြပါ။

ယနေ့ လောကကြီးတစ်ခုလုံးရှိ လူသားအားလုံးတို့ကိုလျှင် ကာမနှင့် ဓမ္မအရသာပေး နှစ်ဌာနတို့တွင် သင်ဘယ်ဌာနကို ဝင်ချင်သနည်း။

နတ်တလုစာစဉ်

http://www.dhammadownload.com



ဤမေးခွန်းကို ကတ်ပြားတစ်ခုပေါ်တွင် ရေးပါ။ ကျောဘက်တွင်ကား (၁) မွေ့ဟူ၍ အထက်တန်းက ရေးပြီး အောက်တန်း၌ကား ကာမဟူ၍ရေးထိုးပါ။ ပြီးသော် လိုရာကို အမှန်အမှတ်အသား (✓)ရေးခြစ်စေပါ၊ မလိုရာကိုကား (×) အမှတ် ကြက်ခြေခတ်စေပါ။ သို့ဆိုသော် ထိုဆန္ဒပေးကတ်ပြား သင်ကြိုက်သောအချိန်မှာ သင်ကြိုက်ရာ ဆန္ဒယူ စခန်းသို့ မဲပုံးတွင်း ထည့်လိုက်ပါ။ အစိုးရမင်းများက စေခိုင်းလျှင် သင်မည်သည့်အရာ ဆန္ဒပေးမည်နည်း။

ဆန္ဒကား ပေးပြီးပြီ၊ ပေးပြီးရုံနှင့် မပြီးစီးသေး။ သက်ဆိုင်ရာအဆင့်ဆင့်တို့က တစ်အိမ်တက်ဆင်း တစ်ဦးချင်း တစ်ဦးချင်းတို့၏ လုပ်ရပ်နှင့်စေတနာ သေချာကိုက် ဟုတ် မဟုတ် ကွင်းဆင်းကြပ်မတ် သုံးသပ်ကာဆုံးဖြတ်ခံရဦးမည်။

ကာမသည် ချောင်းရေပမာ အနည်ပါ ပူဆာနောက်ကျိုနေပါမည်။

မွေ့သည် ကန်ရေအမျှ အနည်ကျ အေးမြကြည်သာနေပါမည်။

ထိုကိစ္စ ဥတ္တရာသူဌေးသမီးတို့ ဇာတ်ထုပ်က သရုပ်ဆောင်စေခဲ့ပြီမဟုတ်လော။

ထိုထိုဥတ္တရာသည် ကာမထက် မွေ့ကို ပိုနှစ်သက်၏။ ဝိသာခါမပမာပင်။ ဥတ္တရာနှင့် ပေါင်းဖက်သော သုမနသူဌေးကြီး၏သားကားကာမကိုသာ လိုလား၏။ သုမနသူဌေးကြီးနှင့် မိသားစုအားလုံးပင် ကာမကို ဝဝကြီးခံစားရန် အရေးပေးထားသော ဘာသာကြီးတစ်ခု၏ ဘာသာဝင်ဖြစ်ချေရာ သားမှာလည်း ဘမျိုးဘိုးတူဆိုစရာ။

http://www.dhammadownload.com



ဥတ္တရာသည် ဘာသာခြားယူမိ၍ တရားလည်း အားထုတ်ခွင့်မရ၊ ကိုယ်ချင်းစာမေတ္တာပြ ဒါနကိုလည်း လုပ်ခွင့်မရဖြစ်နေသဖြင့် မိဘများထံ လှမ်းစာရေးအကြောင်းကြားရာ ဖခင်သည် လျှုရန်ငွေကိုလည်းကောင်း၊ သူကြည်ဖြူရန် ငွေကိုလည်းကောင်းပေးပို့ကာ သင်္ကေတပါ စာရေးပေးလိုက်၏။ သို့နှင့် လင်ယောကျ်ားနှစ်သက်သော သီရိမာပြည့်တန်ဆာမကို တစ်ရက်လျှင် တစ်သောင်းနှဲ့နှုန်းဖြင့် တရားအလုပ် ဒါနထုတ်မြုပ်ခဲ့ရာ ဆယ့်ငါးရက်လုံးလုံး ငှားရမ်းပေးထားကာ တရားဘာဝနာကိုလည်းပွားဒါနများကိုလည်း ပြု၊ မြတ်သောဆုကို အရယူခဲ့ရှာပါသည်။

ထိုသို့ ဥတ္တရာလေး ကာမကို ခနဖြင့်ငှား မေ့ကိုသာ မိမိခံစားခြင်းသည် ...

မေ့သည် ကာမကဲ့သို့ စပ်ပူစပ်လောင် မရှိ၊ ပကတိ ငြိမ်သက်အေးချမ်းသော အရသာဖြစ်ခြင်းကြောင့်တည်း။

မေ့သည် သူ့သဘော မျှောလိုက်ဖို့မလို၊ ကိုယ်လိုသလို ခံစား၊ ကိုယ့်အလိုကျ ထား၍ရသောကြောင့်တည်း။

မေ့သည် သူ့ကြောင့် ကိုယ်မပျက်၊ ကိုယ့်ကြောင့် သူမပျက် ချမ်းသာရုံခံစားချက်ဖြစ်နေသောကြောင့်တည်း။

ကာမဘုံဖွား လောကသားတို့ ... သင်တို့သည်လည်း မတွေ့ရာတို့က တွေ့ဖို့ရန် ကြံစည်၊ တောင်းခံလှာမည်ဆိုလျှင် ...

ကိုယ့်အထားနှင့် သူ့အထား ကြိုက်စိတ်မမှန် ကြိုက်သွေးမလွန်မီ အကြား စဉ်းစားထားကြပါကုန်။

နတ်တရာစာခင်

http://www.dhammadownload.com



သူ့အသွား သူ့အစားနှင့် ကိုယ့်အသွား ကိုယ့်အစားများကိုလည်း အားချင်းချင့်၍ အသင့်ပြင်ဆင်ကြပါကုန်။

မတူရာကကြံ၍ မတန်ရာနှင့်ဆန့်မိသော် ပေါင်းရင်းက ကသောင်းကနင်း ဖြစ်လွန်လွန်းသောကြောင့် ဟာရို့။

ဥပမာ ၁၃၆၅ ခု နတ်တော်လကွယ်နေ့ မောနေယျ။

[၃-၂-၂၀၀၄ ထုတ် ပေါ်ပြူလာဂျာနယ်]

http://www.dhammadownload.com

## ၄၉။ သဲသဲ ကွဲကွဲ

သတိလျှင်ကဲ ဝီရိယဖွဲ့နုပဲဖြင့် သဲသဲမဲမဲ ခွဲမကြည့်တတ်သမျှ မြင်ကွင်းကား မျက်စိရှေ့ စင်းစင်းရှ၍ ထင်းထင်းပြသော်မှလည်း အကွဲရှိကွဲသိ မပေါ်နိုင်။

သတိဖြင့်ကဲ ဝီရိယဖွဲ့နုပဲဖြင့် သဲသဲမဲမဲ စွဲကြည့်တတ်ပါမူကား အထဲတွင် ဝှက် မြှုပ်ကွက်ပင်ဖြစ်နေပါစေ၊ အကွဲရှိ ကွဲသိ သိသည်သာ။

သတိမမူ ဂူမမြင်၊ သတိမူလျှင် မြူကိုလျှင် မြင်ရသည်စကား ...

ဝီရိယမစိုက် သဲပြင်သော်မှ လှံမစိုက်၊ ဝီရိယလိုက် ကျောက်ပြင်လျှင် လှံစိုက်စကား ...

သဲလွန်းမှကွဲ၊ ခွဲလွန်းမှလည်း ကွဲသည်ကိုပင် ရည်ညွှန်း၏။

သို့ကြောင့် ...

သတိရှိသူသည်က မရှိနှင့်အရှိ မိမိရရခွဲ တိတိပပကွဲ သိကြသည်။

http://www.dhammadownload.com



သတိရှိသူသည်သာ အပြောသိမှ သဘောသိထုတ် အပြောရှိ သရုပ်အဟုတ်သိကြသည်။ စာရင်းသည် ငွေနှင့်ကား မကင်း၊ သို့သော် ထိုစာရင်းကား ငွေမဟုတ်ချေ။ ငွေသည် စာရင်းနှင့်ကား မကွာ၊ သို့သော် ထိုငွေကား စာရင်းအရာမဟုတ်လေ။

သည့်ပမာလျှင် သက်ရှိသက်မဲ့အရာဝတ္ထုတိုင်းတို့၌ပင် သဘာဝ တစ်ခု တစ်ခု အသစ်ထွန်းပေါ်လာတိုင်း နာမတစ်ခုတစ်ခုလည်း အသစ် တင်ပေးကြရမြဲ။

သားသမီးတစ်ယောက်ဖွား နာမည်တစ်ခု ပေးမှည့်ထားကြရသည် ပမာ၊ ထိုစဉ် သဘာဝအကျကား အရှိ၊ နာမအပြကား မရှိ ကွဲလျက်နှင့် တွဲမိနေကြလေပြီ။

အရှိကား သတ္တိပြည့် ဂုဏ်ပြည့်၊ မယုံထိကြည့် သူ့အရှိ အတည့်ပြ လိမ့်မည်။

မရှိကား သတ္တိမဲ့ ဂုဏ်မဲ့၊ မယုံဖွဲ့ကြည့်၊ သူ့အမဲ့ ရွဲ့၍ပြလိမ့်မည်။ သို့သော် ...

သူဌေးကြီးဆိုရာ၌ ...

သူ့ဝယ် သူဌေးပစ္စည်းများ မရှိကြပါ။ လူဟာ လူသာပင် သတ္တိမဲ့ ရှိနေပါသည်။ သူဌေးပစ္စည်းရှိများကား ရွှေမှာ၊ ငွေမှာ၊ ကျောက်သံပတ္တ မြားမှာတည်း။ ထိုရွှေငွေကျောက်သံပတ္တမြားများကား သူ့သတ္တိနှင့် သူ၊ သူ့ဂုဏ်သူ အလိုထူလျက်ကပါ။

သူဌေးဘွဲ့ ထိုရတနာများက ထောက်ခံချက်ပေးထားသောကြောင့် မဟုတ်လော။ သို့တစေလည်း ...

http://www.dhammadownload.com



လူသားတိုင်း သူဌေးဟေ့ဆိုလျှင် လူတွင်သာ မြင်ကြ၏။ လူရှင်ကို ကား မမြင်လေ။

သတိရှိသူများလောက်ကသာ သူဌေးအမည်ခံကား ထိုလူ တကယ် သူဌေးကား အတွင်းရှိ နောက်ခံ ကျောက်သံပတ္တမြား ရွှေငွေရတနာများ ခွဲခြားသိ သိတတ်လှ၏။

သတိရှိသူများလောက်ကသာ သူဌေးဆိုသည်ကား နာမံ၊ တကယ့် အရည်အသွေးကား ရတနာအခံ၊ သည်သို့လျှင် အပြောသိမှာ သဘော အရှိ ထုတ်နုတ်သရုပ်ဖော်နိုင်ကြ၏။

စင်စစ် သတိမပါသောသူ၏ အသိမှန်သမျှတို့သည် ...

အိပ်မက်မက်သူတို့ပြောသော ဇာတ်လမ်းထဲက သရုပ်ဖော်စကား များနှင့်လည်း တူ၏။

ပုံပြောကောင်းသောသူတို့၏ ပြောပြချက်များဖြစ်သော ပုံပြင် လက်ဆောင်နှင့်လည်း တူ၏။

အိပ်မက်ကား အိပ်မောကျရာမှ မှေ့ချမက်သော သူ၏ မက်လုံးမျှ သာတည်း။

ပုံပြင်ကား မယုံချင်သူတို့ ယုံချင်အောင် ဆွဲဆောင်သော အနုပညာ လက်သုံး ပြက်လုံးမျှသာတည်း။

ထိုအိပ်မက်ထဲက မက်လုံးသည် မက်တုန်း အရသာခံ၊ နိုး ပြန်ပြီး ပျောက် ဘာမျှခရီးမရောက်။

ထိုပုံပြောသမား၏လက်သုံးသည် ပြောတုန်း အရသာရှိ၊ ပြီး မရှိ၊ ဘာဆို ဘာမျှ လက်ထိ ဒက်ထိ မရှိ။

နတ်တာလူတာစဉ်

http://www.dhammadownload.com



သတိပါသောသူ၏ အသိသည်သာ ...

ဝိဇ္ဇာနှင့် ဖရဲတို့၏ အထဲရှိ ခွဲကြည့်ရန်ပင် မလို၊ အလုံးလက်ပုတ် တစ်ချက်ခတ် နှစ်ချက်မျှ မေးခွန်းထုတ်ရုံဖြင့် မှည့်နေပြီ၊ စိမ်းသေး၏ သူ့ အထဲရှိ ကွဲသိ သိရသည်ပမာ။

အရာရာ ဘာမဆို နဂိုသတ္တိ နပိုရှိ နပိုင်းက နှိုင်းကြည့်ရုံဖြင့် သိနိုင် သည်။

သူတော်ကောင်းသည် သူတော်ကောင်းအကြောင်း သူ့အမူအရာ ပေါင်းက စောင်းပြီးတည့်တည့်ကြီး ပြောနေပါသည်။

သူယုတ်မာကလည်း သူယုတ်မာသည့်အကြောင်း သူ့အမူအရာ ပေါင်းက စောင်းပြီး တည့်တည့်ကြီးပြောပြနေပါသည်။ သည့်အတူ ...

သက်မဲ့သက်ရှိအရာအားလုံးတို့၏ အတွင်းရှိ ၎င်းတို့၏သဘာဝ သတ္တိများသည်လည်း ...

သတိကဲ၊ ဝီရိယစွဲ၊ အသိမြဲမြဲတို့ဖြင့် သဲသဲမဲမဲ ခွဲတတ်သူများအဖို့ သူတို့သဘော သူတို့ သူတို့အကြောင်းက ပေါ်လောကြီး ပြောပြနေပြီကို တွေ့သိနိုင်ကြပါသည်။

တစ်ခါက တကောင်းခေတ် ရာဇဝင်တွင် ...

မောင်ပေါက်ကျိုင်းဆိုသူသည် သတိကားအပြည့်၊ ဝီရိယကားအရှိ၊ သို့သော် အသိကား မဗိသေး။

ထိုပေါက်ကျိုင်း ထိုသတိ ထိုဝီရိယတို့ကို ထမ်းပိုးဖြင့် လျှို့လျက်က

သွားပါများ ခရီးရောက် မြင်းမိုရ်တောင် ဖဝါးအောက်ဆိုကာ မနေ မနား သွားလျက်ချည်းကသာ။

http://www.dhammadownload.com



မေးပါများ စကားရ မတည့်သူပင် အားနာရဆိုကာ မသိရာမှန် သမျှ သိသူထံ စ၍မေးသည်။

မအိပ်မနေ အသက်ရှည် သေကံမရောက် သက်မပျောက်ဆိုကာ ညဥ့်ဆို ငုတ်တုတ် ကျောင်းအလုပ်သူမလုပ်။

သို့ဖြင့် တကောင်းနန်းတော်တွင်း ရောက်ခဲ့လာရာ နန်းတော်ကား ဘုရင်မဲ့၊ ဘုရင်ကြီးနတ်ရွာလျှောက် သမီးတော်လေးတစ်ယောက်သာ ကျန်ခဲ့၏။ ထိုသမီးတော်လေးက ညဥ့်ဆိုလျှင် မြွေကြီးနှင့် နှစ်ကိုယ်ချင်း ချစ်တင်းနှောလေ့ရှိ၏။ ယင်းကို ပေါက်ကျိုင်းမြင်တွေ့သွားရာ ထိုမြွေနှင့် တူ၍ မိဖုရားနန်း နှစ်ခန်းလုံး လုကြရတော့သည်။

ပေါက်ကျိုင်းကား သတိဝီရိယထဲ အသိကဲ မအိပ်ဘဲစောင့်၏။ ပေါက်ကျိုင်း အိပ်ရာခြံကား ငှက်ပျောတုံး ခြုံစောင်ဖြင့် ဖုံး တုံးလုံး။ ထိုစဉ်...

မြွေကြီးသည် ညဥ့်မိုးချုပ်၍ သန်းခေါင်ကျော်ပြီဆိုသည်နှင့် အဆောင်တော်ကူးရန် လာတဲ့ပြီး ငှက်ပျောတုံး ပက်လက်စင် ပေါက်ကျိုင်း အထင်ဖြင့် ဝင်ပေါက်လိုက်ရာ ရှိရှိသမျှသော မြွေစွယ်ကြီးများ ငှက်ပျော မှျင်ကြားငြိ အမြုပ်များသွားတော့၍ နုတ်၍ပင် မရရှိပြီ။ ထိုစဉ် ...

ပေါက်ကျိုင်း၏အချက် တံခါးကြားမှထွက် သန်လျက်ဖြင့်ပိုင်းချရာ မြွေကြီးကျဆုံးရရှာပါပကော။ မင်းသမီးကား ပေါက်ကျိုင်းမချစ်၊ မြွေကြီး ကိုသာ နှစ်သက်နေရှာရာ တစ်ချက်ခုတ် နှစ်ချက်ပြတ်အတွက်ဖြင့် စကား ထားဝှက်၏။ ဖော်နိုင်လျှင် ကပ်၊ မဖော်နိုင် အသတ်ခံရမည် ကတိဖြင့်။

ချစ်တဲ့သူအရိုး ဆံထိုးလုပ်၊ ချစ်တဲ့သူရဲ့အရေ အကျီချုပ်၊ ထောင် ပေးလို့ချုပ် ရာပေးလို့ ဆုပ်။

http://www.dhammadownload.com



ပေါက်ကျိုင်းကား သတိ ဝီရိယမြဲသော်လည်း အသိမကဲ့သဖြင့် သူပြောရင်းသဘော အလျှင်းမကွဲ။ သို့တစေလည်း ကျိုးစကား မိဘတို့ ကြားရာမှတစ်ဆင့် အထဲရှိ ကွဲသိသိ၍ လက်ရလက်မိ ပြည့်ခဲ့သည်။

ကာမဘုံဖွား လောကီသားတို့ ...

သင်တို့သည်လည်း ... သတိမြဲ၊ ဝီရိယကဲ၊ အသိအမြဲစွဲတို့ဖြင့် အထဲ ဆင် အပြင်ကြည့် မြင်ရှုဖြင့် သိကြပါလေကုန်။

အထဲ၏သဘာဝကား မပြောဘဲနှင့်ပြ၊ တူရှင်းမကူ တူမကျ ယှုရှိ နှင့် ရဖို့ချည်းသာ။

၁၃၆၁ ခုနှစ် နတ်တော်လပြည့်ကျော် (၁၂)ရက်၊ မောနေယျ။

[၁၀–၂–၂၀၀၄ ထုတ် ဝေါပြုလာဂျာနယ်]

http://www.dhammadownload.com

## စကားဆုံး နိဂုံးပါစမြဲ

ဝဒ္ဓိတေ ယေဝစနံ ဣတော စိတော ကာလံ ဒေသံ
တေသံပဏ္ဍိ ဓိပ္ပါယတ္တံ မယံ ကရောန္တိ နုရူပံ
တဒေသံ တုမှံ တောသေတိ ဒွေါပေဟိ ပရ သုတာယ
သစေ တုမှံ နတောသေတိ သောဓေဟိ ပရအဒိဋ္ဌာ တိ။

●

ယေ – အကြင်သူများ လူအားလုံးတို့သည်။ ဝနံ – စကားတစ်ခွန်း သူ့အညွှန်းကို၊ ဣတော စိတော – ထိုထိုဤဤ၊ ကာလံ ဒေသံ – ခေတ်အလျောက် ဒေသအလျောက်၊ ဝဒ္ဓိ – နားထောင်သူရှိ ပြောမိဆိုမိ ကြလေကုန်၏။

တေပိ – သင်တို့လည်း၊ ဝဒတိ – နားထောင်သူရှိ ပြောမိမည်ကား အမှန်။ တေသံ – ထိုဤစကား တွေ့တတ် ကြားတတ်ရာများတို့၏၊ ပဏ္ဍိ – နောက်ဝယ်၊ အဓိပ္ပါယတ္တံ – သူ့ဆိုလိုချက် အဓိပ္ပာယ်အနက်ထွက်များကို၊ မယံ – အရှုးလွယ်အိတ် ပန်းချိတ်လျက် အရိပ်များစွာ ခိုလှုံလေ့ရှိပါသော ငါတို့သည်၊ အနုရူပံ – ဆီလျော်သလို၊ ကရောန္တိ – ပြုစုပျိုးထောင် စာတစ်စောင်အဖြစ် ထွန်းသစ်ခဲ့ပါကုန်၏။

နတ်တလုစာစဉ်

http://www.dhammadownload.com



တဒေတံ – ငါတို့ဆိုစကား ထိုထိုအရာများကို၊ တုမှံ – သင်စာကြည့်သမားအဖို့ သစေ တောသေတိ – နှစ်သက်သည်ပဲ ဆိုပါတော့၊ တေတုမှံ – ထိုသင်သည်၊ ပရသုတာယ – နောက်နောင်ကာလ သုတရှာသမားတို့ ကိုးစားရန် အလို့ငှာ၊ ဓွောပေဟိ – အတည်ပြုပေးထားခဲ့ပါလေ။

တုမှံ – စာကြည့်သမား အမြည်းဝါးသူ သင့်အဖို့ သစေ နတောသေတိ – အဓိပ္ပာယ်မကိုက် မနှစ်မြို့က်ဘူးဘဲ ဆိုပါတော့၊ ကေတုမှံ – ထိုသင်သည်၊ ပရတော အစိစ္စာယ – နောက်နောက်အစဉ် မမြင်စေရန် မကြည့်ရန် အလို့ငှာ၊ သောဟိဓေတိ – တစ်လုံးမှားလျှင် တစ်လုံးထုတ်၊ တစ်ပုဒ်မှားလျှင် တစ်ပုဒ်ဖြုတ်အတတ်ဖြင့် မြှုပ်သတ်ခဲ့ပါလေ။

ဣတိ – ဤတွင် ငါပြောလိုသောစကား တစ်ခန်းတစ်ဓာတ် အနားတည်း။ ။

မဟာဗောဓိမြိုင်ဆရာတော်

http://www.dhammadownload.com

# ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်

# ၏

# နတ်တလူစာစဉ်မှထုတ်ဝေပြီးသောစာအုပ်များ

၁။ ကဗျာ့ဘဏ်တိုက်

*(အမျိုးဘာသာနှင့်သာသနာတော်ကို ကာကွယ်စောင့်ရှောက်တတ်စေဖို့)*

၂။ ဝိနယသင်္ဂဟကထာ

*(ဘုရားရှင်နှင့်မခြား တစ်သားထဲကျလိုသော ရဟန်းတော်များအတွက်)*

၃။ သုညသင်္ခါရကထာ

*(သုညမှ စတင်ခဲ့ရသော ဘဝသင်္ခါတို့အကြောင်း)*

၄။ ခန္ဓပဋိဒါနကထာ

*(အစိတ်အပိုင်းများအားဖြင့် ဖွဲ့စည်းထားသော ကားတစ်စီးအကြောင်း)*

၅။ မေတ္တာနီတိကထာ

၆။ လူ့ဘုံခန်းဝါမေတ္တာ *(လေခက္ခဏကထာ)*

၇။ နီတိပြင့်စကားပြောဆိုခြင်း *(သာရဏီယကထာ)*

၈။ ဉာဏ်စဉ်တို့ကို အုပ်စုဖွဲ့၍ ဝေဖန်ခြင်း *(ဉာဏဝိဘင်္ဂကထာ)*

၉။ မေတ္တာကွန်ရက် ဖြန့်ကျက်ခြင်း *(လေခက္ခဏကထာ)*

၁၀။ သတ္တဝါတို့သွားမြဲ ချမ်းသာဆင်းရဲတို့၏ ညွှန်းဆိုရာများ *(လေခက္ခဏကထာ)*

၁၁။ ချစ်သမီးဝိသာခါသို့ *(ကဗျာရှည်)*

၁၂။ ပီတိ၊ ဂါရဝ၊ မြတ်သီလနှင့်ဘဝသချာ *(လေခက္ခဏကထာ)*

၁၃။ ကဗျာ့နန်းတော်

၁၄။ အမေ့ရင်ခွင်ကြားက အမေ့သား အမေ့သမီးများသို့ *(ပဟာဒဂမနီယကထာ)*

၁၅။ သံဝေဂလမ်း *(သံဝေဂ ပဋိသံယုတ္တကထာ)*

၁၆။ သိက္ခာပျက်တဲ့မိစ္ဆာစက် *(ဝိပတ္တိကာလကထာ)*

၁၇။ ပညတ်မှ ပရမတ်သို့ *(ပညတ္တိ ပဋိက္ခေပ ကထာ)*

၁၈။ နိဒါန်းသတိပဋ္ဌာန် *(နိဒါန သတိပဋ္ဌာန ကထာ)*

၁၉။ ဝေါဟာရနှင့်မေတ္တာအမြင် *(လေခက္ခဏကထာ)*

၂၀။ အမှတ်တရလက်ဆောင်ပေးခြင်း *(သတိဒိန္နကထာ)*

http://www.dhammadownload.com

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

"အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏"

## ကျေးဇူးရှင်မဟာဗောဓိမြိုင်ဆရာတော် ၏

## ဓမ္မစာပေတရားတော်များပြန့်ပွားရေး ငွေပဒေသာပင်

### အလှူရှင်များစာရင်း

၁။ အရှင်တေဇိန္ဒ (ရွှေဥမင်တောရ) ငါးသောင်းကျပ်

၂။ အရှင်ဉာဏဓဇ (ရွှေဥမင်တောရ) နှစ်သောင်းကျပ်

၃။ ဒေါ်ဥတ္တမစာရီ ၊ရေပ်ကွင်း၊ လှည်းကူးမြို့နယ်။ နှစ်သောင်းသုံးထောင်ကျပ်

၄။ ဆရာအောင်ကျော်စံ ဆယ်သိန်းကျပ်

၅။ ဒေါ်အားမေ မိသားစု၊ ကျွန်းပင်သာရပ်မြစ်ကြီးနားမြို့။ ဆယ်သိန်းကျပ်

၆။ ဦးအေးမောင် + ဒေါက်တာစန္ဒာကျော်၊ သမီး - ယွန်းမှူးမှူးအိမ်၊
ဆန်းဆင့်ဆင့်အေးမောင် မိသားစု၊ မြစ်ကြီးနားမြို့။ ဆယ်သိန်းကျပ်

၇။ ဗိုလ်မှူးကြည်စိုးဝင်း + ဒေါက်တာခိုင်ခိုင်လင်း၊
သမီး-သက်ထားဝင်း မိသားစု။ ငါးသိန်းခြောက်သောင်းကျပ်

၈။ ဓေတနာရှင် မိသားစု - ခေတ္တဘန်ကောက်။ ငါးသိန်းကျပ်

၉။ ဦးဝင်းထိန် + ဒေါ်အေးအေးယု မိသားစု၊ ရန်ကုန်။ ငါးသိန်းကျပ်

၁၀။အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးထွန်းထွန်း + ဒေါ်ဝေဝေ မိသားစု။
သုံးသိန်းကျပ်

၁၁။ကိုသန်းလွင်+မယဉ်ယဉ်အေး၊ထွန်းနိုင်အောင်ကုမ္ပဏီမိသားစု။ နှစ်သိန်းကျပ်

၁၂။ဒေါက်တာတင်ထွန်းအောင် + ဒေါ်ခင်မြတ်မျိုးဆင့် မိသားစု။
တစ်သိန်းငါးသောင်းကျပ်

၁၃။ကိုအောင်နိုင်ဦး + မရင်မေ၊ ဝင်းဝင်းကုမ္ပဏီ မိသားစု၊
မြစ်ကြီးနားမြို့။ တစ်သိန်းငါးသောင်းကျပ်

၁၄။ဦးဟုတ်စွမ် + ဒေါ်ခင်ကြူ၊ သားသမီးမြေးတစ်စု၊ရန်ကုန်။ တစ်သိန်းကျပ်

၁၅။ဦးမြင့်ဝင်း + ဒေါ်ဆွေဆွေ မိသားစု၊ ရန်ကုန်။ တစ်သိန်းကျပ်

http://www.dhammadownload.com

၁၆။ ဒေါက်တာခင်မောင်ဇော် + ဒေါ်ခိုင်ခိုင်အေး မိသားစု၊ ရန်ကုန်။ — တစ်သိန်းကျပ်

၁၇။ ဦးထင်အောင်ကျော် + ဒေါက်တာပပဝါ မိသားစု၊
ကျော်ဝေယျာ ကုမ္ပဏီလီမိတက်၊ ရန်ကုန်။ — တစ်သိန်းကျပ်

၁၈။ ဗိုလ်ကြီးမျိုးညွန့်ကျော် + ဒေါ်ဥမ္မာအောင်၊ သမီး မပြတ်သွယ်နိုင်၊
၅/ဃမဂ္ဂင်ကျောင်းလမ်း။ ရွာသစ်အရှေ့ အင်းစိန်။ — တစ်သိန်းကျပ်

၁၉။ ကိုရဲမြင့် + မချောစု၊ အောင်နန်း ၁၂၈၊ မြစ်ကြီးနားမြို့။ — တစ်သိန်းကျပ်

၂၀။ ကိုခင်မောင်ထွေး + မနှောင်းငယ်၊ သား - ကောင်းမင်းခန့် မိသားစု၊
ကချင်ပြည်နယ်။ — တစ်သိန်းကျပ်

၂၁။ ဗိုလ်ကြီးဇော်သက်နှင့် တပ်ဖွဲ့ဝင်များ။ ခေတ္တ လိုင်ဇာ။ — တစ်သိန်းကျပ်

၂၂။ ကိုအားရင် ရွှေပြည်သာ ကုမ္ပဏီ မိသားစု။ — တစ်သိန်းကျပ်

၂၃။ ဗိုလ်မှူးချစ်ကိုကို + ဒေါ်သီတာအောင် မိသားစုတောင်ကြီးမြို့။ — တစ်သိန်းကျပ်

၂၄။ ဒေါက်တာအောင်သန်း + ဒေါ်ဝါဝါသန်း။
တီကေ မိသားစု၊ မြို့မရပ်၊ သာစည်မြို့။ — တစ်သိန်းကျပ်

၂၅။ ဒေါက်တာဝင်းနိုင်ထွန်း မိသားစု၊ ထိုင်ဝမ်။ — တစ်သိန်းကျပ်

၂၆။ ဦးကျော်မင်းနိုင်+ ဒေါ်စောမွန်လတ်မိသားစု၊
ရန်ကုန်။ — ခုနစ်သောင်းငါးထောင်ကျပ်

၂၇။ ဦးကျော်ကျော် + ဒေါ်အေးအေးမြင့် မိသားစု၊
အမှတ်(၁) ကြေးနီ သတ္တုတွင်း။ မုံရွာမြို့။ — ခြောက်သောင်းကျပ်

၂၈။ ဒေါ်သောင်း။ သား - ဒေါက်တာအိုကေ၊
အနောက်ဈေးရပ်၊ ရွှေဘိုမြို့။ — ငါးသောင်းကျပ်

၂၉။ ဒေါက်တာလှထွန်းဝင်း + ဒေါ်ရီရီဝင်း မိသားစု၊
အောင်သိဒ္ဓိရပ်၊ ဝေးကုန်းမြို့။ — ငါးသောင်းကျပ်

၃၀။ ဦးသွေးချွန် + ဒေါ်နန်းရွှေအေး မိသားစု၊ ရန်ကုန်။ — ငါးသောင်းကျပ်

၃၁။ ဒေါ်မြသန်း။ ဒေါ်တင်ပု (မလှခင် ဆေးပေါ့လိပ်) မိသားစု၊
ရန်ကြီးအောင်ရပ်၊ ဝေးကုန်းမြို့။ — ငါးသောင်းကျပ်

၃၂။ ဦးအောင်ထူး + ဒေါ်နုနု မိသားစု၊ သစ်ထုတ်ရေး မုံရွာမြို့။ — ငါးသောင်းကျပ်

http://www.dhammadownload.com

၃၃။ ဦးခင်မောင်သန်း + ဒေါ်ငွေး မိသားစု၊
ရန်ကြီးအောင်ရပ်၊ ဝီးကုန်းမြို့။ ငါးသောင်းကျပ်
၃၄။ ဦးအေးသိုက် + ဒေါ်ဝင်းဝင်းစိုး၊ သား - မောင်ဝင်းပြည့်ဖြိုး မိသားစု၊
ကျောက်မြောင်း၊ ရန်ကုန်။ ငါးသောင်းကျပ်
၃၅။ ဦးခင်မောင်ကြည် + ဒေါ်ကျော့ကျော့မိုး မိသားစု၊
မြန်မာ့သစ်လုပ်ငန်း၊ တောင်ငူမြို့။ ငါးသောင်းကျပ်
၃၆။ ဦးညွန့်ဝေ + ဒေါ်မြကြည် မိသားစု၊ အမှတ်(၁)၊
ကြေးနီသတ္တုတွင်း၊ မုံရွာမြို့။ ငါးသောင်းကျပ်
၃၇။ ပြည်နယ်တရားသူကြီး ဦးမြတ်မင်း + ဒေါ်သီတာ၊
မြစ်ကြီးနားမြို့။ ငါးသောင်းကျပ်
၃၈။ ဦးဘုန်းမြင့် + ဒေါ်ခင်သန်းမေ၊
အမှတ်(၁၀၀)မြို့မရပ်၊ ကာမိုင်းမြို့။ ငါးသောင်းကျပ်
၃၉။ ဦးမင်းချစ်သူ + ဒေါ်အေးအေးဝင်း၊
သမီး - ရွှေရေးခြယ် မိသားစု၊ ရန်ကုန်။ ငါးသောင်းကျပ်
၄၀။ ဦးခင်မောင်အေး + ဒေါ်လှလှချင်း၊ အရောင်တင် မိသားစု၊
ဝက်လည်ရွဲရပ်၊ ရွှေဘိုမြို့။ ငါးသောင်းကျပ်
၄၁။ ဦးမြင့်စိုး + သုမင်္ဂလာ ဒေါ်သန်းသန်း၊ သား - ကိုမောင်မောင်စိုးသန်း
မိသားစု၊ ပျဉ်းမနားမြို့။ သုံးသောင်းကျပ်
၄၂။ ဦးမျိုးညွန့် + ဒေါ်မြင့်မြင့်ဝင်း မိသားစု၊
ကြိုးဟ်တဲ့ဆက်သွယ်ရေးစခန်း၊ ပုတာအိုမြို့။ သုံးသောင်းကျပ်
၄၃။ ဦးသိန်းအောင် + ဒေါ်လှစိန်၊
သား-ကိုဝင်းနိုင် နှင့် မောင်နှမများ၊ ရွှေညောင်မြို့။ သုံးသောင်းကျပ်
၄၄။ ဦးသိန်းအောင် နဝရတ်မိတ္တူ မိသားစု၊ လှည်းတန်း။ နှစ်သောင်းကျပ်
၄၅။ ဦးဝင်းမောင် + ဒေါ်စိုးစိုးမြင့် မိသားစု၊ မန္တလေး။ နှစ်သောင်းကျပ်
၄၆။ ဦးမြတ်သူ + ဒေါ်အေးမြတ်မွန်
M .H .T ဆောက်လုပ်ရေး ရန်ကုန်။ နှစ်သောင်းကျပ်
၄၇။ ဒေါ်သန်းမြ ဒေါ်ပေါ် ဖိုးလမင်းမုန့်တိုက်၊ ကလေးမြို့။ နှစ်သောင်းကျပ်

http://www.dhammadownload.com

၄၈။ ဦးတင်ဝိုး + ဒေါ်ခင်ပြုံး မိသားစု၊ ဗိုလ်ချုပ်လမ်း ကလေးမြို့။ နှစ်သောင်းကျပ်

၄၉။ ဒေါက်တာသန်းထွေးအောင် + ဒေါ်မြင့်မြင့် မိသားစု၊
ရွှေဘိုမြို့။ နှစ်သောင်းကျပ်

၅၀။ ဒေါက်တာနေဦး + ဒေါ်ပိုပို " Top Choice စာအုပ်လုပ်ငန်း "
အမှတ် - ၁၇၂၊ ၃၁ လမ်း။ ဖုန်း - ၂၇၀၀၀၁၃၊ ရန်ကုန်။ နှစ်သောင်းကျပ်

၅၁။ ဦးလှအောင် + ဒေါက်တာတင်တင်စု၊
၁၉၊ ဇဋိလလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။ နှစ်သောင်းကျပ်

၅၂။ ကိုတင်မြင့် + မစန္ဒာအေး မိသားစု၊ " Good Baby " စတိုး၊
မြစ်ကြီးနားမြို့။ နှစ်သောင်းကျပ်

၅၃။ ဦးခင်မောင်သက် + ဒေါ်မြင့်မြင့်ခင် မိသားစု၊
အာရှရောင်းဝယ်ရေး မိသားစု၊ မကွေးမြို့။ နှစ်သောင်းကျပ်

၅၄။ စေတနာရှင်တစ်ဦး နှစ်သောင်းကျပ်

၅၅။ မစန္ဒာလင်း (ဦးမြသောင်း + ဒေါ်အေးအေးမင်း ရွှေဆိုင်)
လယ်ဝေးမြို့။ နှစ်သောင်းကျပ်

၅၆။ တပ်ကြပ်ကြီးသန်းဝင်း + ဒေါ်ဥမ္မာထွန်း မိသားစု၊
ရန်ကုန်။ တစ်သောင်းငါးထောင်ကျပ်

၅၇။ ဒေါ်နန်းမူ နှင့်သားများ၊ ရွှေညောင်မြို့။ တစ်သောင်းငါးထောင်ကျပ်

၅၈။ ဦးအောင်ကျော်ညွန့် + ဒေါ်မူမူ မိသားစု၊
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။ တစ်သောင်းကျပ်

၅၉။ ဦးပန်ကာ + ဒေါ်ခင်ထွေး မိသားစု၊ အမှတ်(၃)၊ သာစည်မြို့။ တစ်သောင်းကျပ်

၆၀။ ဦးမောင်မောင်အေး + ဒေါ်ချိုလေး မိသားစု၊
အနီးစခန်း၊ ပြင်ဦးလွင်။ တစ်သောင်းကျပ်

၆၁။ ဦးမြသောင်း + ဒေါ်အေးအေးမင်း၊ ရွှေဆိုင်၊ လယ်ဝေးမြို့။ တစ်သောင်းကျပ်

၆၂။ ဦးမောင်မောင်အေး + ဒေါ်တင်မြင့်၊
အမှတ်(၄)၊ မြို့မရပ်၊ သာစည်မြို့။ တစ်သောင်းကျပ်

၆၃။ ဦးမောင်မောင်လွင်၊ ဦးမြင့်ဇိုး + ဒေါ်စောမွန်လှ၊
ပညာလွင်ဆော်ဒါ၊ ရေနံချောင်းမြို့။ တစ်သောင်းကျပ်

http://www.dhammadownload.com

၆၄။ ဒေါက်တာမျိုးသန့် + ဒေါ်ခိုင်ခိုင်မော်၊
    သမီး - မြကေသီသန့်၊ သာစည်မြို့။ တစ်သောင်းကျပ်
၆၅။ ဗိုလ်ကြီးမြင့်ဇော် + ဒေါ်ဦးသန်းမေ၊ ရန်ကုန်။ တစ်သောင်းကျပ်
၆၆။ ဦးမြင့်သန်း + ဒေါက်တာတင်တင်လတ်၊ ရန်ကင်း၊ ရန်ကုန်။ တစ်သောင်းကျပ်
၆၇။ ဒေါ်အေးအေးခိုင် မိသားစု၊ ဝိဇ္ဇာလက်၊ မင်္ဂလာဒုံ။ တစ်သောင်းကျပ်
၆၈။ ဦးဘအောင် + ဒေါ်အေးရှင် မိသားစု၊
    ကျောက်မြောင်း၊ ရန်ကုန်။ တစ်သောင်းကျပ်
၆၉။ ဦးသန်းနွယ် + ဒေါ်လွင်လွင်သန်း၊ မိသားစု၊
    မြို့မရပ်၊ သာစည်မြို့။ တစ်သောင်းကျပ်
၇၀။ ဒေါ်မာမာတင့် မိသားစု၊ အထက်တန်းပြ
    အ•ထ•က (၁)၊ သာစည်မြို့။ တစ်သောင်းကျပ်
၇၁။ ဦးသိန်းမြင့် + ဒေါ်ချို မိသားစု၊ MICCL အမှတ်(၁)၊
    ကြေးနီသတ္တုတွင်း၊ မုံရွာမြို့။ တစ်သောင်းကျပ်
၇၂။ ဦးအောင်သိန်း နှင့် Technical Trainning ဝန်ထမ်းများ MICCL
    အမှတ်(၁)၊ ကြေးနီသတ္တုတွင်း၊ မုံရွာမြို့။ တစ်သောင်းကျပ်
၇၃။ ယွန်းမှုမှုအိမ် (အ• ထ• က - ၃)၊ မြစ်ကြီးနားမြို့။ တစ်သောင်းကျပ်
၇၄။ နန့်အိုချစ်ရာ၊ မြောင်းမြမြို့။ တစ်သောင်းကျပ်
၇၅။ ဦးစိန်မင်း + ဒေါ်ခင်မမ၊ သား ဦးကျော်ကျော်နိုင် + သမီး မသီသီအောင်
    သား ကိုသက်ခွေ၊ သားငယ် ကိုရဲမင်းလှိုင် မိသားစုသန်လျင်မြို့။ တစ်သောင်းကျပ်
၇၆။ ဆရာအောင်ကျော်စံ (ခေတ္တဘင်္ဂလားဒေ့ရှ်) ဒေါ်လာ - ၁၀၀
၇၇။ ဦးအောင်ကျော်ညွှန့် + ဒေါ်မူမူ မိသားစု
    (ခေတ္တ - အမေရိကန်)။ ဒေါ်လာ - ၁၀၀
၇၈။ THIKE - SAN (ခေတ္တ - ဂျပန်) ဒေါ်လာ - ၅၀
၇၉။ ဦးဘုန်းမြင့် + ဒေါ်ခင်သန်းမေ၊
    အမှတ်- ၁၀၀၊ မြို့မရပ်၊ ကာမိုင်းမြို့။ ယွမ် - ၅၀၀
၈၀။ ဦးအောင်ကျော်စံ (ခေတ္တ - တရုတ်ပြည်) ယွမ် - ၂၀၀
၈၁။ ဦးဝေယျ၊ ပြည်နယ်ဥပဒေအရာရှိ၊ မြစ်ကြီးနားမြို့။ FEC - ၂၀